
www.burmeseclassic.com

အောင်မြင်စာပေ


# ပင်းသိမ်း

## ဆရာသခင်နှင့်နှစ်ပေါင်းများစွာ

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြု

နှာဖုံးခွင့်ပြုချက်အမှတ်
၂၀၀၃၂၅၀၃၀၇

ထုတ်
ဦး
(၇) သီဟဘလမ်း
ကော်မြောင်း၊ ရန်ကုန်မြို့

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ဦးအောင်မြင့်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်းသွယ်(၁)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေးလမ်း၊
ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့

ပထမအကြိမ်
၂၀၀၇ ခုနှစ်၊
(မေလ) အုပ်ရေ(၅၀၀)
တန်ဖိုး(၂၀၀)ကျပ်








www.burmeseclassic.com

www.burmeseclassic.com







idea minn oo and art u nori







(၁)

# မင်းသိခ်နှင့် တောင်တွေ့ဆုံခြင်း


ကျွန်ုပ်သည် (၁၀)တန်းအောင်ပြီးနောက် ဗိုလ်လောင်းသင်တန်းသို့ တက်ရောက်ရန်အတွက် အားထုတ်ခဲ့သေး၏။ သို့ရာတွင် ထိုကာလအတွင်း ငှက်ဖျားရောဂါ ထလာသဖြင့် ဆေးရုံတက် လိုက်ရသောကြောင့် ကျွန်ုပ်၏အကြံအစည်ကို လက်လျှော့လိုက်ရလေ၏။ ဆေးရုံမှဆင်းပြီးသောအခါ၌လည်း ကျွန်ုပ်၏စိတ်သည် ကောင်းစွာမမှန်တော့ဘဲ ဖောက်ပြန်နေသောကြောင့် ကျွန်ုပ်၏ အစ်မကြီးက ကျွန်ုပ်အား စိတ္တဇဆေးရုံသို့ ပို့ခဲ့လေ၏။

ထိုနေရာတွင် (၃)နှစ်ခန့် ဆေးကုသခံပြီးနောက် အိမ်သို့ ပြန်ခွင့်ရခဲ့လေ၏။ အိမ်သို့ရောက်သောအခါ အစ်မ



www.burmeseclassic.com

www.burmeseclassic.com







ကြီးက. . .

"ကဲ ငါ့မောင် ညာကလိရေ . . .၊ အိမ်ကိုတော့ ပြန်ရောက်လာပြီ၊ ဘာလုပ်မယ်မျှား စိတ်ကူးထားသလဲ" ဟု တည့်တိုးကြီး မေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . .

"အစ်မကလည်းဗျာ ကျွန်တော်က ဘာမှမှမလုပ်တတ်ဘဲ၊ ဘာလုပ်စရာရှိမလဲ၊ 'စားပြီးအိပ်နေ ဘိက္ခုဝေ၊ သေရင်ပတ်လတ် နတ်ပြည်တက်'ပေါ့ . . ." ဟု ပြောလိုက်ရာ အစ်မကြီးက. . .

"ဟဲ့ ညာကလိ၊ ငါ့ကို ရှုးကြောင်ကြောင်စကားတွေလာပြီး ပြောမနေနဲ့ . . ." ဟု မာန်လိုက်လေ၏။

"ရှုးကြောင်ကြောင်စကားပြောရမှာပေါ့ အစ်မကြီးရဲ့၊ အစ်မကြီးပဲ ကျွန်တော့်ကို အရူးဆိုပြီး စိတ္တဇဆေးရုံပို့ခဲ့တယ်မဟုတ်လား . . ." ဟု ကျွန်ုပ်က ပြန်၍ပြောလျှင် အစ်မကြီးသည် တစ်စုံတရာ မပြောနိုင်တော့ဘဲ. . .

"အိုး . . . ဂေါ်ဒ်" ဟု ရေရွတ်လိုက်လေ၏။

ထို့နောက် အစ်မကြီးက. . .

"ဟဲ့ ညာကလိ၊ နင် ဗေဒင်လက္ခဏာတွေဘာတွေ ဝါသနာ ပါသလား" ဟု မေးရာ ကျွန်ုပ်က. . .

"ကျွန်တော် အခု အသက် ၄၀ ရှိပြီ၊ ဗေဒင်လက္ခဏာ





မေးဖူးတယ်လို့ကို မမှတ်မိပါဘူး" ဟု ပြန်၍ဖြေလျှင် အစ်မကြီးက. . .

"အဲဒီပညာကိုရော နင် ယုံသလား" ဟု မေးပြန်လေ၏၊

"ဒီမှာ အစ်မကြီး၊ ကျွန်တော် တစ်ခုပြောမယ်၊ ဒီပညာကိုမှ မဟုတ်ဘူး၊ ဘယ်ကိစ္စမှာမဆို ကျွန်တော်ဟာ ယုံတဲ့အထဲလည်း မပါဘူး၊ မယုံတဲ့အထဲလည်း မပါဘူး၊ ယုံမယုံက လွတ်နေတယ်" ဟု ကျွန်ုပ်က ပြောလိုက်လျှင် အစ်မကြီးက. . .

BURMESE CLASSIC .com

"နင့်စကားကို ငါ နားမလည်ဘူး၊ နင်နဲ့ကြာကြာစကားပြောရင် ငါပါကြောင်သွားမယ်. . ." ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"ကြောင်တော့မကြောင်နဲ့ အစ်မရေ . . .၊ ရှုးချင်ရင် အပြတ်သာရှုးပစ်လိုက်၊ ညာကလိဆိုတဲ့လူသားဟာ ကြောင်ကြီးရဲ့မောင်တော့ မဖြစ်ချင်ဘူး၊ မလွဲသာရင် အရူးမကြီးရဲ့မောင်ပဲ ဖြစ် ချင်တယ် . . ." ဟု ပြောလိုက်လျှင် အစ်မကြီးက. . .

"နင်တို့ယောက်ျားတွေက အရူးဖြစ်ရတာ လွယ်တယ်ကွဲ့၊ ငါတို့မိန်းမတွေက အရူးဖြစ်ရတာ အန္တရာယ်သိပ်ပြီးများတာ. . .၊ ဆိုက်ကားဆရာတွေကို ကြောက်ရတယ်တော့် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက် ရာ ကျွန်ုပ်က ဟက်ဟက်ပက်ပက် ရယ်လေ၏

"အစ်မကြီးကလည်း မဟုတ်တာပြောရော့မယ်၊ ဟို တစ်ခါ အရှုမလေးတစ်ယောက်ကို သားမယားပြုကျင့်လိုက်တဲ့ တီစွမှာ ဆိုက်ကားဆရာတွေချည်းပဲမဟုတ်ဘူး၊ သူကြီးတ ပါနေတယ်. . .၊ အစ်မကြီးက သူကြီးကျတော့ မကြောက်ဘူး လား . . ." ဟု ကျွန်ုပ်ကပြောကာ တခစ်ခစ် ရယ်၍နေ လေ၏။

ထိုအခါ အစ်မကြီးက. . .

"ဟဲ့ ညာကလီ၊ စကားအကောင်းပြောမယ် နားထောင် စမ်း၊ သတင်းစာထဲမှာ ကြော်ငြာတစ်ခုတွေ့တယ်၊ အဲဒီ ကြော်ငြာက လက္ခဏာဆရာမင်းသိင်္ခဆိုတဲ့လူက ယောက်ျား ထမင်းချက်တစ်ယောက် အလိုရှိတယ်တဲ့၊ အဲဒီထမင်းချက်တို့ လခဘယ်ရွေ့ဘယ်မျှ ပေးမယ်ဆိုတာလည်း ဖော်ပြထားတယ် ပြီးတော့ အိမ်မပြန်ရဘူးတဲ့၊ တစ်လမှ တစ်ခေါက်တည်း ပြန်ခွင့် ပေးမယ်တဲ့. . .

ဗမာအစားအစာတင်မကဘူး ကုလားအစားအစာ ချက်ပြုတ်တတ်တဲ့လူကို ဦးစားပေးမယ်တဲ့၊ နင် သူ့ဆီမှာ အလုပ် လျှောက်ပြီး အလုပ်ဝင်လုပ်ပါလား. . ." ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"အစ်မရယ်. . . ဒီလိုသတင်းစာက ကြေညာပြီး



ခေါ်တယ် ဆိုရင်တော့ လျှောက်လွှာတွေတစ်ထပ်ကြီး ရောက် နေရောပေါ့၊ ရဖို့ လွယ်မယ်မထင်ပါဘူး" ဟု ပြောလိုက်ရာ အစ်မကြီးက. . .

"အဲဒီဆရာမင်းသိင်္ခဆိုတာနဲ့ ငါနဲ့ ရင်းနှီးတယ်ဟဲ့ . . . ငါ ဝင်ပြီးပြောပေးရင် ရမှာပါ၊ ဒီဆရာက အတော်တော်တယ် ကွဲ့" ဟု ပြောလိုက်လျှင် ကျွန်ုပ်က. . .

"ကျွန်တော်တွေ့ဖူးတဲ့ လက္ခဏာဆရာတွေဟာ အဝတ် အစားကို ဖိုသီဖတ်သီနဲ့၊ ကွမ်းတွေဗရပျစ်ဝါးလို့ ဟောတာ ကလည်း ကပေါက်တိ ကပေါက်ချာတွေပဲ တွေ့ဖူးပါတယ်၊ တချို့လည်း ဆိုင်တွေဘာတွေတောင် မရှိဘူး၊ သစ်ပင်အောက် မှာထိုင်ပြီး ဟောနေကြတာ. . .၊ လူက သစ်ပင်အောက်မှာ ထိုင်ပြီး ဟောနေရပေမဲ့ သူတို့ပြောတဲ့စကားတွေက အလွန်ပဲ ကြီးကျယ်တတ်တယ်၊ တစ်ဖက်သား ယုံတာ မယုံတာအပထား၊ စွတ်ပြီးပြောတော့တာပဲ. . .

တစ်ခါကများဆိုရင် လကမ္ဘာကိုတက်ဖို့လူဟာ အာကာ သယာဉ်လွှတ်ဖို့ ကိစ္စအတွက် 'နာဆာ'အာကာသစခန်းက အခါ ကောင်း၊ နာရီကောင်းတွက်ပေးဖို့ လာပြီးပြောလို့ တွက်ပေး နေရတယ်လို့ပြောတဲ့ လက္ခဏာဆရာတောင် တွေ့ဖူးပါတယ်၊ နောက်တစ်ယောက်ကလည်း အဲလီဇဘက်ဘုရင်မက သူ့ရဲ့ အနာဂတ်ကံကြမ္မာကို သိချင်လို့ လက်ဝါးပုံနှိပ်ပြီး ပို့လိုက်တာကို



www.burmeseclassic.com

www.burmeseclassic.com





တွက်ပြီးပေးရဦးမယ်တဲ့ . . . ” ဟု ပြောလိုက်ရာ အစ်မကြီး က. . .

“ဟဲ့ နင်ပြောတဲ့ ဆရာတွေလို ခပ်ကြောင်ကြောင်ဆရာမျိုးမဟုတ်ဘူးဟဲ့၊ ဆရာမင်းသိခ်က သူပြောတဲ့စကားကို သူတာဝန်ယူတယ်၊ သူစကားပြောတဲ့ ပြောဟန်ဆိုဟန်ကလည်း သူများနဲ့မတူဘူးဟဲ့ . . .၊ စကားပြောကောင်းတဲ့အပြင် အသံကလည်း ဩဇာဓာတ်ပါတယ်ဟဲ့၊ အထူးသဖြင့်ကတော့ သူ့ရဲ့မျက်လုံးပဲ၊ သူ့ရဲ့မျက်လုံးနဲ့ အကြည့်ခံရတဲ့အခါ သူ့ရဲ့အကြည့်ဟာ နောက်စေ့ကိုတောင် ဖောက်သွားတယ်လို့ ထင်ရတယ်ဟဲ့ . . .

ပြီးတော့ ဥပဓိရုပ်ကလည်း ခန့်ညားတယ်၊ အထူးသဖြင့်ကတော့ နက်မှောင်ပြီး အချိုးကျတဲ့ သူ့ရဲ့နှုတ်ခမ်းမွှေးပဲ” ဟုပြောလိုက်လျှင် ကျွန်ုပ်က. . .

“အခု အစ်မကြီးပြောတာတွေဟာ ဆရာမင်းသိခ်ရဲ့ ပညာတွေမဟုတ်ဘူး၊ ဆရာမင်းသိခ်ကို ချီးမွမ်းနေတာ . . . မဟုတ်မှလွဲရော အစ်မကြီး သူ့ကို ခိုက်လာပြီထင်တယ်” ဟု ပြောလိုက်လျှင် အစ်မကြီးက. . .

“နင်စွပ်စွဲမယ်ဆိုရင်လည်း စွပ်စွဲစရာပါပဲ၊ ခိုက်လောက်တဲ့ လူပဲဟာ . . .၊ ဒါပေမဲ့ သူက မိန်းမကိစ္စကင်းရှင်းတယ်၊ အရက် သေစာကင်းရှင်းတယ်၊ လောင်းကစား



BURMESE CLASSIC .com





ကင်းရှင်းတယ်” ဟု ပြော လိုက်လျှင် ကျွန်ုပ်က. . .

“ဒီလိုဆိုလည်း သူ့လည်ပင်းမှာ စာဆွဲထားဖို့ကောင်းတယ် အစ်မရေ . . . ‘မူးယစ်ကင်းစင်ဖို့’၊ ‘အပျော်အပါးကင်းစင်ဖို့’ ၊ ‘လောင်းကစားကင်းစင်ဖို့’ . . .”ဟု ပြောလိုက်လျှင် အစ်မကြီးသည် ရယ်လေ၏။

ထို့နောက် သူသည် ကျွန်ုပ်အား သူ၏ကားဖြင့်တင်ကာ လက္ခဏာဆရာ မင်းသိခ်ဆိုသည့်သူထံသို့ ခေါ်သွားလေတော့၏။

ဆရာမင်းသိခ်နှင့်တွေ့လျှင် ဆရာမင်းသိခ်က ကျွန်ုပ်၏ အစ်မကြီးအား -

“မောနင်း ဒေါ်လီရေ . . . မတွေ့တာတောင် တစ်နှစ်နဲ့ သုံးလကျော်ပြီကွဲ့ နောက်ဆုံးတွေ့ခဲ့တာ မေပြီလလေ၊ အခု ဇူလိုင် လရောက်နေပြီဆိုတော့ တစ်နှစ်သုံးလကျော်ခဲ့ပြီပေါ့. . .” ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်၏အစ်မကြီး မဒေါ်လီက. . .

“ကြာပြီဆိုတာတော့ သိပါတယ် ဆရာရယ်၊ ဆရာလိုတော့ ဘယ်လောက်ကြာပြီဆိုတာတော့ အတိအကျ မပြောနိုင်ပါဘူး” ဟု ပြန်၍ဖြေလေ၏။

ထို့နောက်. . .

“ကဲ လာရင်းကိစ္စ ဆိုစမ်းပါဦး . . .” ဟု ဆရာမင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com





က မေးလေ၏။

ထိုအခါ ကျွန်ုပ်၏အစ်မကြီးက. . .

"ဆရာ သတင်းစာမှာကြော်ငြာတဲ့ ထမင်းချက်တစ်ယောက် အလိုရှိသည်ဆိုတဲ့ ကြော်ငြာကိုတွေ့လို့ လာခဲ့တာပဲ၊ ဟောဒါက ဒေါ်လီ့ရဲ့မောင်အရင်းပါ၊ သူ့နာမည်က ညာကလိတဲ့၊ ဗမာစာရော ကုလားစာပါ ချက်တတ်ပါတယ်" ဟု ပြောလိုက်လျှင် ဆရာမင်းသိမ်က ကျွန်ုပ်ဘက်သို့လှည့်ကာ. . .

"မောင်ညာကလိရေ . . . အရင်က ဘာအလုပ်တွေများ လုပ်ခဲ့ဖူးပါသလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . .

"ကျွန်တော် တကယ်လုပ်ဖူးတဲ့အလုပ်က အရူးလုပ်ဖူးပါတယ်၊ ငှက်ဖျားရောဂါသည် လုပ်ဖူးပါတယ်" ဟု ဖြေလိုက်လျှင် ရင်းက. . .

"ငှက်ဖျားရောဂါသည် လုပ်ဖူးတာက အရေးမကြီးဘူး၊ အရူးလုပ်ဖူးတယ်ဆိုတာကတော့ မေးရဦးမယ်၊ အခုရော အရူးရောဂါ ပျောက်ပြီလား . . ." ဟု မေးလိုက်ရာ ကျွန်ုပ်က. . .

"ဒီအတိုင်းနေရင်တော့ ရောဂါက ပျောက်သလိုလိုပါပဲ၊ တစ်ယောက်ယောက်က စိတ်ညစ်အောင်လုပ်လိုက်ရင်တော့ ရောဂါ က ပြန်ပြီးထတယ် ဆရာရေ့ . . ." ဟု ပြောလိုက်လျှင် ဆရာ မင်းသိမ်၏မျက်ခုံးမွေးနှစ်ခုသည် အတွင်းဘက်သို့







ဖတ်ခနဲ စုရှုံ့ သွားလေ၏။ ထို့နောက် ကျွန်ုပ်၏အစ်မကြီးဘက်သို့လှည့်ကာ. . .

"မဒေါ်လီရေ . . .၊ ခင်ဗျားမောင် ညာကလိ အရူးထလာပြီး ဟင်းအိုးထဲမှာ ပိုးသတ်ဆေးခတ်လိုက်ရင် ဘယ့်နှယ့်လုပ်မလဲ" ဟု မေးလိုက်ရာ ကျွန်ုပ်၏အစ်မကြီး မဒေါ်လီက. . .

"ဆရာက လက္ခဏာဆရာပဲ၊ ဆရာ့လက္ခဏာမှာ အဆိပ်မိဖို့ အမှတ်အသား ပါမပါ စစ်ဆေးပြီးမှ ညာကလိကို အလုပ်ခန့်ပေါ့ . . ." ဟု ပြောလိုက်လျှင် ဆရာမင်းသိမ်က သူ၏ညာဘက် လက်ရှိ လက်သန်းပေါ်မှ မှဲ့နက်ကလေး တစ်လုံးကို ပြရင်း. . .

"မဒေါ်လီရေ . . .၊ ဟောဒီမှဲ့ကလေးဟာ သူတစ်ပါး လက်ချက်နဲ့ အဆိပ်မိတတ်တဲ့ အမှတ်အသားပဲဗျာ၊ ဒါပေမဲ့ အသက်လမ်းကြောင်းက အပြတ်အတောက်မရှိဘဲ ရှည်လေတော့ အဆိပ်မိပေမိသော်ငြားလည်း မသေနိုင်ဘူးပေါ့ဗျာ . . . အဲဒီတော့ ညာကလိကို ခန့်မယ်ဗျာ . . . ဘာကြောင့်ခန့်သလဲဆိုတော့ ရိုးသားတဲ့အချက်ကို တွေ့လို့ခန့်တာ . . ." ဟု ပြောပြီးလျှင် ကျွန်ုပ်အား သူ၏ထမင်းချက်အဖြစ် ခန့်လိုက်လေတော့သတည်း။ ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com









## (၂)

## ဆရာမင်းသိခ်ချက်သော ချစ်ကင်းကာရီကို စားရခြင်း

ကျွန်ုပ်သည် ဆရာမင်းသိခ်၏အိမ်သို့ရောက်ပြီး မိနစ်အနည်းငယ်အတွင်းမှာပင် ၎င်းက ကျွန်ုပ်အား ဈေးဝယ်ရန် ဈေးသို့လွှတ်လိုက်လေ၏။ ဈေးမှပြန်ရောက်လာသောအခါ ဈေးခြင်းတောင်းကို ၎င်း၏ရှေ့တွင် ချခိုင်းပြီးလျှင် ခြင်းတောင်းအတွင်းမှ ကျွန်ုပ်ဝယ်လာသော (၆၀)သားခန့်ရှိသည့် ကြက်ကိုထုတ်၍ ကျွန်ုပ် ရှေ့၌မှာပင် စဉ်းတီတုံး၌ ခုတ်ထစ်လေ၏။

ယိုသို့ခုတ်ထစ်ရင်း ၎င်းက ကြက်၏ခေါင်းကို ကိုင်၍ ပြကာ. . .



www.burmeseclassic.com

www.burmeseclassic.com





"ညာကလိရေ . . .၊ ဟောဒီကြက်ကို ကြက်သားဟင်း ချက်မှာကွ၊ အဲဒီဟင်းအိုးထဲမှာ ခတ်ရမယ့်ဆားပမာဏက ဟောဒီ ကြက်ခေါင်းအရွယ်ဟာ အတော်ပဲကွ . . .၊ အဲဒါမြဲမြဲ မှတ်ထားပေတော့ . . .၊ ပြီးတော့ ကြက်သားဝယ်တဲ့အခါမှာ ခြေထောက်ကို ကြည့်ရတယ်ကွ . . .၊ ခြေထောက်က အကွက်ကျဲရင် ကြက်ဟာ အသက်ကြီးပြီကွ . . .၊ အကွက်စိပ်ရင် အသက်ငယ်တယ်၊ အရိုး နုတယ်ပေါ့ကွာ . . ." ဟု ဆိုကာ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ချင်းတို့ကို ထောင်း၍ ဟင်းအိုး ဆီသတ်ပြီးနောက် ကြက်သားကို ချက်လေတော့၏။

ထိုသို့ချက်ရင်း ဆရာမင်းသိခ်က. . .

"ညာကလိရေ . . .၊ ငါတို့က ကြက်သားချက်တဲ့အခါ ကြက်သားဟင်းလို့ လွယ်လွယ်ကလေးပြောလိုက်တယ်ကွ၊ မျက်နှာဖြူတွေကတော့ ဒီလိုမဟုတ်ဘူးဟေ့ . . .၊ ၆၀ သားထက် မကြီးတဲ့ ကြက်ကိုချက်ရင် ကြက်ကလေးဟင်း 'ချစ်ကင်းကာရီ'လို့ ပြောတယ်ကွ. . .

အဲဒါက ပေါင်မုန့်ဖြစ်စေ၊ နံပြားဖြစ်စေနဲ့ စားဖို့ချက်တာ၊ ၆၀ သားထက်ကြီးတဲ့အကောင်ကို ချက်ရင်တော့ ကြက်သားဟင်း ဖောင်း(လ်)ကာရီပေါ့ကွာ . . .၊ ဒါက မနက်စာဖြစ်စေ၊ ညစာဖြစ်စေမှာ စားတယ်ကွ၊ အခု ငါချက်တာက ချစ်ကင်းကာရီကွ . . .၊ အနှစ်များများရအောင် ချက်ရတယ်" ဟု ဆိုကာ







ရာမင်းသိခ်သည် ချစ်ကင်းကာရီကို ချက်ပြုတ်လေ၏။ ကျက်သောအခါ၌ ပန်းကန်နှစ်ခုတွင် ထည့်၍ ပန်းကန်တစ်ခုကို ျွန်ုပ်အား နံပြားတစ်ချပ်နှင့်အတူ ပေးလေ၏။ ၎င်းက တစ်ခုနှင့် ားလေ၏။

ထို့ကြောင့် ကျွန်ုပ်က. . .

"ဆရာက ကျွန်တော့်ကို ထမင်းချက်ငှားတာမဟုတ်ဘူးလား၊ ကျွန်တော် ချက်ရမယ်မဟုတ်လား . . ." ဟု မေးလိုက်ရာ ၎င်းက. . .

"မင်းချက်ရမှာပါ၊ အခု ငါက နမူနာချက်ပြတာ . . .၊ ဒီအချိုးအတိုင်း လိုချင်တယ်ပေါ့ကွာ . . ." ဟု ပြောလိုက်ျှင် ကျွန်ုပ်က. . .

"ကျွန်တော် ဟင်းတော့ချက်တတ်ပါတယ်၊ ဆရာ့လို ားကို ဘယ်လောက်သား ထည့်ရမယ်၊ မဆလာကို ဘယ် လာက် ထည့်ရမယ်ဆိုတာတော့ စကေးမရှိဘူး ဆရာ၊ သင့်သ ို ကြည့်လုပ် လိုက်တာပဲ" ဟု ပြောရာ ဆရာမင်းသိခ်သည် ယ်လေ၏။

"မင်းပြောတာမှန်ပါတယ်၊ ဒါပေမဲ့ စကေးနဲ့လုပ်တော့ ပြီးကောင်းတာပေါ့ကွာ . . .၊ ဥပမာဆိုပါတော့ ဒညင်းသီး ို ပြုတ်မယ်ဆိုရင် ရမ်းပြုတ်လို့မဖြစ်ဘူးကွ၊ မိနစ် ၂၀ ပြုတ်ရ ယ်၊ အဲဒီထက်ပိုပြီးပြုတ်လိုက်ရင် ဒညင်းသီးမှာ ညည်းစော်



www.burmeseclassic.com

www.burmeseclassic.com





တွေ နံကုန်ရော . . .၊ အဲဒီထက်လျော့ပြီး ပြုတ်လိုက်ရင်လည်း ဒညင်းသီးဟာ မနပ်တော့ဘူးကွ . . .၊ ကြက်ဥကြော်တာလည်း ဒီလိုပဲကွ . . .၊

၃ မိနစ်ဟာ ကြက်ဥကြော်တာ အကောင်းဆုံးပဲ . . .၊ ဒီ့ထက်ပိုသွားရင် တူးသွားတတ်တယ်၊ ဒီ့ထက်လျော့ရင် တော့ အကျက်မညီတော့ဘူးကွ . . .” ဟု ဆရာမင်းသိခ် ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က. . .

“အဲဒီစကားတွေ ပြောပြထားပါ ဆရာ၊ ကျွန်တော် စကား ဝင်အောင် ချက်ပါ့မယ် . . .” ဟု ပြောပြီးလျှင် ၎င်းချက် သော ချစ်ကင်းကာရီကို မြိန်ယှက်စွာ စားသောက်လိုက် လေတော့သတည်း . . .။







( ၃ )

## သစ္စာဆိုဝံ့ပါတယ်

ကျွန်ုပ်သည် ဆရာမင်းသိခ်ထံသို့ရောက်ကာစတွင် ၎င်း အား ‘ဆရာ’ဟုသာ ခေါ်၏၊ အတန်ကြာသောအခါ ‘ဆရာကြီး’ ဟု ခေါ်မိလေတော့၏၊ သို့ရာတွင် ၎င်းထံသို့ရောက်ရှိ လာကြကုန်သော ၎င်း၏တပည့်များကမူ ‘အဘ’ ဟုသာ ခေါ် ကြကုန်၏၊ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်းတို့နည်းတူ ‘အဘ’ဟု ခေါ်မိရာကအစ နှုတ်ကျိုးသွားလေတော့၏၊

ကျွန်ုပ်သည် အဘနှင့်အတူတကွ အချိန်ကာလကြာမြင့် စွာ နေထိုင်ခဲ့၏၊ ထိုသို့နေထိုင်စဉ်အတွင်း အဘ လက္ခဏာဟော သည်ကို တွေ့ကြုံခဲ့ရဖူး၏၊ ထိုသို့တွေ့ကြုံခဲ့ရသော ဟောကိန်း



www.burmeseclassic.com

www.burmeseclassic.com







များ၊ အဖြစ်အပျက်များကို လိုက်လံရေးသား မှတ်တမ်းတင်ခဲ့မိလေသည်၊ ထိုမှတ်တမ်းများ ပျောက်ပျက်ခြင်း မရှိစေရန် ဖိုင်တွဲများတွင် တွဲ၍ ထားရ၏၊ ထိုဖိုင်တွဲများကိုလည်း ကျွန်းသေတ္တာကြီးတစ်လုံးထဲတွင် ထည့်ကာ သော့ခတ်၍ သိမ်းဆည်းထားမိလေ၏၊

ထိုသို့မှတ်တမ်းတင်ရာတွင် ရုံးသုံးစာကဲ့သို့ ရေးသားခြင်း မပြုဘဲ ဝတ္ထုသွားသဖွယ် ဇာတ်ကွက်၊ ဇာတ်လမ်းနှင့်တကွ ရေးသား မိလေတော့၏၊ ထိုသို့ရေးသားရာတွင် ကျွန်ုပ် ကြည်ညို လေးစားရင်းစွဲရှိသော ကျွန်ုပ် ချစ်ခင်သော 'အဘ'ကို မြှောက်၍ရေးသားခြင်း၊ သူတစ်ပါးက 'လွန်လွန်းပါတယ်ကွာ' ဟု ပြောမည်စိုးသဖြင့် အဖြစ်မှန်ထက်လျှော့၍ ရေးသားခြင်းမျိုးမပြုဘဲ အမှန်အတိုင်း၊ ပကတိအဖြစ်အတိုင်း တိတိကျကျ ရေးသားထားခြင်းကို မည်သူ၏ ရှေ့မှောက်တွင်မဆို သစ္စာဆိုဝံ့ပါသည်၊

အနိယာ ဟောဂျ

**အရှုးညာကာလိ**

…[illegible]…





( ၄ )

# ညာကလိ၏စာမူများထည့်ထားသော ကျွန်းသေတ္တာကြီး

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ထမင်းချက် ညာကလိ ကိုခေါ်ယူ၍. . .

"နေစမ်းပါဦး ညာကလိရဲ့၊ မင်းက ညညဆို မအိပ်ဘဲနဲ့ ဘာတွေရေးနေတာတုံး . . .၊ မနေ့ညကဆို မိုးလင်းကာနီးထိ အိပ်ကိုမအိပ်ဘူး၊ ဘာတွေရေးနေတာလဲကွ . . ." ဟု ကျွန်ုပ်က မေးမြန်းရာ ညာကလိက. . .

"ဝတ္ထုရေးနေတာ အဘ . . ." ဟု ပြန်၍ဖြေသဖြင့် ကျွန်ုပ်လည်း အံ့ဩ၍သွားသောကြောင့်. . .

"ဝတ္ထု . . . ဟုတ်လား . . ." ဟု အလန့်တကြားမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ဥင်းက. . .

"ဟုတ်ပါတယ် အဘ၊ ဝတ္ထုပါ . . ." ဟု ပြန်၍ ဖြေလေ၏။

ထိုအခါ ကျွန်ုပ်က. . .

"မင်းက ဝတ္ထုရေးတတ်လို့လား . . ." ဟု မေးလိုက်မိလေ၏။

"ဝတ္ထုတင်မကဘူး အဘ၊ ဆောင်းပါးလည်း မရေးတတ်ဘူး၊ သတင်းလည်း မရေးတတ်ဘူး၊ ဘာဆိုဘာမှ မရေးတတ်ပါဘူး" ဟု ဥင်းက ပြန်၍ဖြေပြန်၏။

"ဘာမှမရေးတတ်ဘဲနဲ့ ဘယ်လိုလုပ်ရေးမှာတုံး . . ." ဟု ကျွန်ုပ်က ဒေါနှင့်မောနှင့် ပြန်၍မေးလိုက်မိလေ၏။

"ဘာမှမရေးတတ်တော့ အကုန်လုံး ရေးတတ်သလိုပဲပေါ့ အဘရယ် . . .၊ ကျွန်တော်က ဘာမှမှမတတ်ဘဲ၊ အဲဒီတော့ ကိုယ်ရေးချင်တာတွေ လွတ်လွတ်လပ်လပ်ကြီး ရေးချတော့တာပေါ့ ဟဲ ဟဲ . . ." ဟု ဥင်းက ရယ်ကျဲကျဲဖြင့် ပြန်၍ဖြေပြန်၏။

"ဟေ့ကောင် . . .၊ ရသကိုးပါးရှိတယ်ဆိုတာရော သိရဲ့လား . . ." ဟု ကျွန်ုပ်က စိတ်ဆိုးမာန်ဆိုးဖြင့် မေးလိုက်လေ၏။

"ရသဘယ်နှပါးရှိတယ်ဆိုတာ ကျွန်တော် မသိပါဘူး





ဘ၊ သိလည်း မသိချင်ပါဘူး အဘရယ်၊ ကျွန်တော့်ကိုလည်း ပြာမပြပါနဲ့၊ ကျွန်တော် နားမထောင်ချင်ဘူး၊ သူ့ဟာသူ ယ်နှပါး ရှိရှိ ကျွန်တော်နဲ့မဆိုင်ပါဘူး . . ." ဟု ဥင်းက ပြာလျှင် ကျွန်ုပ်သည် ထိန်းမနိုင်သိမ်းမရ အကြီးအကျယ် ါပွသွားလေတော့၏။

"ဝါကျဖွဲ့စည်းဖို့ သဒ္ဒါရော တတ်သလား . . ." ဟု နုပ်က မေးပြန်ရာ ဥင်းက. . .

"သဒ္ဒါလည်း မတတ်ပါဘူး အဘ၊ သဒ္ဒါဆိုတာ ုန်းသတ္တဝါလား၊ ရေသတ္တဝါလား၊ ဖွဲ့နုကျွေးရတာလား၊ တ်ကျွေးရတာလားဆိုတာ ကျွန်တော်မသိပါဘူး အဘ၊ လည်း မသိချင်ပါဘူး အဘ၊ ကျွန်တော့်ကိုလည်း အဲဒါတွေ ဆင်ပါနဲ့ အဘ . . ." ဟု လက်အုပ် ချီ၍တောင်းပန်လေ

"မင်းနှယ်ကွာ . . .၊ ရသဘယ်နှပါးတောင်ရှိမှန်းမသိ၊ ဒ္ဒါလည်း မတတ်ဘဲနဲ့ ဝတ္ထုရေးမယ်လို့ကွာ အံ့ရော . . ." ု ကျွန်ုပ်က ပြောလိုက်ရာ ဉာဏလိက တခစ်ခစ် ရယ်လေ

"အဘတို့က အဲဒါတွေတတ်တယ်၊ ဘာနဲ့တူသလဲ ဆိုတော့ လိုင်စင်ရှိပြီး ကားမောင်းတဲ့လူနဲ့တူတယ်၊ ကျွန်တော်က လိုင်စင်မရှိဘဲ ကားမောင်းတဲ့လူနဲ့တူတယ်၊ ကားကတော့ ဘယ်



www.burmeseclassic.com



www.burmeseclassic.com





သူပဲမောင်းမောင်း ထွက်မှာပါပဲ အဘ၊ လိုင်စင်မရှိတဲ့အတွင်း ယာဉ်ထိန်းရဲက ဖမ်းချင်ဖမ်းလိမ့်မပေါ့၊ အဲဒါလည်း ကိစ္စမရှိပါဘူး မောင်းရဖို့အဓိက ပဲမဟုတ်လား . . .” ဟု စပ်ဖြီးဖြီးဖြင့် ပြန်၍ဖြေပြန်၏၊ ကျွန်ုပ်သည် ယမ်းပုံမီးကျ ဖြစ်၍သွားလေတော့၏၊

“မင်းတော့ကွာ . . .၊ ငါ ထပြီးရိုက်မိလိမ့်မယ်” ဟု ကျွန်ုပ်က ပြောလိုက်ရာ ညာကလိက. . .

“ရိုက်ချင်လည်း ရိုက်ပါ အဘ၊ ညာကလိကတော့ ရေးနေမှာပဲ၊ ဇာတ်လမ်းအဖြစ်အပျက်တွေလည်း ကျွန်တော့် အနေနဲ့ စဉ်းစားပြီးသားပါ . . .၊ စုစုပေါင်း (၇)မျိုးလောက်ပဲ ရှိပါတယ် အဘ၊

(၁) တည်ဆောက်တဲ့ဇာတ်လမ်း၊

(၂) လှုပ်ရှားတဲ့ဇာတ်လမ်း၊

(၃) စိတ်တိုရတဲ့ဇာတ်လမ်း၊

(၄) အမှားတွေ့တဲ့ဇာတ်လမ်း၊

(၅) ချမ်းသာပျော်ရွှင်တဲ့ဇာတ်လမ်း၊

(၆) ခေတ္တအပန်းဖြေအနားယူတဲ့ဇာတ်လမ်း၊

(၇) အပြီးအပြတ်ရပ်နားသွားတဲ့ဇာတ်လမ်း ရယ်လို့ (၇) မျိုးလောက်ပဲ ရှိပါတယ် အဘ၊

ဆေးရုံရောက်သွားတယ်ဆိုရင် နံပါတ်(၆) ခေတ္တ





အပန်း ဖြေအနားယူတဲ့ အမျိုးအစားထဲမှာ ပါပါတယ် အဘ၊ သေဆုံးသွား တယ်ဆိုပါတော့ . . .၊ အဲဒါကတော့ နံပါတ် (၇) အပြီးအပြတ်ရပ် နားသွားတဲ့ ဇာတ်လမ်းအမျိုးအစားထဲမှာ ပါပါတယ် အဘ” ဟု ညာကလိက ပြောလေ၏၊

“အောင်မာ . . . မင်းက လူတတ်ကြီးလုပ်ပြီး ဒါတွေ လျှောက်ပြီးထွင်ထားတယ်ပေါ့ . . .၊ လူရယ်စရာကွာ . . .” ဟု ကျွန်ုပ်က ကဲ့ရဲ့လိုက်ရာ ညာကလိက. . .

“အဘတို့လို စနစ်တကျ မတတ်တော့လည်း ဒီလိုလုပ် ထားရတာပေါ့ . . .၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဆက်ပြီး ရေးမှာပဲ . . .” ဟု ရင်ကိုကော့၍ ပြောလေ၏၊

“နေစမ်းပါဦး ညာကလိရဲ့ . . .၊ မင်းပြောချင်တဲ့ အကြောင်းအရာကို ဝါကျဘယ်လိုစီမလဲ” ဟု ကျွန်ုပ်က မေးလိုက်ရာ. . .

“ဒါက လွယ်ပါတယ် အဘ၊ ကျွန်တော်က စာသာ မရေး တတ်တာ စကားတော့ ပြောတတ်သားပဲ၊ အဲဒီတော့ ကျွန်တော် ပြောချင်တဲ့အကြောင်းအရာကို ပါးစပ်နဲ့အရင်ပြောကြည့်မယ်၊ ပြောကြည့်လို့ အဆင်ပြေတာကို စာနဲ့ကုန်းပြီးရေးလိုက်မယ် . . .” ဟု ပြောပြန်လေ၏၊

“ဝိဘတ်တွေ၊ သမ္ဗန္ဓတွေ ဘယ်လိုထားသိုရမယ်ဆိုတာ မသိဘဲနဲ့ ရေးလို့ရသလားကွာ . . .” ဟု ကျွန်ုပ်က မေးပြန်



www.burmeseclassic.com

www.burmeseclassic.com





ရာ. . .

"အဲဒါတွေမသိလို့ကို ရေးဖြစ်တာ၊ ရေးရဲတာ အဘရေ၊ အဲဒါတွေများသိရင် တစ်ကြောင်းရေးလိုက် အမှားအမှန်သဒ္ဒါနဲ့ စစ်လိုက်နဲ့ ဝတ္ထုကိုဖြစ်မှာမဟုတ်ဘူး အဘရေ . . .၊ ဖျက်ရာတွေချည်း ဖြစ်နေမှာ . . ." ဟု ပြောလေ၏။

"လုပ်ပေါ့ကွာ . . .၊ တားလို့မှမရဘဲ ရေးပါ ကိုညာတလိရယ် . . . ရေးပါ . . ." ဟု ကျွန်ုပ်က ပြောလိုက်လျှင် ညာကလိက ပြုံးလေ၏။

"အဘက ကျွန်တော့်ကို အားပေးတယ် ဟုတ်လား" ဟု ပြန်၍မေးလေ၏။

"အားပေးတာမဟုတ်ဘူးဟေ့ . . .၊ ငေါ့ပြီးပြောတာ" ဟု ကျွန်ုပ်က အော်လိုက်ရလေ၏။

"ကျွန်တော် ရေးမှာကလည်း တခြားဟာမဟုတ်ပါဘူး၊ အဘဆီကို လက္ခဏာလာမေးတဲ့အခါ အဘဟောလိုက်တာတွေ၊ အဟောခံရတဲ့လူတွေရဲ့ အဖြစ်အပျက်တွေကို ဝတ္ထုလိုလုပ်ပြီး ရေးမှာပါ . . ." ဟု ညာကလိက ပြောပြန်လေ၏။

"ကောင်းကွာ . . .၊ ငါတော့ ဒုက္ခရောက်တော့မှာပဲ" ဟု ကျွန်ုပ်လည်း ညည်းညူလိုက်မိလေ၏။

ထို့နောက်တွင်ကား ညာကလိသည် ညစဉ်ညတိုင်း







မအိပ်မနေ ဝတ္ထုများရေးနေသည်ကို တွေ့ရလေ၏။

နှစ်အတန်ကြာလာသောအခါ မိန်းကလေး တစ်ယောက်ကို စော်ကားမော်ကား ပြုလုပ်သော လူနှစ်ယောက်နှင့် ညာကလိသည် ရန်ဖြစ်လေတော့၏။ ညာကလိက မိန်းကလေးကို ကာကွယ်ပေးခြင်းဖြစ်၏။ သို့ရာတွင် ထိုရန်ပွဲ၌ ညာကလိ၏ လက်ချက်ဖြင့် တစ်ယောက်သောသူ သေဆုံးသွား၏။ ညာကလိလည်း နေရင်းထိုင်ရင်း ဝရမ်းပြေးဘဝသို့ ရောက်သွားလေတော့၏။

ညာကလိမရှိတော့သောအခါ ကျွန်ုပ်သည် တပည့်ဖြစ်သူ ပေတလူနှင့်အတူ ညာကလိ၏ ကျွန်းသေတ္တာကြီးမှ သော့ကိုဖျက်၍ ဖွင့်လိုက်ရာ အတွင်း၌ ကျွန်းသေတ္တာကြီး တစ်လုံးအပြည့် ဖိုင်တွဲများကို တွေ့ရလေ၏။ ထိုဖိုင်တွဲများကို ဖတ်ကြည့်ရာ ကျွန်ုပ်ကို ဇာတ်လိုက်အရာထား၍ ညာကလိ ရေးထားသော ဝတ္ထုများကို ဖတ်ရလေတော့၏။

ရေးပုံရေးဟန် ရှင်းလင်းခြင်း၊ ဇာတ်ကွက်ဇာတ်လမ်း ပိရိ သေသပ်ခြင်းတို့ကြောင့် ညာကလိရေးခဲ့သော ဝတ္ထုလက်ရေးမူများသည် ကျွန်ုပ်အား တစ်လတိတိ ဖမ်းစားထားလေ၏။

ကျွန်ုပ်သည် မည်သည့်အလုပ်ကိုမျှမလုပ်ဘဲ ထိုလ တစ်လလုံး ညာကလိ၏ဝတ္ထုများကို ဖတ်ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့ရ၏။ ကျွန်ုပ်သည် ထိုဝတ္ထုများအား တစ်လုံး



www.burmeseclassic.com



www.burmeseclassic.com





တစ်ပါဒ ပြင်ဆင်ခြင်း မပြု၊ ဖြည့်စွက်ခြင်း မပြုဘဲ ပုံနှိပ်ဖြန့်ဝေရန် စာအုပ်ထုတ်ဝေသူအား ပေးလိုက်လေတော့၏။ ထို့ကြောင့် ယခုဖတ်ရမည့်

**'ဆရာသခင်နှင့် နှစ်ပေါင်းများစွာ'** ဆိုသော လက္ကဏာဝတ္ထုများမှာ ကျွန်ုပ်ရေးသားသည် မဟုတ်ဘဲ ဟင်းချက်အလွန်ကောင်းသော ကျွန်ုပ်၏ ထမင်းချက်ညာကလိ၏ လက်ရာများသာ ဖြစ်ကြောင်း ဝန်ခံအပ်ပေသတည်း။ ။

**(စာရေးသူ)**





## (၅)

# ကျွန်ုပ်သိသမျှ အဘအကြောင်း

ကျွန်ုပ်သည် အဘ၏အိမ်သို့ရောက်သည့်နေ့မှစ၍ အဘ၏ လှုပ်ရှားမှုကို မျက်လုံးဒေါက်ထောက်၍ ကြည့်ခွင့်ရလေတော့၏၊ သို့မဟုတ် လေ့လာခွင့်ရလေတော့၏။ အဘသည် အိပ်ရာမှ ည (၂)ချက်ထိုးတွင် ထတတ်၏။ အိပ်ရာမှထ၍ မျက်စိနှစ်လုံးပွင့်သည် နှင့်တစ်ပြိုင်နက် မန္တန်တစ်ပုဒ်ကို လေးလေးနက်နက် ရွတ်လေ၏။ အဘရွတ်သော မန္တန်မှာ အောက်ပါအတိုင်းဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com







ဂတေ ဂတေ ပါရဂတေ
ပါရသံဂတေ ဗောဓိဆွာဟ


ကျွန်ုပ်သည် ထိုဂါထာ၏အဓိပ္ပါယ်ကို မေးရာ အဘ က. . .

**"တစ်ဖက်ကမ်းကို ကူးမြောက်ကုန်ကြပြီ၊ ကူးမြောက်ကုန်ကြပြီ. . .၊ ငါသည်လည်း လိုက်၍ကူးမြောက်ပေအံ့"**

ဟုသာ အကြမ်းဖျဉ်းပြောပြလေ၏။ ထို့နောက်တွင်ကား အဘသည် တရားမှတ်သည်လည်းမဟုတ်၊ မန္တန်ရွတ်သည်လည်း မဟုတ်ဘဲ ငြိမ်ငြိမ်ကလေး ထိုင်ရုံသက်သက်ဖြင့် ထိုင်နေတတ်၏။ ထိုသို့ မိနစ်၉၀ခန့် ထိုင်ပြီးနောက်မှ မေတ္တာပို့လေတော့၏။ အဘပို့သလေ့ ရှိသော မေတ္တာပို့မှာ တစ်ဖက်ပါဇယားအတိုင်း ဖြစ်၏။

❖ ❖ ❖






အဘသည် ပုတီးစိပ်လေ့ရှိ၏။ ပုတီးတစ်ကုံးမှာ သစ်ကနက်သားဖြင့် ပြုလုပ်၍ အလုံးရေ (၁၀၈) လုံး ရှိ၏။ (၎င်းပုတီးကို တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့တွင် ရုပ်ရှင်မင်းသားကျော်သူအား အမှတ်တရ လက်ဆောင်ပေးလိုက်၏။ ထို့ကြောင့် နောက်ထပ် သစ်ကနက်ပုတီးတစ်ကုံး ထပ်မံပြုလုပ်ထားရ၏။)

www.burmeseclassic.com






www.burmeseclassic.com




အခြားပုတီးတစ်ကုံးမှာ (၂၇)လုံးပုတီးဖြစ်၏၊ ထိုပုတီးမှာ ပုတီးခေါင်းနှင့် ကပ်လျက်အစတွင် ပုတီး ၅ လုံးကို အကြီးလုပ်ထား၏၊ ထိုပုတီး ၅ လုံးမှာ အနန္တောအနန္တငါးပါးကို စိပ်ရန်ဖြစ်၏၊ ထို့နောက် အသေး ၁၉ လုံး ပြုလုပ်ထား၏၊ ထို ၁၉ လုံးမှာ အရဟံတစ်မျိုးတည်း စိပ်ရန်ဖြစ်၏၊ အဆုံးတွင် အလတ် ၃ လုံး ထည့်ထား၏၊ ထို ၃ လုံးမှာ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' စိပ်ရန် ဖြစ်၏၊ ထို ၂၇ လုံးပုတီးကို သုံးမျိုးသုံးစား ပြုလုပ်ထား၏၊



အဘမင်းသိခ်၏ ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည့်
၂၇ လုံး ရွှေပုတီးနှင့် ငွေပုတီး







အဘ မင်းသိခ်၏ သစ်ကနက်ဖြင့်
ပြုလုပ်ထားသည့်ပုတီး

တစ်မျိုးမှာ သစ်ကနက်သားဖြင့်ဖြစ်ပြီး ကျန်တစ်မျိုးမှာ ငွေဖြင့်ပြုလုပ်ထားခြင်း ဖြစ်၏၊ အခြားတစ်မျိုးမှာ ရွှေအစစ်ဖြင့် လုပ်ထားသော ပုတီးဖြစ်၏၊ အရေးကြီး၍ သစ္စာပြုတိုင်တည် ခါနီးတွင် လက်ကို စင်ကြယ်စွာဆေး၍ အမွှေးနံ့သာများ ဆွတ်ဖန်းပြီးလျှင် ရွှေပုတီးကို စိပ်၍ တိုင်တည်တတ်လေ၏၊

အခက်အခဲရှိသောကိစ္စများအတွက် ယတြာဆောင် ပေးခါနီးတွင် အထက်ပါအတိုင်း လက်ကို စင်ကြယ်စွာ



www.burmeseclassic.com

www.burmeseclassic.com





ဆေး၍ ငွေ ပုတီးဖြင့် ပုတီးစိပ်ပြီးမှ ဆောင်ရွက်လုပ်ကိုင်ပေးလေ့ရှိ၏။

ခရီးသွားသောအခါ သစ်ကနက်ပုတီးကို ဆောင်၍သွားလေ၏။ ခရီးတွင် ထိုပုတီးငယ်ကိုပင် စိပ်၏။ ထို့ပြင် အဘသည် ၎င်းထံသို့ ဝင်လာသောငွေများကို ကျွန်းသေတ္တာကလေးတွင် ထည့်၍ သိမ်းတတ်၏။ ထိုကျွန်းသေတ္တာကလေး၏ အဖုံးတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော မန္တန်တစ်ပုဒ်ကို (၇)ခေါက်ရွတ် လိုက်သေး၏။ ပြီးမှ သေတ္တာကို ဖွင့်လေ့ရှိ၏။ ငွေထည့်ပြီးသောအခါ၌ သေတ္တာကို ပြန်၍ပိတ်လျှင်လည်း ထိုဂါထာကို (၇)ခေါက် ရွတ်သေး၏။ ထိုဂါထာမှာ အောက်ပါအတိုင်းဖြစ်၏။

**Money, money,**
**come to me,**
**and send me on**
**a spending, spree**

ကျွန်ုပ်သည် အဘအား ထိုမန္တန်အကြောင်း မေးကြည့်ရာ အဘက. . .







**"ငွေတွေ ငွေတွေ ကျွန်ုပ်ထံကို လာခဲ့ပါ၊**
**ပြီးတော့ . . . လွတ်လွတ်လပ်လပ်**
**အထိမ်းအကွပ်မရှိဘဲ**
**သုံးလို့ရတဲ့နေရာ ပို့ပေးပါ. . .** လို့ အဓိပ္ပါယ်ရတယ်ကွ၊ ဒီမန္တန်က 'ဝီကာ'ဆိုတဲ့ လောကီပညာအဖွဲ့ကြီးက လာဘ်ရွှင်တဲ့ မန္တန်အဖြစ် အသိအမှတ်ပြုထားတာ . . .၊ တကယ်ရွတ်ရမှာက (၂၇) ခေါက်ကွ . . ." ဟု ရှင်းပြဖူးလေ၏။

အဘသည် ထိုငွေသေတ္တာလေးအား ၎င်း၏အိပ်ရာဘေးတွင် အစဉ်သဖြင့် ထားတတ်၏။

ထိုသေတ္တာလေး၏ဘေးတွင် အနက်ရောင်သစ်သားဗီရိုပုကလေးတစ်လုံးလည်း ရှိသေး၏။

၎င်းဗီရိုကလေး၏ အပေါ်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ဂါထာတစ်ပုဒ် ရေးထားလေ၏။

ထိုဂါထာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**With in me and**
**around me is the**
**fullness of power**
**love and wisdom**



www.burmeseclassic.com

www.burmeseclassic.com








ကျွန်ုပ်သည် အဘအား ထိုဂါထာအကြောင်း မေးကြည့်ရာ အဘက. . .

"ကျွန်ုပ်၏ ကိုယ်တွင်း၌ လည်းကောင်း၊
ကျွန်ုပ်၏ ပတ်ပတ်လည်၌ လည်းကောင်း၊
မေတ္တာတရား၊ အသိဉာဏ်တရားနှင့်
သိဒ္ဓိဓာတ်များ ပြည့်နှက်စွာ ရှိပေသည်တကား. . .

လို့ အဓိပ္ပါယ်ရတယ်ကွ. . ." ဟု ကျွန်ုပ်အား ရှင်းပြဖူးပေ၏။





အဘမင်းသိခ်၏ ငွေဂါထာ





ထိုဗီရိုလေးထဲတွင် ရင်းဝတ်လေ့ဝတ်ထရှိသော အဖြူရောင် စွပ်ကျယ်အကျႌလက်ရှည်၊ အဖြူရောင်ပလေကပ်ဆုံချည်များ ထည့်ထားတတ်၏။





အဝတ်အစားအသုံးအဆောင်များထည့်သည့် ဗီရို

ရင်းစိပ်သော ပုတီးများကိုမူ မည်သည့်အခါမျှ ပစ်စလက်ခတ်မထားပေ။ ရွှေရောင်အပွင့်ကလေးများ ထိုးထားသည့် စက္ကူပါ အိတ်အနက်လေးထဲတွင် ထည့်၍ထားတတ်လေ၏။ ထမင်းပြင် အဘသည် သက်သတ်လွတ်ကို သီးသန့်စားသည် မဟုတ်ဘဲ အများစုစားဖြစ်သည်မှာ သက်သတ်လွတ်သာ ဖြစ်နေတတ်၏။ တစ်ခါ တစ်ရံ၌လည်း ကုလားပဲဟင်းချက်၌



www.burmeseclassic.com

ထိုပဲဟင်းကို ထမင်းပူပူပေါ်တွင် ဆမ်းပြီးလျှင် ထိုပဲဟင်းပေါ်မှ ငံပြာရည်ချက်ကို ထပ်၍ဆမ်းကာ နယ်ဖတ်၍ စားတတ်လေ၏။



အဘမင်းသိမ်ပုတီးများ
ထည်ထားသည့်ရွှေရောင်အမွှင့် လေးများနှင့် ကဏ္ဍီပါအိတ်

အဘတွင် ငံပြာရည်ချက်ထည့်ထားသော ပုလင်းကြီးပုလင်းငယ်များ ရှိနေတတ်၏။ တရုတ်ပြည်ဘက်မှလာသော ရွှေမျက်မှန်တံဆိပ် ပဲငါးပိဗူးများလည်း ရှိတတ်၏၊ ထို့ပြင် ဆီတို့ဟူး ဗူးများလည်း ရှိနေတတ်၏။ ထိုဗူးများကို ကုလားပဲဟင်းပူပူနှင့် ရောနှော၍ စားသုံးတတ်၏။ အဘကြိုက်သော တို့စရာမှာ ဆလပ်ရွက်နှင့် ရုံးပတီသီးဖြစ်၏။ ၎င်းနှင့်အတူ





တွဲနိုင် နေခဲ့စဉ်အတွင်း တညင်းသီးတို့စရာကို တို့သည်ဟူ၍ မတွေ့ခဲ့ဖူးပါ။

အဘနှစ်သက်သော ဟင်းလျာတစ်မျိုးမှာ ငါးခြောက်ရိုးခြင့်ချက်သော သီးစုံကုလားဟင်းပင် ဖြစ်၏။ ထိုသို့ ချက်ရန်အတွက် ကျောက်တန်းသို့ လူလွှတ်ကာ ကန့်ကူယံခြောက်များ ဝယ်ထားလေ့ ရှိ၏။ ထိုသို့ သီးစုံကုလားဟင်းချက်သောအခါ၌ မဆလာကို တွင်တွင်ကျယ်ကျယ်ကြီး သုံးတတ်၏၊ အဘသုံးသော မဆလာစပ်နည်း မှာ အောက်ပါအတိုင်း ဖြစ်၏၊

| | |
|---|---|
| ဇီယာ | - ၃ ကျပ်သား |
| နံနံစေ့ | - ၅ ကျပ်သား |
| နနွင်း | - ၂၅ ကျပ်သား |
| သစ်ကြံပိုး | - ၅ ကျပ်သား |
| ပဲနံ့သာ | - ၅ ကျပ်သား |
| မုန်ညင်း | - ၆ ကျပ်သား |
| ဖာလာ | - ၃ ကျပ်သား |
| ငရုတ်သီးမှုန့် | - ၅ ကျပ်သား |
| ကြက်သွန်ဖြူခြောက် | - ၅ ကျပ်သား |
| ငရုတ်ကောင်း | - ၂ ကျပ်ခွဲသား |
| လေးညှင်း | - ၂ ကျပ်ခွဲသား |




www.burmeseclassic.com

www.burmeseclassic.com






အဘသည် အထက်ပါအချိုးအတိုင်း မဆလာပစ္စည်း များကို ဝယ်၍ သံဆုံတွင်ထောင်းကာ ပုလင်းများဖြင့် ထည့်ထားတတ်လေ၏။ ထို့ပြင် အဘသည် ထမင်းစားသောအခါ၌ ဟိန္ဒူကုလားများ စားသကဲ့သို့ စတီးလင်ဗန်းကလေးဖြင့်ထည့်၍ စားတတ်၏။ သောက်ရေခွက်မှာလည်း စတီးရေခွက်ဖြစ်၏။ ထိုရေခွက်ကို ဖုံးထားရန်အတွက် ဒန်အိုးပုံစံစတီးခွက်ကလေးတစ်လုံးလည်းရှိ၏။ လက်ဖက်ရည်၊ ကော်ဖီ စသည်တို့ကို သောက်သောအခါ၌ ထိုခွက်လေးဖြင့်ပင် သောက်လေ့



အဘမင်းသိခ် ထမင်းစားသည့် စတီးလင်ဗန်းနှင့် လက်ဖက်ရည်၊ ကော်ဖီသောက်သည့် စတီးခွက်နှင့် ဒန်အိုးပုံစံစတီးခွက်အဖုံး







ရှိ၏။ ထိုခွက်ကလေး၊ ထိုလင်ဗန်းကလေးကို အစဉ်သဖြင့် ပြောင်လက်အောင် တိုက်ချွတ်ထားတတ်၏။ တစ်စုံတစ်ယောက်က ငွေကြေးလှူသောအခါ၌လည်း လက်ဖြင့် လှမ်းယူသည်ဟူ၍ မရှိဘဲ ထိုစတီးလင်ဗန်းကလေးဖြင့် ခံယူလေ့ရှိ၏။ ပြီးလျှင် ထိုသူအား မေတ္တာပို့၍ ဆုပေးတတ်၏။

ကျွန်ုပ်သည် နှစ်ပေါင်းများစွာနေခဲ့သော်လည်း အဘသည် ထမင်းစားသောအခါ၌ ကြွေပန်းကန်ဖြင့် စားသည်ကို တစ်ကြိမ်တစ်ခါမျှပင် မမြင်ဖူးပေ။ အဘသည် ရေခဲရေကို လွန်စွာ ကြိုက်၏။ ထို့ကြောင့် မိုးလင်းသည်နှင့် ရေခဲတုံးဝယ်ပြီးလျှင် ရေခဲပုံး၌ ထည့်ထားတတ်၏။

တစ်ခါတွင် ကျွန်ုပ်က. . .

"အဘ ရေခဲရေသောက်တာ ဆီးမပူဘူးလား" ဟု မေးဖူး၏။

ထိုအခါ အဘက. . .

"နည်းနည်းသောက်ရင် ပူတယ်ကွ၊ များများသောက်ရင် ပူချိန်မရတော့ဘူး၊ ဒါကြောင့် ရေခဲရေသောက်တဲ့အခါ မစို့မပို့ မသောက်ရဘူးကွ၊ သောက်ရင် တဝတပြသောက်ပစ်ရတယ်" ဟု ဖြေဖူးလေ၏။

အဘသည် ရေနွေးကြမ်းကိုလည်း သောက်လေ့ရှိ၏။ ၎င်းသောက်သော ရေနွေးခရားမှာ လွန်စွာသေး၏။ ရေနွေး



www.burmeseclassic.com

www.burmeseclassic.com





ကြမ်းပန်းကန်မှာလည်း ရယ်စရာကောင်းလောက်အောင် သေးလေ၏။

ရေနွေးကြမ်းကိုလည်း ဖြစ်သလို မည်သည့်အခါမျှ မသောက်ပေ၊ ရေနွေးကို ကိုယ်တိုင်ကျို၏၊ ကျိုသောအခါ၌ လက်ဖက်အစိမ်း ကွမ်းသီးလုံးခန့်ထည့်၍ ကျို၏၊ ရေနွေးဆူလာသော အခါ၌ အကောင်းစားလက်ဖက်ခြောက်နှင့် လက်ဖက်မွှေးရွက်များ ခတ်ပြီးမှ ရေနွေးကို ထည့်တတ်၏၊ ၎င်း၏ ရေနွေးကြမ်းသည် အစဉ်သဖြင့် သောက်ချင်စဖွယ် ဖြစ်နေတတ်၏၊ တစ်ခွက်တလေ သောက်ခွင့်ရ၍ သောက်ကြည့်သော အခါ၌လည်း လျှာရင်းတိုင်အောင် စွဲ၍သွားလေ၏။

အဘအား မနီးစပ်သည့်လူများက စီးကရက်ကြိုက်သည်ဟု ထင်မှတ်ကြ၏၊ အမှန်စင်စစ် အဘသည် ဆေးတံသမားဖြစ်၏၊ ဆေးတံသောက်ရာ၌လည်း အကောင်းဆုံးဆေးတံဆေးကို ဝယ်၍ သောက်တတ်၏၊ အဘကြိုက်သော ဆေးတံဆေးမှာ 'အင်္ဂလိပ်မယ် သီလရင် ၃ ပါး တံဆိပ်' ဆေးတံသောက်ဆေးပင် ဖြစ်၏၊ အဘသည် ဦးထုပ်ကို ဆောင်းလေ့ဆောင်းထ မရှိပေ၊ မဆောင်းမဖြစ်၍ ဆောင်းရသော အခါ၌လည်း ဘယ်ရီကက်ခေါ် သက္ကလတ်ဦးထုပ် အပြားလေးကိုသာ ဆောင်းလေ့ရှိ၏၊ လုံချည်ကိုသာ အမြဲဝတ်ဆင်၏၊ ဘောင်းဘီဝတ်သည်ဟူ၍ မရှိလှပေ၊





တစ်ခါတွင် အဘသည် အနက်ရောင်ဘောင်းဘီတစ်ထည် ဝတ်၏၊ ထိုအခါ၌ ကုတ်အင်္ကျီအနက်ကိုပါ ဝတ်၏၊ နက်ကတိုင်ခေါ် လည်စည်းကို စည်း၏၊ ရှူးဖိနပ်အနက်ကိုလည်း စီး၏၊ ဘောင်းဘီဝတ်လျှင်လည်း ဤသို့ ပြည့်ပြည့်စုံစုံ စတိုင်ကျကျ ဝတ်ပြန်၏၊ မြန်မာစကားပြောသောအခါ၌ မည်သည့်အခါမျှ အင်္ဂလိပ်စာလုံး ညှပ်၍ပြောသည်ဟူ၍ မကြားဖူးပေ၊ သို့ရာတွင် မလွဲသာ မရှောင်သာ အင်္ဂလိပ်စကားပြောရပြီဆိုလျှင်လည်း စီကာပတ်ကုံး ၄ာန်ကရိုဏ်းကျကျ ပြောတတ်ကြောင်းကိုမူ အံ့ဩဖွယ်ရာ တွေ့ရှိရလေ၏၊

ဆံပင်မှာလည်း အလယ်မှခွဲ၍ သပ်သပ်ရပ်ရပ် ဖြီးထားလေ့ရှိ၏၊ သို့ရာတွင် ၎င်းသည်ဆံပင်ကို အရှည်ထား၏၊ နှုတ်ခမ်းမွေး ထား၏၊ မုတ်ဆိတ်မွေးလည်း ထား၏၊ လက်ပတ်နာရီပတ်သည်ဟူ၍ မရှိပေ၊ စားပွဲတင်နာရီကိုသာ ကြည့်တတ်၏၊ မပတ်မဖြစ်၍ ပတ်ရသောအခါများ၌လည်း ဒိုင်ခွက်တွင် စိန်များစီ၍ နံပါတ်နေရာတွင် ပတ္တမြားများ မြှုပ်ထားသော အောဗရိကုမ္ပဏီလုပ် ရွှေရောင်လက်ပတ်နာရီကို ပတ်လေ့ရှိ၏၊


အိဂျစ်တို့၏ အသက်ဓာတ်ဟု ယုံကြည်သော 'အင့်ခ်' တံဆိပ်ကို ရွှေဖြင့်ပြုလုပ်၍ လက်စွပ်အဖြစ် ဝတ်ဆင်၏၊ ပန်ချာပီလူမျိုးများ ဝတ်လေ့ရှိသော ငွေရောင်ဟမ်းချိန်းခေါ် လက်ကောက်ကို သူ၏ ဘယ်ဘက်လက်တွင် အစဉ်သဖြင့် ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တတ်၏၊ အင်္ကျီမှာမူ လက်တိုအင်္ကျီကို ချိုင်းမှဖြတ်၍ အစဉ်သဖြင့် ဝတ်ဆင်ထား၏။ နှစ်ပေါင်းများစွာနေလာသည့်ကာလအတွင်း အဘအနေနှင့် တိုက်ပုံအင်္ကျီဝတ်သည်ဟူ၍ မတွေ့ဖူးပါ။ ဖဲပန်ဖိနပ်ခေါ် ရော်ဘာဖိနပ်ကို အလွန်နှစ်သက်၏။



အဘမင်းသိခ်၏ ဒိုင်ခွက်တွင် စိန်များစီ၍ နံပါတ်နေရာ၌ ပတ္တမြားမြှုပ်ထားသည့်
အောမီဂါမှကိုယ်ပုံရွှေရောင်လက်ပတ်နာရီ
နှင့် အသက်မှာတ်အဆောင် "အင်္ဂါ" တံဆိပ်ရွှေလက်စွပ်

အဘသည် ဆရာကြီးရွှေဥဒေါင်းရေးသော ဝတ္ထုများ၊ ဆရာကြီးဒဂုန်ရွှေမျှားရေးသော ဝတ္ထုများကို နှစ်နှစ်သက်သက် စွဲစွဲလမ်းလမ်း ဖတ်ရှု၏၊ ဖတ်ပြီးသောအခါ၌လည်း စာအုပ်ကို





ပိတ်၍ ထိုဆရာကြီးများကို ရည်မှန်းကာ ထိုင်၍ကန်တော့သေး၏။

အဘသည် ငယ်စဉ်အခါက ဗန်တိုဗန်ရှည်ပညာကို ကျွမ်းကျင်သူဖြစ်၏။ သို့ရာတွင် အသက်ကြီးလာသောအခါ၌ ကစားသည်ဟူ၍ မတွေ့ဖူးပေ၊ ကျန်းမာရေးအတွက် **အလုပ်များသော ဝမ်ယု** ဆိုသည့် လေ့ကျင့်ခန်းကို ပြုလုပ်လေ့ရှိ၏။ ထိုလေ့ကျင့်ခန်းမှာ အချက် (၁၄) ချက် ရှိ၏။

၁။ ရှေးဦးစွာ လက်ကိုလွှဲ၍ လမ်းလျှောက်ဟန်ပြုရ၏။ နှစ်ခေါက် ပြုလုပ်ရ၏။ အလုပ်သွား အလုပ်ပြန်ခြင်းပင် ဖြစ်၏။

၂။ အိမ်သို့ရောက်သောအခါ တံခါးကို ဖွင့်ရ၏။ မိုးချုပ်နေပြီဖြစ်သောကြောင့် လသာနေပြီဖြစ်၏။ လရောင်သည် ပြတင်းပေါက်မှနေ၍ အိပ်ခန်းတွင်း ကြမ်းပြင်ပေါ်သို့ ကျနေ၏။ ဝမ်ယုသည် လွန်စွာစိတ်ဆိုးသွား၏။

၃။ သူ၏ခွင့်ပြုချက်မရဘဲ အိမ်တွင်းသို့ရောက်နေရပါမည်လားဟုဆိုကာ လရောင်ကို လွှင့်ပစ်၏။

၄။ ထိုအချိန်၌ သူခိုးရောက်လာသဖြင့် သူခိုး၏မျက်နှာကို လက်နှစ်ဖက်ဖြင့် ကုတ်ချလိုက်၏၊ သူခိုး ထွက်ပြေးသွား၏။

၅။ လှမ်း၍ကြည့်လိုက်သောအခါ သူခိုးမဟုတ်ဘဲ ကျားဖြစ်နေကြောင်း သိရ၏။ ထို့ကြောင့် ဝမ်ယုသည် လေးနှင့် မြားကိုယူကာ ကျားကို လှမ်း၍ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





၆။ ရွာလူကြီးရောက်လာပြီးလျှင် ဝမ်ယုအား ဆူပူကြိမ်းမောင်းလေ၏။ ဝမ်ယုသည် ရွာလူကြီးအား တွန်းထုတ်ပစ်လိုက်၏။

၇။ ထို့နောက်မှ ရွာလူကြီးကို တောင်းပန်ရန် ၎င်းအိမ်သို့သွား၏။ ရွာလူကြီး၏အိမ်ရှေ့တွင် စပါးပုံကြီးရှိနေသောကြောင့် ရွာလူကြီးကို မတွေ့ရပေ။ ထို့ကြောင့် ဝမ်ယုသည် စပါးပုံကို လက်ဖြင့် ရိုက်၍ခွဲချလိုက်၏။

၈။ ထိုအခါ အောက်မှ ဆူဆူညံညံအသံများကြားသောကြောင့် သိကြားမင်း၏မယားငယ်သည် မလွယ်ပေါက်ကို ဖွင့်၍ကြည့်၏။ ၎င်းမကျေနပ်လျှင် သိကြားမင်းကို တိုင်လိုက်မည်ဖြစ်၏။

ထိုသို့ တိုင်လိုက်ပါက သိကြားမင်းသည် မိုးခေါင်အောင်လုပ်ပစ်လိုက်လိမ့်မည်။ ထိုသို့ ပြုလုပ်လိုက်လျှင် အားလုံးငတ်မွတ် ကုန်မည်။ ထို့ကြောင့် ၎င်းသိကြားမင်း၏မယားငယ်ကျေနပ်စေရန် မက်မန်းသီး လာဘ်ထိုး၏။

၉။ ပြီးလျှင် အိမ်သို့ ပြန်လာ၏။ အိမ်ရောက်သောအခါနဖူးပေါ် လက်တင်၍ အိပ်မည်ပြု၏။

၁၀။ သို့ရာတွင် ထုပ်တန်းပေါ်မှ မြွေဟောက်ဆင်းလာသဖြင့် မြွေဟောက်ကို ဖမ်းကာ ဝှေ့ရမ်းပစ်လိုက်၏။

၁၁။ ထို့ကြောင့် မျက်လုံးကြောင်ကာ အိပ်၍မရတော့ပေ။ ဝမ်ယုသည် အိပ်၍မရသောကြောင့် အိမ်ရှေ့သို့ ထွက်၍တံမြက် စည်းလှည်း၏။





၁၂။ လှဲရင်းနှင့်ပင် ဖုန်များထပ်၍ရောက်လာသောကြောင့် ကြည့်လိုက်ရာ ဝါမေတောင်ကုန်းမှ ဖုန်များလွင့်နေကြောင့် တွေ့ရသဖြင့် ထိုတောင်ကုန်းကို ယမ်စီမြစ်အတွင်းသို့ တွန်းချ လိုက်၏။

၁၃။ မြစ်အတွင်းမှ ရေများ၊ ရွှံ့များ စင်မည်စိုးသဖြင့် ကမ္ဘာမြေကြီးကို ဆွဲ၍ကာလိုက်၏။

၁၄။ ထို့ကြောင့် ၎င်းကို ရေများ၊ ရွှံ့များ မစိုတော့ပေ။ သို့ရာတွင် မိုးမျက်နှာကျက်ကို ပေကျံကုန်၏။ သိကြားမင်း စိတ်ဆိုး မည်စိုးသဖြင့် ပြန်၍ဆေးသုတ်ပေးရ၏။

ဤသို့လျှင် အဆင့်ပေါင်း (၁၄) ဆင့် လေ့ကျင့်ခန်းပြုလုပ် ရလေ၏။ ထိုလေ့ကျင့်ခန်းကို အလုပ်များသော ဝမ်ယုလေ့ကျင့်ခန်းဟု ခေါ်၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com







ဝမ်ယု အလုပ်မှ
အိမ်သို့
ပြန်ရောက်ပုံ



ဝမ်ယု မြွေဟောက်ကို လွှင့်ပစ်ပုံ




ဝမ်ယု သူခိုးမျက်နှာကို ကုတ်ချပုံ










ယု ကျားကိုလေးဖြင့် လှမ်းပစ်ပုံ



ဝမ်ယု ရွာလူကြီးအိမ်ရှေ့မှ
စပါးပုံကို ရိုက်ခွဲပုံ




ဝမ်ယု ဝါမတောင်ကြီးကို တွန်းချပုံ



www.burmeseclassic.com





ယန်စီမြစ်မှ နွံများ၊ ရေများ
မစင်ရန်
ကမ္ဘာမြေကြီးနှင့် ဆွဲကာပုံ




ဝမ်ယု သိကြားမင်း
မယားငယ်ကို မက်မန်းသီး
ဆက်သ၍ လက်ဆောင်ပေး
လာဘ်ထိုးပုံ









ဝမ်ယု မိုးမျက်နှာတျက်ကို
ဆေးပြန်သုတ်ပေးပုံ

အဘသည် ထိုလေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ်လေ့ ရှိ၏။ အဘသည် တစ်ခါတစ်ရံ ကုလားဟင်းကောင်းကောင်း၊ ငါးပိထောင်းစပ်စပ်၊ ဗူးသီးဟင်းခါးပူပူတို့ကို ကိုယ်တိုင်ချက်၏။ လျှင် ရန်ကုန်တွင်ရှိသော ၎င်း၏တပည့်များကို ဖိတ်ကာ ကျွေးမွေးလေ၏။ ထိုသို့ကျွေးမွေးပြီးလျှင် ၎င်းတပည့်များကို ပြောပြလေ့ရှိ၏။ အဘသည် ပုံပြောခြင်းကိုလည်း လွန်စွာ

www.burmeseclassic.com



ဝါသနာပါလေ၏။

အဘသည် ငယ်စဉ်အခါက လွန်စွာစွန့်စားရသော လုပ်ငန်းများတွင် ပါဝင်ခဲ့၏၊ ထိုအကြောင်းအရာများကိုလည်း စကားစပ်မိတိုင်း ပြောပြလေ့ရှိ၏၊

အဘတွင် ငယ်ရွယ်စဉ်အခါက လူငယ်ဘာဝ စွဲစွဲလမ်းလမ်း မေတ္တာရှိခဲ့သော မိန်းကလေးတစ်ဦးရှိခဲ့ကြောင်းကိုလည်း သိခွင့်ရခဲ့လေ၏၊

ထိုမိန်းကလေးသည် ရန်ကုန်မြို့မှ (၁၇) မိုင် ခန့်ဝေးသော မီးရထားဘူတာရုံလေးရှိသည့် လေးထောင့်ကန်ဆိုသော ရွာမှ မိန်းကလေးဖြစ်ကြောင်းကိုလည်း သိခွင့်ရခဲ့ပြန်လေ၏၊

ကျွန်ုပ်သည် အဘနှင့်အတူ နှစ်ပေါင်းများစွာ နေခဲ့ပြီး အဘအကြောင်းကို သိသမျှဆိုလျှင်မူ ဤမျှသာဖြစ်၏၊ သို့ရာတွင် အဘလက္ခဏာဟောခဲ့သော ဟောချက်များ၊ အကြောင်းအရာများ၊ အဟောခံရသော လူပုဂ္ဂိုလ်များကိုမူ စာရေး၍ မှတ်တမ်းတင်ကာ ဖိုင်တွဲများတွဲပြီးလျှင် ထိုဖိုင်တွဲများကိုလည်း ကျွန်းသေတ္တာကြီးတစ် လုံးတွင် ထည့်၍ သိမ်းဆည်းထားခဲ့လေ၏။

တစ်နေ့နေ့တွင် စာဖတ်သူများလက်သို့ အရောက်တင်ပြမည်ဟုလည်း အားခဲထားလျက်ရှိ၏၊ ထို့ကြောင့် ဖော်ပြလတ္တံ့သော လက္ခဏာဝတ္ထုတို့မှာ ကျွန်ုပ်အရှုးညာကလိနှင့် လုံးဝသက်



ဆိုင်ခြင်းမရှိပါ၊ ကျွန်ုပ်၏ဆရာ အဘမင်းသိခ်၏ ဟောပြောချက်အတွေ့အကြုံများသာဖြစ်ကြောင်း ဝန်ခံရပေမည်၊

အနီယာ ဟောန္ဒူ
**အရူးညာကလိ**
(အဘ၏ တပည့်ချက်)

www.burmeseclassic.com

www.burmeseclassic.com







## ( ၆ )

# အဘနှင့် ဖိုးသူတော်ကြီး ၃ ဦးအကြောင်း

တစ်နေ့သ၌ အဘထံတွင် လက္ခဏာမေးရန်အတွက် ဥပမိရုပ်သန့်ပြန့်သော ဖိုးသူတော်ကြီး ၃ ဦး ရောက်ရှိလာလေ၏။ ၎င်းတို့သည် အဘနှင့်တွေ့လျှင်တွေ့ချင်း. . .

“မောနင်း . . . ” ဟု အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်လေ၏။ အဘကလည်း ပြန်လည်၍ နှုတ်ဆက်လေ၏။ ထို့နောက် အဘလည်း နေရာထိုင်ခင်းပေးလေ၏။ ၎င်းတို့သည် နေရာထိုင်ခင်း ရသောအခါ၌ တစ်ယောက်သောသူက. . .

“ဆရာ့ဆီမှာ လက္ခဏာမေးမြန်းချင်လို့ပါ . . .၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အနာဂါတ်ကို သိချင်လို့ လက္ခဏာမေးမြန်းချင်လို့
ကျုပ်နာမည်က 'မိုက်ကယ်'တဲ့၊ ကျုပ်ရဲ့ ညာဘက်က ပုဂ္ဂိုလ်
'အင်ဒရူး' တဲ့၊ ကျုပ်ရဲ့ဘယ်ဘက်ကပုဂ္ဂိုလ်က 'ပေါလ်'တဲ့ . .
ဟု ပြောလေ၏။

"ဖိုးသူတော်ကြီးတို့နာမည်တွေက အင်္ဂလိပ်နာမည်
ပဲ၊ ဗမာလို မရှိဘူးလား . . ." ဟု အဘက မေးလိုက်
မိုက်ကယ် ဆိုသူက. . .


"ဗမာဖိုးသူတော်ပဲဗျာ . . .၊ ဗမာနာမည် ရှိတာ
ကျုပ် မိုက်ကယ်ဆိုတဲ့လူရဲ့ ဗမာနာမည်က 'မိခေလ'တဲ့၊
ပေါလ်ရဲ့ နာမည်က 'ပေါလု'တဲ့၊ အင်ဒရူးရဲ့နာမည်က 'အိန္ဒြေ
. . ." ဟု ပြောလိုက်ရာ အဘက. . .

"ဒါတွေက အင်္ဂလိပ်အသံထွက်ကို မြန်မာမှုပြု
တာပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဖိုးသူတော် မိခေလက. . .

"မှန်ပါတယ် ခင်ဗျာ . . .၊ ကျွန်တော်တို့လုပ်ထား
မဟုတ်ပါဘူး၊ 'ယုဒသန်'လုပ်သွားတာပါ . . ." ဟု ဖြေသ
ထို့နောက်တွင်ကား အဘသည် ကိုင်နေကျ မှန်ဘီလူးက
ကို ယူ၍ ၎င်းတို့၏လက်ဖဝါးမှ အရေးအကြောင်းများ
စစ်ဆေးလေ၏။ ပထမဆုံး စစ်ဆေးခံရသူမှာ ဖိုးသူ
အိန္ဒြေပင် ဖြစ်၏။





အဘသည် ၎င်း၏ လက် ဝဲဘက်လက်သန်းထိပ်မှ အနီရောင်သမ်းနေသော လမ်းကြောင်းကလေးကို ထောက်ပြရင်း. . .

"အဲဒီအမှတ်အသားလေးရဲ့ နာမည်က 'ရောဟိတ'တဲ့၊ အဲဒီတော့ ဘိုးသူတော်ကြီးရဲ့ ဇာတ်သိမ်းဟာ သိပ်ပြီးမကောင်းလှဘူး၊ သွေးအန်ပြီး သေချင်သေ၊ မသေရင် မီးလောင်ပြီး သေလိမ့်မယ် . . ." ဟု ပြောလိုက်ရာ ဖိုးသူတော် ကြီးအိန္ဒြေက. . .

"ဘဲရီးဂွတ်ဒ် . . ." ဟု အားရဝမ်းသာ ပြောလေ၏။

ထို့ကြောင့် အဘက. . .

www.burmeseclassic.com


www.burmeseclassic.com



"သေမယ်လို့ ဟောတာကို ဘာဖြစ်လို့ ဘဲရီးဂွတ်ဒ်လို့ ပြော ရတာတုံး . . ." ဟု ပြန်၍မေးရာ ဖိုးသူတော် အိန္ဒြေ တ. . .

"အိပ်ရာထဲမှာ နာတာရှည်ဘဝနဲ့ လဲနေရတာထက်စာရင် မီးလောင်ပြီး မြန်မြန်သေသွားရတာ ကောင်းပါတယ်ဗျာ" ဟု ပြန်၍ဖြေလေ၏။ ထို့နောက် ဒုတိယအလှည့်ကျသူမှာ ဖိုးသူတော် ပေါလုပင် ဖြစ်၏။ ဖိုးသူတော်ပေါလုသည် လက်ဝါးကို ဖြန့်ပြရင်း. . .

"အမယ်လေး . . . ကျုပ်တာ ဘယ်လိုသေမယ် မပြော







နိုင်ဘူး . . ." ဟု ပြောလေ၏။ အဘသည် ပေါလု၏လက္ခဏာကို သေချာစွာစစ်ဆေးလေ၏။

ထို့နောက် အဘက. . .

"ပေါလုရေ . . .၊ ဟောဒီလက်ခလယ်ထိပ်က အမှတ်အသားလေးဟာ အတော်ထူးခြားတယ်ကွဲ့ . . .၊ တို့ရဲ့ပညာမှာ 'ဂျလ'လို့ ခေါ်တယ်၊ အဲဒီအမှတ်အသားပိုင်ရှင်ဟာ အဖိုးတန်ပုလဲရတနာတွေ မြောက်မြားစွာ ပိုင်ဆိုင်ရလိမ့်မယ်လို့ ဖော်ပြတယ်ကွဲ့၊

ဟောဒီလက်သူကြွယ်မှာရှိတဲ့ အမှတ်အသားလေးဟာလည်း အတော့်ကို ထူးခြားပါတယ်၊ ကျုပ်တို့ရဲ့ပညာမှာ 'ဒေဝိက' လို့ခေါ်တဲ့ အမှတ်အသားပါပဲ၊ အကျဉ်းအကြပ်တွေ့တဲ့အခါ ဝိဇ္ဇာ မ, လိမ့်မယ်လို့ဆိုတယ်၊ နောက်အမှတ်အသားလေး တစ်ခုကတော့ 'ပရိခိ'လို့ခေါ်တဲ့ အမှတ်အသားပါပဲ၊ ကိုယ်တိုင် ဝိဇ္ဇာဖြစ်ပြီး ထွက်ရပ်ပေါက်သွားမယ်လို့ ဖော်ပြနေပါတယ် . . ." ဟု ပြောလိုက်ရာ ဖိုးသူတော် ပေါလုက. . .

"ဂရိတ် . . ." ဟု အားရဝမ်းသာ အော်ဟစ်လေ၏။

နောက်ဆုံး လက္ခဏာအစစ်ဆေးခံရသူမှာ ဖိုးသူတော် မိခေလပင်ဖြစ်၏။ အဘသည် မိခေလ၏လက္ခဏာကို သေချာစွာ ကြည့်ရှုပြီးနောက် လက်ဝါးပြင်၏ ညာဘက်လက်ခလယ်၏ အောက်ဆုံးအ ဆစ်တွင် မတ်တပ်အစင်းကြောင်းကလေး




www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ကပ်လျက် အစက်အပြောက်ကလေးများကို တွေ့ရ
လေ၏။




ထိုအခါ အဘက. . .

“ဟာ မိခေလ နောက်ဆုံးမှာ ခင်ဗျားဟာ လက္ခဏာ ဘက်မှာ ပါရဂူမြောက် တတ်ကျွမ်းတဲ့ ဆရာကြီး ဖြစ်သွားမှ ကို၊ ပြီးတော့ လက်ဝဲဘက်မှာလည်း ‘ကောပရ’ ဆိုတဲ့ လမ် ကြောင်းပါတယ်၊ အဲဒီလမ်းကြောင်းကတော့ အတတ်ပညာ ကောင်း ရှိလေတော့ အတိုင်းတိုင်း အပြည်ပြည်ကဖိတ်ခေ လှည့်လည်နေရတဲ့ အမှတ်အသားပါပဲ . . .” ဟု ဟောလိုက် လေ၏။







ဖိုးသူတော်သုံးဦးသည် အဘထံမှ လက္ခဏာဟောချက် ရသဖြင့် ပျော်ရွှင်ဝမ်း မြောက်စွာ ပြန်သွားကြလေ၏။

၎င်းတို့သည် ပြင်ဦးလွင်မြို့ရှိ ဘုန်းကြီးကျောင်းတစ် ကျောင်းတွင် မှီတင်းနေထိုင် ကြသူများဖြစ်၏။ ဘုန်းကြီး ကျောင်းသို့ လာနေကျ ‘ရပ်ချိကူးမား’ ဟု ခေါ်သည့် ဂေါ်ရခါး လူမျိုးတစ်ယောက်သည် ၎င်းတို့သုံးဦးနှင့် ခင်မင်သွားလေ၏။ ‘ရပ်ချိကူးမား’ က ဖိုးသူတော်သုံးဦးအား တစ်နေ့တွင်. . .

“ဦးသူတော်ကြီးသုံးဦးကို အရေးကြီးတဲ့ စကားတစ်ခု ပြောချင်တယ်၊ ကျုပ်ရဲ့ညီတစ်ယောက်က ‘ဗဟာဒူး’တဲ့ . . .၊ ပထမ ကမ္ဘာစစ်မှာ ဂေါ်ရခါးတပ်ရင်းမှာ အမှုထမ်းတယ်၊ သူ



www.burmeseclassic.com

www.burmeseclassic.com





သေခါနီးမှာ ကျုပ်ကို စာအိတ်အညိုတစ်လုံး ပေးခဲ့တယ်၊ အဲဒီစာအိတ်အညိုကို ဖောက်ကြည့်တော့ သူနဲ့ သူ့ဆရာ ဒုတပ်ကြပ်တစ်ဦး တွေ့ထားတဲ့ ရတနာမြေပုံတစ်ချပ်ပါတယ်၊ သူ့ဆရာဒုတပ်ကြပ်ကလည်း ကန္တာရထဲမှာ ကျားသစ်ကိုက်လို့ ဆုံးရှာပြီ . . .၊

သူကလည်း တီဘီရောဂါနဲ့ ဆုံးရှာပြီ၊ အဲဒီအဖိုးတန်မြေပုံက ကျုပ်လက်ထဲမှာ သောင်တင်နေတယ်၊ တကယ်ပြောရရင် ကျုပ်က နွားမွေးတဲ့ဂေါ်ရခါးမဟုတ်ဘူး . . .၊ လက္ခဏာဖတ်တဲ့ ဂေါ်ရခါး၊ အဲဒီအဖိုးတန်ရတနာသိုက်မြေပုံဟာ ကျုပ်အတွက် အဖိုးမတန်ဘူး၊ ကျုပ်လည်း အဲဒီနေရာကို မသွားနိုင်ပါဘူး၊

သမီးအပျိုတစ်ယောက်က နီပေါမှာရှိတယ်၊ အိမ်လည်း အဲဒီမှာရှိတယ်၊ ကျုပ်သေသွားလို့မဖြစ်ဘူး၊ သူ့ကို စောင့်ရှောက်မယ့်လူ မရှိဘူး၊ အဲဒါကြောင့် အဲဒီမြေပုံရှိတဲ့နေရာကို သွားနိုင်တဲ့လူကို ရှာဖွေခဲ့တာ မတွေ့ခဲ့ပါဘူး၊ စွန့်စားသွားနိုင်ရုံနဲ့တော့ မပေးနိုင်ဘူး၊ မရှိဆင်းရဲတဲ့လူတွေကို လှူချင်တန်းချင်တဲ့လူ၊ သီလသမာဓိရှိတဲ့လူ၊ သာသနာပြုချင်တဲ့လူကိုပဲ ပေးချင်တာပါ. . .

ဒီကျောင်းကိုလာရင်းနဲ့ ဦးသူတော်ကြီးသုံးယောက်ကို ကျုပ် လေ့လာတယ်၊ ကျုပ်ရဲ့ ရတနာမြေပုံကို ပေးသင့်တဲ့လူတွေ







ဆိုတာကို ကျုပ် ဆုံးဖြတ်ပြီးပါပြီ၊ ဒါကြောင့် ဒီနေ့ သီတင်းကျွတ်လပြည့်နေ့မှာပဲ အဲဒီမြေပုံကို ဦးသူတော်ကြီးသုံးယောက်ကို ပေးပါမယ် . . .” ဟု ဆိုကာ လွန်စွာဟောင်းနွမ်းနေသော စာအိတ်ညို ကြီးတစ်အိတ်ကို ပေးလိုက်လေ၏။ ဖိုးသူတော်ကြီးသုံးဦးလည်း ထိုစာအိတ်ညိုကြီးကို ဖွင့်ကြည့်လိုက်ရာ အတွင်း၌ ဟိမဝန္တာတောင်တန်းကြီးကို အခြေခံ၍ ဆွဲထားသော ရတနာမြေပုံတစ်ချပ်ကို တွေ့ရလေ၏။ မြေပုံမှာ ရောင်စုံခြယ်ထား၏။ တောထူထပ်သော နေရာတွင် အစိမ်းရောင်အမျိုးမျိုးခြယ်ထား၏။ နှင်းထူထပ်သောနေရာတွင် အဖြူရောင်နှင့် အပြာနုရောင်များ ခြယ်ထား၏၊ ကျောက်တောင်နေရာများတွင် အစိမ်းရောင်နှင့် အနက်ရောင်များ ခြယ်ထား၏၊ မြေကြီးသက်သက်ရှိသောနေရာများတွင် နီညိုရောင်များ ခြယ်ထား၏၊ ဖိုးသူတော်ကြီးသုံးယောက်သည် ထိုမြေပုံကို ဖတ်ပြီးနောက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏၊


ဖိုးသူတော်ကြီး မိခေလက. . .

“ဟိမဝန္တာကိုတက်ဖို့ဆိုတာ နီပေါပြည်ဘက်ကနေ ပူတန်ကိုသွား၊ ပူတန်ကနေ ဟိမဝန္တာကို တက်ရမှာပဲ၊ ဟိမဝန္တာ ရောက်လို့ မပြီးသေးဘူး၊ အော်လတိန်တာတောင်စွယ်ကို ရှာရဦးမယ် . . .၊ အဲဒီတောင်စွယ်ကနေ မြေပြန့်ကို ဆင်းရမှာ . . .၊ မြေပြန့်မှာက လူသားစားလောက်အောင် ရိုင်းစိုင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com





လူရိုင်းတွေ ရှိသတဲ့ . . .၊ ကျားသစ်နဲ့ ခြင်္သေ့အပြင် အလွန်အားကောင်းပြီး အစွယ်ချွန်တဲ့ ကန္တာရမြေခွေးတွေလည်း ရှိတယ်ဆိုပဲ . . .၊

စွန့်စားခန်းက အဲဒီနေရာကျမှရောက်မှာ . . .၊ ရတနာပစ္စည်းတွေ ဝှက်ထားတဲ့နေရာက အော်လတိန်တာတောင်တန်းအဆုံး ကျောက်တောင်စုလေးရဲ့ အလယ်မှာရှိသတဲ့၊ အဲဒီကျောက်တောင်စုလေးကို မြေပုံပိုင်ရှင်က 'ပုလဲဒေဝီ' လို့နာမည်ပေးထားတယ်၊ ကျောက်တောင် (၇)လုံး ပတ်ပတ်ရဲနေတဲ့နေရာရဲ့ အလယ်မှာပဲ . . . " ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည် ခရီးထွက်ရန်အတွက် ပတ်သက်ရာပတ်သက်ကြောင်း လူများထံတွင် အလှူခံကြကုန်၏။ ထိုသို့အလှူခံရာ တစ်ယောက်လျှင် ငွေတစ်သိန်းလောက်စီ အလှူခံရကြလေ၏။ ထိုအခါ၌ အနာဂတ်ကံကြမ္မာကို သိလိုသောကြောင့် လက္ခဏာဆရာမင်းသိင်္ခထံတွင် လက္ခဏာ မေးရန်ဆုံးဖြတ်၍ သုံးယောက်သား ရန်ကုန်သို့ ဆင်းလာခြင်း ဖြစ်၏။ လက္ခဏာဟောချက်များ ရပြီးသောအခါ ပြင်ဦးလွင်မြို့သို့ပြန်သွားကြလေ၏။

ယခင်နေသော ဘုန်းကြီးကျောင်း၌ပင် ဆက်လက်၍နေထိုင်ပြီး ခရီးထွက်ရန် အစစအရာရာ ပြင်ဆင်ကြကုန်၏။ ထိုသို့ ပြင်ဆင်ရာတွင် ကျောင်းသို့ မကြာခဏလာရောက်သော







ရဲအရာ ရှိတစ်ဦးထံကပ်၍ ခြောက်လုံးပြူးသေနတ်တစ်လက်လိုင်စင်ဖြင့် ဝယ်ရန် ကြိုးစားကြကုန်၏။ နောက်ဆုံးတွင်လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်အား ဝယ်ယူရရှိသွားလေ၏။ ထို့ကြောင့် ဖိုးသူတော်သုံးဦးတွင် ခြောက်လုံးပြူးသေနတ်တစ်လက် ရသွားပြီဖြစ်၏။

ပြီးလျှင် အနီးကပ်တိုက်ခိုက်ရသော တိုက်ပွဲဝင်ဓားမြှောင် တစ်လက်စီ ဝယ်ကြပြန်၏။ ထိုဓားမြှောင်မှာ ဓားအဖြစ်ထိုး၍ခုတ်၍ ရသကဲ့သို့ အနောင့်တွင်လည်း လွှသွားထည့်ထားသောကြောင့် လွှအဖြစ်လည်း အသုံးပြု၍ရလေ၏။ ဓားမြှောင်လက်ကိုင်ထိပ်တွင် သံလိုက်အိမ်မြှောင်ပါသောကြောင့်ခရီးလမ်းညွှန်အဖြစ်လည်း အသုံးပြုနိုင်၏။ ဓားမြှောင်အရိုးကိုချွတ်လိုက်သောအခါတွင် အတွင်း၌ ငါးမျှားရန်အတွက် ငါးမျှားချိတ်အရွယ်အစားအမျိုးမျိုးနှင့် ငါးမျှားတံတွင် တပ်ဆင်ရန်ကြိုးတစ်ချောင်းလည်း ပါ၏။

ဓားမြှောင်ထည့်သော သားရေအိတ်၏ဘေးတွင် လှမ်း၍ ပေါက်ရန်အတွက် ဓားမြှောင်အသေးလေးတစ်လက် ပါ၏။ ထို့အတူ ဓားသွေးရန်အတွက် ဓားသွေးကျောက်တုံးကလေးတစ်တုံးစီလည်း ပါ၏။ ၎င်းတို့သုံးဦးသည် ထိုသို့ပြင်ဆင်နေစဉ်အတွင်း ၎င်းတို့ကို ရတနာသိုက်ညွှန်းမြေပုံ ပေးခဲ့သောရပ်ချ်ကူးမားဆိုသည့် ဂေါ်ရခါးအဘိုးကြီးသည် နီပေါပြည်မှ



www.burmeseclassic.com

www.burmeseclassic.com





ရင်း၏သမီး နေထိုင်မကောင်းဖြစ်၍ နီပေါသို့ ပြန်သွားပြီဖြစ်၏။ ရင်းဖိုးသူတော်ကြီးသုံးဦးသည် ပန်းဆိုးတန်းဆိပ်ကမ်းမှနေ၍ 'အက်စ်အက်စ်ပါး'ဆိုသော သင်္ဘောကြီးဖြင့် စီးနင်းလိုက်ပါပြီးလျှင် ကာလကတ္တားမြို့ ဖောင်ရာ ဆိပ်ကမ်း၌ ဆင်းကြလေ၏။ ကာလကတ္တားမှ မီးရထားဖြင့် အိန္ဒိယပြည် မြောက်ပိုင်းသို့ လိုက်ပါပြီးလျှင် ထိုမှတစ်ဆင့် နီပေါပြည်အတွင်းသို့ နိုင်ငံကူး လက်မှတ်လုပ်ကာ ဝင်ကြလေ၏။

နီပေါပြည်တွင်းသို့ရောက်လျှင် နီပေါပြည်၏ လမ်းမကြီးနှင့် လုမ္ဗိနီဘက်သို့ ချိုးဝင်သော လမ်းထိပ်သို့ သွားကြလေ၏။ ထိုလမ်းထိပ်သို့ရောက်သောအခါ ရပ်ချုပ်ကူးမား၏အိမ်ကို မေးမြန်းစုံစမ်းရာ ကလေးကအစ သိလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုရပ်ချုပ်ကူးမားဆိုသည့် ဂေါ်ရခါးအဘိုးကြီးသည် ထိုမြို့တွင် လူသိများသော ဗေဒင်လက္ခဏာဆရာ ဖြစ်သောကြောင့်တည်း။

ဖိုးသူတော်သုံးဦးသည် ရပ်ချုပ်ကူးမား၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိသွားလေ၏။ ရပ်ချုပ်ကူးမား၏အိမ်တွင် ထူးခြားသော လက္ခဏာပုံအမျိုးမျိုးကို မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။

ရပ်ချုပ်ကူးမားအဘိုးကြီးသည် ဖိုးသူတော်သုံးဦးအားမြင်လျှင် အားရဝမ်းသာ ဆီးကြိုလေ၏။ ထို့အပြင် ရင်း၏သမီး







ယာကိုလည်း ဖိုးသူတော်သုံးဦး တည်းခိုမည်ဖြစ်ကြောင်း၊ င်ရာနေရာ အစားအသောက်မှစ၍ လိုလေသေးမရှိ ဆောင်ရွက်ပေးရန် မှာကြားလေ၏။ 'မာယာ'လည်း ဖခင် မှာသည့်အတိုင်း အိမ်ဘေးရှိ အဆောင်တွင် ဖိုးသူတော် ဦးအတွက် အိပ်ရာသုံးခု ပြင်ဆင်ပေးလေ၏။

ထို့နောက် ရင်းတို့သည် သက်သတ်လွတ်စားသည့် ရာ သက်သတ်လွတ်ဟင်းလျာများကို ထူးထူးပြားပြား က်ပြုတ်၍ ဖိုးသူတော်တို့သုံးဦးအား ချက်ပြုတ်ကျွေးမွေး ၏။ ရင်းတို့သုံးဦးသည် အုန်းနို့နှင့်နှပ်၍ချက်သော ယာကြော်ဆီပြန်ဟင်းကို အထူးသဖြင့် နှစ်သက်ကြကုန်၏။ ကို မီးကင်၍ ချဉ်ချဉ်စပ်စပ်သုပ်သော မှိုသုပ်ဟင်းလျာကို ည်း အထူးခံတွင်းတွေ့ကြကုန်၏။ ကောက်ညှင်းငချိပ်ကို နို့ဖြင့်ကျိုသော သွားရည်စာကိုလည်း ခံတွင်းတွေ့ကြကုန်

ရင်းဖိုးသူတော်သုံးဦးသည် မြတ်စွာဘုရားမွေးဖွားသည့် မ္ဗိနီသာမဓာအင်ကြင်းတောသို့ပင် သွားရောက်၍ ဖူးမြော်ကြ ုန်၏။ ညနေစာထမင်းစားသောက်ပြီးသောအခါ၌လည်း သူတော် သုံးဦးမှာ ညစာမစားသောကြောင့် မာယာက သခွား ဖျော်ရည်၊ နာနတ်သီးဖျော်ရည်၊ သစ်မယ်ဇယ်သီးဖျော်ရည် သည့်များကို စီမံ၍ တိုက်ကျွေးလေ၏။ ထိုသို့ တိုက်ကျွေးပြီး



www.burmeseclassic.com

www.burmeseclassic.com







လျှင် လွန်စွာနားထောင်ကောင်းသော ရှေးဟောင်းဂေါ်ရခါ ပုံပြင်များကိုလည်း နားထောင်သေး၏။

ထို့ကြောင့် ဖိုးသူတော်မိခေလက. . .

"မာယာဟာ ဗမာစကားကို အကျအန ပြောတတ်တ ပဲ" ဟု ချီးမွမ်းရာ မာယာက. . .

"ကျွန်မက ဗမာပြည် ပြင်ဦးလွင်မြို့မှာ မွေးတ အဲဒီမှာ ကြီးတာလေ . . .၊ အဲဒီမှာ ဆယ်တန်းအောင်တ ဆယ်တန်း အောင်ပြီးမှ အဖေက ဒီကိုပို့ထားတာ . . ." ပြောလေ၏။

ဖိုးသူတော်သုံးဦးသည် တစ်လခန့် ထိုအိမ်တွင် နေထို ပြီးနောက် 'ဘူတန်'နိုင်ငံသို့ ကူးကြလေ၏။ ဘူတန်မှတစ်ဆ ဟိမဝန္တာသို့ တက်ကြလေ၏။ ထိုမှတစ်ဆင့် အော်လတိန်တ တောင်သို့ ခက်ခဲပင်ပန်းစွာ ခရီးဆက်ကြရလေ၏။ ရက် တန်ကြာ ခရီးဆက်ပြီးနောက် လမ်းပြတစ်ဦး၏ အကူအညီဖြ အော်လတိန်တာ တောင်စွယ်ကို တွေ့ကြလေ၏။ ထိုတော စွယ်ကိုမတွေ့မီ၌ အညှိုးအမှတ်ကြီးသော နှာကိုးပေါက်ပါသ တောကြီးမြွေဟောက်၏ရန်ကို အကြိတ်အနယ် ကာကွယ် လေ၏။ ထို့အပြင် လူသားစားဖူး ဟန်ရှိသော ကျားသစ် တစ်ကောင်၏ ရန်မူခြင်းကိုလည်း ဖိုးသူတော် မိခေလ ခြောက်လုံးပြူးသေနတ်ဖြင့် ဖြေရှင်းရလေ၏။





လုံရှည်ကိုင် လူသားစားလူရိုင်းတစ်ဦး၏ရန်ကိုလည်း သူတော် 'အိမ်ခွေ'၏ တိုက်ပွဲဝင်ဓားမြှောင်ဖြင့် အကြိတ်အနယ် ဖြေရှင်းခဲ့ရလေ၏။ သို့ရာတွင် အော်လတိန်တာ တောင်စွယ် ရောက်သောအခါ၌ ရတနာပစ္စည်းများထားသော နေရာနှင့် းစွာမဝေးလှကြောင်း သိရသောအခါ အားများတက်လာကြ န်၏။ ထိုသို့ အားတက်နေစဉ်အတွင်း၌ပင် လူရိုင်းတစ်အုပ် ည် သစ်ပင်များပေါ်မှ ခုန်ဆင်းလာကြပြီးလျှင် ဖိုးသူတော် ဦးကို မြားများဖြင့် ချိန်ရွယ်ကာ ဖမ်းဆီး၍ ကြိုးများတုပ်နှောင် ကျောက်တောင်ငါးလုံးရှိသောနေရာသို့ ခေါ်သွားပြီးလျှင် စ်ဦးလျှင် တောင်တစ်လုံးစီ၌ ခွဲ၍ချုပ်နှောင်ထားလေ၏။

ဖိုးသူတော်မိခေလသည် အစောင့်လူရိုင်းကို ခြောက် ပြူးသေနတ်ဖြင့် ပစ်သတ်ပြီးလျှင် ကျောက်တောင်ကို ကျော် န်၍ ပြေးကာ အခြားကျောက်တောင်တစ်လုံးထိပ်ပေါ်မှနေ၍ ပေါ်စီးဖြင့် အောက်သို့ လှမ်းမျှော်ကြည့်ရှုနေလေ၏။ ထိုသို့ ကြည့်နေခဲ့ရာ တစ်ရက်တိတိပြည့်မြောက်သောအချိန်တွင် သူတော်ပေါလုသည် အထုပ်ကြီးတစ်ထုပ်ကို ထမ်း၍ ရောက် လေ၏။

"ဩော် . . . ပေါလု၊ မင်းလည်း လွတ်လာပြီကိုး" ဟု ာလိုက်ရာ ပေါလုက -

"သိပ်ပြီးအံ့ဩဖို့ကောင်းတာပဲ၊ ဒီလိုနေရာမှာ ဗမာ

www.burmeseclassic.com

www.burmeseclassic.com



တား ပြောတတ်တဲ့ လူတစ်ယောက်တွေ့ဖို့မလွယ်ဘူး၊ ကျုပ် မှန်းချက် အရဆိုရင် မနက်ဆိုရင် ကျုပ်ကို သတ်တော့မှာ . . အဲဒီအချိန်မှာ အဘိုးကြီးတစ်ယောက် ရောက်လာတယ်၊ သက် ၅၀ လောက် ရှိပြီ၊ ကျုပ်က သူ့ကို လှမ်းပြီးကြည့်လို တော့ သူက ကျုပ်ကို 'သားတော်ကြီး၊ ဘာမှမပူနဲ့' လို့ ပြော လှံထမ်းပြီးစောင့်နေတဲ့လူရိုင်းကို ဘယ်လိုလုပ်လိုက်ထ မသိဘူး၊ အဲဒီငတိ အိပ်ပျော်သွားတယ်၊

အဲဒီအခါကျတော့မှ ကျုပ်ကိုချည်ထားတဲ့ကြိုးတွေ ဖြည်ပေးတယ်၊ အဲဒီအခါမှာ ကျုပ်က သူ့ကို 'အဘ ကျွန်တော့် သူငယ်ချင်းနှစ်ယောက်လည်း အခုလိုပဲ ဖမ်း တယ်၊ ကယ်ပါဦး' လို့ ပြောလိုက်တယ် . . .၊ အဲဒီ အဘိုးကြီးက 'ဒီမှာ သားတော်ကြီး၊ ကယ်ချင်တဲ့လူတိ ကယ်လို့မရဘူးကွ၊ မင်းတို့အထဲက 'အိန္ဒြေ' ဆိုတဲ့အကောင် အလွန့်ကို အကုသိုလ်များတဲ့ကောင်ကွ၊ ဒီကောင်ဟာ စ အရှင်လတ်လတ်ကို ကောက်ရိုးနဲ့ မီးအုံး ပြီး စားတဲ့အ ကွ. . .၊ စာကလေးတွေ ဘာတွေဆိုရင်လည်း အရှင် လတ် အမွေးနုတ်ပြီး မီးကင်စားတဲ့ကောင် . . .၊ သူက အဲဒီဝဋ်ကို ခံရလိမ့်မယ်ထင်တယ်၊ ဘယ်တတ်နိုင်မလဲကွာ. .

ကံတရားဆိုတာ ကိုယ်စိုက်တဲ့အပင်က အသီး ကိုယ်ခူး စားရတာပဲကွ၊ တစ်ခုတော့ရှိတယ်ကွ၊ မင်းရဲ့သူ





ချင်းမိခေလကတော့ အစောင့်လူရိုင်းကို သူ့ရဲ့ခြောက်လုံးပြူး သေနတ်နဲ့ ပစ်သတ်ပြီး လွတ်သွားပြီကွ . . .၊ မင်းတို့ကို စိတ်ပူလို့ ယောဟိုအမြင့် ဆုံးတောင်ပေါ်ကိုတက်ပြီး ကြည့်ချင် ကြည့်နေလိမ့်မယ်လို့ ပြောတာနဲ့ မင်းရှိတဲ့ ကျောက်တောင်ဆီကို ကြည့်လိုက်တဲ့အခါ ငါ့ကိုကယ်တဲ့ အဘိုးကြီးက ငါ့လက်ကို ဖမ်းဆွဲထားပြီး. . .

'မပြေးနဲ့ဦးကွ . . .၊ မင်းတို့လာရင်းကိစ္စဟာ ရတနာ ပစ္စည်းရှာဖို့ကိစ္စမဟုတ်လား . . .၊ အိပ်ပျော်နေတဲ့လူရိုင်းရဲ့ ခါးကဓားကိုဖြုတ်ပြီး ယောဟိုနေရာကို တူးကွ၊ ပစ္စည်းတွေ ရလိမ့် မယ်" လို့ ပြောတယ်၊ ဒီတော့ ငါက. . .

'အဘရယ် . . .၊ အဲဒီလိုတူးနေတုန်း ဒီလူရိုင်းနိုးသွား ရင် ကျွန်တော် သေမှာပေါ့ . . .' လို့ ပြောလိုက်တော့ အဘိုး ကြီးက. . .

'အဲဒီလူရိုင်းဟာ နောက်နေ့ ဒီအချိန်ကျမှ အိပ်ရာက နိုးမှာကွ၊ စိတ်အေးလက်အေးတူးစမ်းပါကွာ . . .၊ တခြားလူရိုင်း တွေ မလာအောင်တူး၊ ငါက စည်းချထားတယ်၊ စိတ်အေးလက် အေးသာလုပ်စမ်းပါ ပေါလုရာ. . . ဆိုတာနဲ့ ငါလည်း အိပ်ပျော် နေတဲ့ လူရိုင်းရဲ့ခါးက ဓားကိုဖြုတ်ပြီး မြေကြီးကို တူးဆွကြည့် တာ စစ်သားများယူနိဖောင်းထည့်တဲ့ သံသေတ္တာကြီးတစ်လုံး ပေါ်လာတယ်၊ အဲဒီသံသေတ္တာပေါ်မှာက ပစ္စည်းကို မြှုပ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ရခါးစစ်သားရဲ့ ကိုယ်ပိုင်အမှတ်နဲ့ နာမည်ရေးထားတာကို တွေ့ရတယ်၊ ဒါနဲ့ ငါလည်း ခတ်ထားတဲ့ သော့ခလောက်ကို ကျောက်တုံးနဲ့ ထုပြီး ဖျက်ဆီးပစ်တယ်၊ သေတ္တာကို ဖွင့်လိုက်တော့ ပုလဲတွေကို တွေ့လိုက်ရတယ်၊ သေတ္တာထဲက ပတ္တူအိတ်ကိုယူပြီး အဲဒီပုလဲတွေကို ထည့်ပြီး ထမ်းလိုက်တဲ့အချိန်မှာပဲ အဘိုးကြီးက. . .

'ဖြစ်တဲ့နည်းနဲ့ ဟောဟိုကျောက်တောင်ပေါ်ကို ရောက်အောင်တက်ကွ၊ အဲဒီမှာ မင်းသူငယ်ချင်း မိခေလကို တွေ့ရလိမ့်မယ် . . .' လို့ ပြောတယ်ကွ၊ ငါလည်း မင်းဆီကို လာခါနီးမှာ အဘိုးကြီးကို 'အဘ စည်းချတာ သိပ်ကောင်းတာပဲနော်၊ လူရိုင်းကောင်တွေ တစ်ယောက်တလေတောင် ပေါ်မလာတော့ဘူး၊ ဘယ် ဂါထာနဲ့ ချတာလဲ အဘ' လို့ မေးလိုက်တော့ အဘိုးကြီးက. . .

'မင်းကလည်း အတော်စပ်စုတဲ့ကောင်ပဲ၊ တခြားဂါထာ ဟုတ်ရိုးလားကွာ . . .၊ ဩောင်း တစ်ရာ့ရှစ်ကွက်ဂါထာ (၉) ခေါက်ရွတ်ပြီး ချထားတာကွ' လို့ ပြောတယ်၊ အဲဒီမှာ ငါက အဘိုး ကြီးကို 'နောက်နောင် အဘနဲ့တွေ့ချင်ရင် ဘယ်မှာရှာရမှာလဲ" လို့ မေးလည်းမေးလိုက်ရော အဘိုးကြီးက. . .

'ငါက ဝိဇ္ဇာကွ၊ ဝိဇ္ဇာမှာ လိပ်စာမရှိဘူးကွ၊ အဲဒီတော့ တွေ့ချင်ရင် အရဟံသိဒ္ဓိကို ပုတီးများများ စိပ်ပေးကွာ . . .၊





ဘယ်လောက်စိပ်ရမလဲဆိုရင် ပါးစပ်ထဲက အမြှုပ်ထွက်တဲ့အထိ စိပ်ပေါ့ကွာ . . .' လို့ ပြောပြီး အဘိုးကြီးလည်း လှည့်ထွက်သွားတယ်၊ ငါလည်း အဘိုးကြီးထွက်သွားတဲ့ဘက်ကို လှမ်းကြည့်လိုက်တော့ အဘိုးကြီးဟာ ငါ့မျက်စိအောက်မှာပဲ ပျောက်ချင်းမလှ ပျောက်သွားတယ်၊ ငါလည်း အဘိုးကြီးပျောက်သွားတယ်ဆိုရင်ပဲ ပုလဲတွေ ထည့်ထားတဲ့အိတ်ကို ထမ်းပြီး အခုလို မင်းဆီကို ရောက်လာတော့တာပေါ့ . . ." ဟု သူငယ်ချင်းဖြစ်သူ မိလေခအား ရှည်လျားစွာ ရှင်းပြလေ၏။

ပေါလုသည် မိခေလနှင့် တွေ့ဆုံသွားပြီးနောက် ၎င်းတို့နှစ်ဦးသည် မီးတုတ်များထွန်း၍ လူရိုင်းများ စုရုံးစုရုံးလုပ်နေသော ကျောက်ဆောင်အောက်ခြေဆီသို့ ကြည့်လိုက်ရာ ၎င်းတို့၏ သူငယ်ချင်း 'အိန္ဒြေ' အား ကားစင်တင်၍ ကြိုးချည်ထားသည်ကို တွေ့ရလေ၏။ မိခေလသည် စစ်သုံးမှန်ပြောင်း၏ အကူအညီဖြင့် အိန္ဒြေအား လှမ်း၍ကြည့်လိုက်ရာ အိန္ဒြေသည် ကားစင်ပေါ်တွင်ပင် အိပ်မောကျနေပြီဖြစ်၏။

ပေါလုသည် ထိုမှန်ပြောင်းကိုယူ၍ ကြည့်ပြီးလျှင်. . .

"ဟေ့ မိခေလ၊ အိန္ဒြေဆိုတဲ့ကောင် တော်တော်သတ္တိကောင်းတယ်ကွ . . .၊ သေဘေးနဲ့ကြုံနေတာတောင် အိပ်နိုင်တယ်ကွာ . . ." ဟု ပြောရာ မိခေလက -

"ရိုးရိုးအိပ်နေတာတော့ မဟုတ်ဘူးကွ၊ လူရိုင်းတွေက



www.burmeseclassic.com

www.burmeseclassic.com







မူးယစ်ဆေးတစ်မျိုးမျိုး တိုက်ထားလိမ့်မယ်ကွ” ဟု ပြန်၍ပြောလေ၏။

ထိုအချိန်၌ လူရိုင်းအချို့သည် ကိုင်ဆောင်ထားသော မီးတုတ်များဖြင့် အိမ်ခြွေ၏ကိုယ်ကို လာ၍မြှိုက်လေ၏။ အိမ်ခြွေမှာ တုတ်တုတ်မျှမလှုပ်ပေ။

ထို့ကြောင့် ပေါလုက...

“မိခေလရေ...၊ အိမ်ခြွေကို မီးတုတ်နဲ့ မြှိုက်နေပြီကွ၊ ဒီကောင်ကတော့ မနိုးသေးဘူးကွ...၊ အခုနေ ငါတို့ ခြောက်လုံးပြူးနဲ့ဝင်ပစ်ပြီးကယ်ရင် ရနိုင်မလား...” ဟု မေးလေ၏။

“ဆုံထဲမှာက ကျည်ဆန်က ငါးတောင့်ပဲ ရှိတယ်ကွ၊ လူရိုင်းက အထီးရော အမရော တစ်ရာလောက်ရှိတယ်ကွ၊ တို့မနိုင်နိုင်ဘူး၊ လူရိုင်းငါးယောက်သေပြီးရင် တို့အလှည့်ရောက်သွားမယ်” ဟု မိခေလက ပြန်၍ပြောလေ၏။ များမကြာမီ၌ လူရိုင်းမများ သည် ဝါးကျည်တောက်များဖြင့် ရေများသယ်လာပြီးလျှင် အိမ်ခြွေ ၏ခေါင်းမှ လောင်းချ၍ ရေချိုးပေးလေ၏။

“မိခေလရေ...၊ လူရိုင်းမတွေက အိမ်ခြွေကို ရေချိုးပေးနေတယ်ကွ၊ လူရိုင်းမတွေကတော့ စိတ်ကောင်းရှိပုံပါပဲကွာ...” ဟု ပေါလုက ပြောလေ၏။ ထို့နောက် လူရိုင်းမများသည် ပြာများ ယူ၍ အိမ်ခြွေ၏တစ်ကိုယ်လုံး အကျိုအကြားမကျန် ပွတ်တိုက်ပေးလေ၏။





ထိုအခါ ပေါလုက...

“မိခေလရေ...၊ ဆပ်ပြာမရှိလို့ လူရိုင်းမတွေက ပြာတွေနဲ့ ချေး(ကျိုး)ချွတ်ပေးနေတယ်ကွ...”ဟု ပြောလေ၏။

ထိုအခါ မိခေလက -

“အကောင်းလုပ်တာမဟုတ်ဘူးဟေ့၊ ငါတို့ ငါးချက်တဲ့အခါမှာ သန့်ရှင်းအောင် အကြေးထိုးသလို ပြာနဲ့ပွတ်ပြီး ရေဆေးသလိုလုပ်နေတာကွ...၊ တို့ကောင်အိမ်ခြွေကိုတော့ မီးရှို့ပြီး ဖုံ့စား ကြလိမ့်မယ်ထင်တယ်...၊ ငါကတော့ ကယ်လည်းမကယ်နိုင်ဘူး၊ ကြည့်လည်း မကြည့်ရက်ဘူးကွာ...၊ ဒီကအမြန်ဆုံးသွားတာ ကောင်းမယ်...” ဟု မိခေလက ပြောလေ၏။ ပေါလုကလည်း သဘာတူလေ၏။

၎င်းတို့နှစ်ဦးသည် ပုလဲထုပ်ကို ခွဲ၍ထမ်းပြီးလျှင် အော်လတိန်တာတောင်စွယ်မှ ဟိမဝန္တာတောင်တန်း၊ ထိုမှတစ်ဆင့် ဘူတန်ပြည်၊ ဘူတန်မှတစ်ဆင့် နီပေါသို့ ခရီးဆက်ခဲ့ကြလေ၏။

နီပေါသို့ရောက်လျှင် လုမ္ဘိနီသို့သွားသော လမ်းထိပ်မှ ဂေါ်ရခါးလက္ခဏာဗေဒင်ဆရာ ရပ်ချ်ကူးမား၏အိမ်သို့ ဝင်ကြလေ၏။ ထိုအိမ်သို့ရောက်လျှင် ၎င်းတို့၏ဇာတ်လမ်းအစုံကို သားအဖနှစ်ဦးအား ပြောပြလေ၏။

ထိုသို့ပြောပြပြီးလျှင် ရလာသော ပုလဲများကို လေးပုံပုံ၍ ပေါလုက တစ်ပုံ၊ မိခေလက တစ်ပုံ၊ လူရိုင်းများလက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အသက် ဆုံးပါးသွားသော အိမ်မြှေအတွက်တစ်ပုံ၊ အဘိုးကြီးရပ်ချို့ ကူးမားနှင့် သမီးဖြစ်သူ မာယာတို့အတွက်တစ်ပုံ . . . လေးပုံ ပုံလေ၏။

သို့ရာတွင် မိခေလက ၎င်းရသောအပုံကို မယူဘဲ မာယာအား ပေးလိုက်လေ၏။ ထို့ကြောင့် ဖခင်ဖြစ်သူ ရပ်ချို့ကူးမားက တစ်ပုံ၊ မာယာကတစ်ပုံ ဖြစ်သွားလေ၏။ ထို့ပြင် သေဆုံးသွားသော အိမ်မြှေအတွက် တစ်ပုံကိုလည်း ၎င်းတို့ သားအဖကိုပင် အပြီးအပြတ် လှူဒါန်းလိုက်လေ၏။ ၎င်းတို့ သားအဖလည်း ရလာသော ပုလဲများအနက် တစ်လုံးတလေမျှပင် မယူလိုကြောင်း၊ မျက်ရည်ပေါက်ကြီး ငယ်ကျသည့်တိုင်အောင် ငိုယို၍တောင်းပန်သဖြင့် ပုလဲအားလုံးကို ပေါလု၏ လက်သို့ အပ်လိုက်ကြလေ၏။

ပေါလုသည် ပုလဲ (၁၀၈)လုံးကို ပုတီးပြုလုပ်၍ ထိုအချိန်မှစကာ အရဟံသိဒ္ဓိဟူသော ဂါထာကိုသာ အစဉ်သဖြင့် ပုတီးစိပ် နေလေတော့၏။

သုံးရက်မြောက်သောနေ့တွင် ပေါလုသည် အိပ်မက် တစ်ခု မြင်မက်လေ၏။ အိပ်မက်ထဲတွင် ၎င်း၏အသက်ကို ကယ်ခဲ့သော 'အဘ'ဆိုသည့် အဘိုးကြီးရောက်လာပြီးလျှင်. . .

"ဟေ့ ပေါလု၊ ပုလဲကို ပုတီးလုပ်ပြီး စိပ်တာထက် ရေအောက်ကရတဲ့ သန္တာတွေကို ပုတီးလုပ်ပြီးစိပ်တာက ပိုပြီး





ကောင်းတယ်ကွ . . .၊ အဲဒီပုတီးနဲ့ မင်းအိပ်မက်ပေးချင်တဲ့ လူဘက်ကိုလှည့်ပြီး သေနတ်နဲ့ချိန်သလို ပုတီးကို တန်းတန်း ကိုင်ပြီး 'ဥမ်'ကို အဆက်မပြတ် စိပ်ပေးကွ . . .၊ အဲဒီလို ပုတီးစိပ်ရင်းက မင်းမက်ချင်တဲ့အကြောင်းအရာကို စိတ်က လည်းကူး၊ ပါးစပ်ကလည်း ပြောရတယ်ကွ . . .၊ အဲဒီအခါမှာ အဲဒီလူဟာ အဲဒီအတိုင်း အိပ်မက်မက်ပါလေရော . . .၊

ချပ်ဝေးရောက်နေတဲ့ မင်းသူငယ်ချင်းတွေဘာတွေကို မင်းပြောချင်တာတွေ ပြောလို့ရတာပေါ့ကွာ . . .၊ အဲဒီတော့ ပုလဲကို ရောင်းပြီး နီပေါနဲ့ အိန္ဒိယ စပ်နေတဲ့နေရာမှာ ဈေးတွေ့ လိမ့်မယ်၊ အဲဒီဈေးမှာ ချစ်တီးကုလားဖွင့်တဲ့ ငွေပန်းထိမ်ဆိုင် ရှိတယ်ကွ၊ အဲဒီမှာ သန္တာပုတီးတစ်ကုံးလုပ်ပြီး မင်းလည်ပင်းမှာ ဆွဲထားပေတော့၊ အဲဒါနဲ့ပဲ ပုတီးစိပ်ကွ . . .၊ ပြီးတော့ မင်းရဲ့ လက်ဝဲဘက် လက်သူ ကြွယ်အောက်ဆုံးအဆစ်မှာ 'ဒေဝိက' ဆိုတဲ့ လမ်းကြောင်းအမှတ် အသားလေးတစ်ခု ပါတယ်ကွ . . .၊ မင်းဟာ အဲဒီအမှတ် အသားလေးကြောင့် တစ်နေ့မှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်၊ ကြိုးစားစမ်းပါ ပေါလုရာ . . ."ဟု ပြောလေ၏။ ပေါလုလည်း အိပ်ရာမှ လန့်နိုးသွားပြီးလျှင် မိခေလအား ၎င်း၏အိပ်မက်ကို ပြောပြလေ၏။

ထို့နောက် ပေါလုကပင် မိခေလအား. . .

"အဲဒီတော့ မိခေလရေ . . .၊ ငါတော့ နောက်မဆုတ်



www.burmeseclassic.com





www.burmeseclassic.com



တော့ဘူးကွာ . . .၊ ဟောဒီပုလဲတွေရောင်းပြီး သာသနာပြုမယ်ကွာ . . .၊ လှူတန်တာ လှူမယ်ကွာ . . .၊ သေသွားတဲ့တို့ကောင် ကြီးအိန္ဒြေကိုလည်း အမျှပေးမယ်ကွာ . . .၊ အဲဒါကြောင့် အခုကတည်းက ဆရာကြီးရပ်ချ်ကူးမားကိုရော၊ သမီးဖြစ်သူ မာယာကိုရော၊ သူငယ်ချင်းမိခေလကိုရော ငါနှုတ်ဆက်တယ်ကွာ . . .၊ မနက်ဆိုရင် ငါတော့ ခရီးထွက်ပြီကွာ . . .၊ တောတွေတောင်တွေထဲမှာ ထွက်ရပ်ပေါက်လမ်းကို ကျင့်တော့မယ် . . . ” ဟု ဆိုကာ ပုလဲထုပ်အိတ်ကြီးကိုထမ်း၍ ထွက်သွားလေတော့သတည်း။

ပေါ်လုမရှိတော့သောအခါ၌ အဘိုးကြီးရပ်ချ်ကူးမားက မိခေလအား. . .

“မင်းရော ဘာလုပ်မယ် စိတ်ကူးသလဲ” ဟု မေးလေ၏။

ထိုအခါ မိခေလက. . .

“ဘာလုပ်ရမှန်းမသိပါဘူး ရပ်ချ်ကူးမားရယ် . . . ” ဟု ဖြေလိုက်ရာ ရပ်ချ်ကူးမားက. . .

“ငါ့မှာ သားသမီးဆိုလို့ မာယာတစ်ယောက်ပဲရှိတယ်ကွာ၊ ငါ့ရဲ့ပညာအမွေကိုပေးတော့လည်း သူက မယူနိုင်ဘူး၊ အဲဒီတော့ မင်းသင်ချင်သည်ဖြစ်စေ၊ မသင်ချင်သည်ဖြစ်စေ ငါ့ရဲ့ပညာအမွေကို လက်ခံတဲ့အနေနဲ့ ဗေဒင်လက္ခဏာပညာတို့ သင်ရမယ်ကွ၊ အဲဒါ ငါ့ကို အကြီးအကျယ် ကူညီလိုက်တာပဲ၊





အဲဒီလိုမလုပ်ရင် ငါ့ရဲ့ပညာတွေဟာ ငါသေတဲ့ဆီကို ပါသွားလိမ့်မယ်” ဟု ပြောသဖြင့် မိခေလလည်း. . .

“ကြိုးစားပြီး သင်ယူပါ့မယ်” ဟု ကတိပေးလိုက်ရလေတော့၏။ မိခေလသည် ရပ်ချ်ကူးမား၏အိမ်တွင်နေ၍ ပညာသင်ယူခဲ့လေ၏။ ထိုသို့နေထိုင်ရင်း အချိန်ကာလကြာသောအခါ၌ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုသည့်စကားအတိုင်း မိခေလနှင့် မာယာတို့သည် ငြိသွားကြလေတော့၏။

ထိုအခါ မာယာ၏ဖခင် ရပ်ချ်ကူးမားက ကျေကျေနပ်နပ်ပင် သဘောတူကာ သမီးဖြစ်သူမာယာအား ဖိုးသူတော်လူထွက် မိခေလနှင့် လက်ထပ်ထိမ်းမြားပေးလိုက်လေတော့၏။

မိခေလသည် နီပေါတွင် နေထိုင်ရင်း လက္ခဏာဗေဒင်ဟောပြောလေ၏။ လွန်စွာမှန်ကန်တိကျသောကြောင့် အတိုင်းတိုင်း အပြည်ပြည်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းများသည် လက္ခဏာဆရာ မိခေလအား ၎င်းတို့၏တိုင်းပြည်များသို့ ဖိတ်ကြား၍ ၎င်းတို့၏မိတ်ဆွေများ၊ ဆွေမျိုးများကို လက္ခဏာ ...က်စေခဲ့၏။ ထို့ကြောင့် မိခေလသည် ကမ္ဘာသိလက္ခဏာဆရာတစ်ဦး ဖြစ်လာလေတော့၏။

သူသည် အတိုင်းတိုင်းအပြည်ပြည်သို့လှည့်ကာ လက္ခဏာ ဟောပြောခြင်းအလုပ်ကို ပြုလုပ်၏။ ယခုနောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com





ရောက်ရှိနေသော တိုင်းပြည်မှာ ယိုးဒယားပြည်ဖြစ်၏။ ထိုပြည်မှ ဆွေတော်မျိုးတော်များကို လက္ခဏာဖတ်ပေးရန် ရောက်ရှိနေခြင်းဖြစ်၏။

ထိုသို့ရောက်ရှိနေချိန်၌ပင် မိခေလသည် ၎င်းတို့ ဖိုးသူတော်သုံးဦးဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ အဘထံသို့ပေးပို့ခဲ့ခြင်းဖြစ်၏။ အမှန်စင်စစ် ဖိုးသူတော်သုံးဦး လက္ခဏာကြည့်စဉ်က ကျွန်ုပ်ညာကလိသည် အဘထံသို့ မရောက်သေးပေ။ မိခေလ စာပို့သောအခါ၌မူ ကျွန်ုပ်သည် အဘထံသို့ ရောက်နေပြီဖြစ်၏။

မိခေလသည် ယိုးဒယားမှတစ်ဆင့် တရုတ်ပြည် ယူနန်နယ်သို့ သွားဦးမည်ဟု သိရ၏။ ယူနန်မှတစ်ဆင့် ရှမ်ဂရီလာမြို့သို့ ခရီးဆက်ဦးမည်ဟုလည်း သိရပြန်၏။ မိခေလထံမှ နောက်ထပ်ရသောစာမှာ ပေါလုနှင့်တွေ့ဆုံသောသူများကို ပေါလုက ပုလဲတစ်လုံးစီ အဆောင်အဖြစ်ပေးခဲ့၏။ ထိုသို့ပေးရာ၌လည်း ပုလဲများကို အရဟံသိဒ္ဓိမန်း၍ ပေးခဲ့ခြင်းဖြစ်၏။ ပုလဲများရရှိသောသူများမှာ ပေါလုအား **'ပုလဲ ဘာဘာ'** သို့မဟုတ် **'ဗျလဘာဘာ'** ဟု ခေါ်ကြကုန်၏။ ထိုသူတို့၏ပြောဆိုချက်များအရဆိုလျှင် ပေါလုသည် သိဒ္ဓိ၊ မဟိဒ္ဓိ ရသွားသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦးဖြစ်သွားကြောင်း သေချာသလောက်ရှိလေ၏။ အရဟံသိဒ္ဓိကို ရွတ်စေခြင်းဖြင့် ဘိုးတော်ပေါလုတို







အိပ်မက်မြင်မက်လေ့ရှိသည်ဟုလည်း မကြာခဏ ကြားခဲ့ဖူးပါသည် ဟူသောအကြောင်းအရာပါသည့်စာပင် ဖြစ်ပေတော့သတည်း။

အနိယာ ဟော၌
**အရှင်ညာကလိ**
(အဘ၏ ထမင်းချက်)

…ဥဿဿ…



www.burmeseclassic.com

www.burmeseclassic.com












(၇)

# ဤလောကတွင် အမှန်တကယ်မရှိသောသူတစ်ဦး လက္ခဏာလာရောက်မေးမြန်းခြင်း

တစ်ခုသော ဆောင်းတွင်းညတစ်ည (၇)နာရီခန့်တွင် ဆရာသည် သူ၏ဧည့်ခန်းတွင်း၌ မီးဖိုလေးတစ်လုံးနှင့် မီးလှုံရင်း စာအုပ်တစ်အုပ်ကို ဖတ်နေလေ၏၊ ထိုစာအုပ်မှာ 'ယောမင်းကြီး ဦးလှိုင်' ရေးသားသော 'တစ္ဆတ္တဒီပနီ' ဆိုသည့် တစ္ဆေများအကြောင်း ရေးသားထားသည့် စာအုပ်ပင်ဖြစ်၏၊

ထိုအချိန်၌ အခန်းတံခါးဝသို့ အသက် (၃၀)ကျော် အရွယ် လူငယ်တစ်ဦး ရောက်လာပြီးလျှင်. . .

"ဝင်ခွင့်ပြုပါ ခင်ဗျာ . . ." ဟု ခွင့်တောင်းကာ ဝင်ရောက်လာလေ၏။ ထိုလူငယ်၏ လက်ထဲတွင် လက်ဆွဲသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com







ငယ်တစ်လုံးလည်း ပါလာလေ၏၊ ထိုလူငယ်သည် ဘောင်း နှင့် ရှူးဖိနပ်တို့ကို ဝတ်ဆင်ထားသူဖြစ်၏၊ အခန်းဝတွင် သူ ရှူးဖိနပ်ကို ချွတ်ခဲ့လေ၏၊ အခန်းအတွင်းသို့ ရောက်သောအခါ အဘက သူ၏ရှေ့တည့်တည့်ထိုင်ခုံတွင် ထိုင်ရန် ညွှန်ပြလိုက် ရင်း. . .

"ထိုင်ပါ သူငယ် . . ." ဟု ပါးစပ်ကပါ ပြောလိုက် လေ၏၊ အဘသည် ဖတ်လက်စစာအုပ်ကို ပိတ်၍ ရှေ့မှစား ပေါ်သို့ လှမ်း၍တင်လိုက်၏၊ ထိုလူငယ်သည် အဘတင်လိုက် သော စာအုပ်၏အဖုံးကို လှမ်း၍ဖတ်ပြီး တစ်ချက်မျှ လိုက်သေး၏၊ သူသည် ဆွဲကိုင်လာသော သေတ္တာငယ်ကို စား ပေါ်သို့ တင်ထားပြီးဖြစ်၏၊

အဘက ၎င်းအား. . .

"ဆိုစမ်းပါဦး . . ." ဟု စကားစလိုက်ရာ လူငယ်သည် ၎င်း၏လက်ဆွဲသေတ္တာကို သော့ဖွင့်၍ အတွင်းမှ ကတ်ပြားတစ် ကို ဆွဲထုတ်လိုက်ပြီးလျှင် ထိုကတ်ပြားကို အဘဘက်သို့ လှမ်း ပေးလေ၏၊

"ကျွန်တော့်နာမည်က မောင်လှမြင့်လို့ခေါ်ပါတယ်၊ ကျွန်တော်က အင်ဂျင်နီယာအတတ်ကို ဒီပလိုမာလက်မှတ်ရ အထိ သင်ခဲ့ဖူးပါတယ်၊ အခု ကျွန်တော် ဆရာကြီးကို ပြတာ ကျွန်တော်ရခဲ့တဲ့ ဒီပလိုမာလက်မှတ်ပါပဲ" ဟု ဆိုကာ ကတ်ပြား





စ်ခုကို ထပ်မံထုတ်၍ အဘအား ပေးပြန်လေ၏၊ ထိုသို့ းရင်း. . .

"ဒါကတော့ အင်းစိန်စက်ခေါင်းစက်ရုံမှာလုပ်ရင်း စက် ပိုင်သင်တန်းကို တက်ရောက်ခဲ့ပြီး အောင်မြင်ခဲ့တဲ့ လက်မှတ် ပဲ၊ အဲဒီသင်တန်းကို အင်းစိန်ဘူတာနားမှာရှိတဲ့ မီးရထား တိုသင်တန်းကျောင်းက ကြီးကြပ်ဖွင့်လှစ်တာဖြစ်ပါတယ်" ဟု ဆိုကာ သူကပြောနေလေ၏၊ ထို့နောက် အိတ်ဆောင်ကတ်ပြား ယ်တစ်ခုကို ထုတ်၍ အဘကို ပေးပြန်၏၊

"ဒါကတော့ ကျွန်တော် အခုလုပ်နေတဲ့ မလွကုန်းစက် ခေါင်းစက်ရုံက ထုတ်ပေးထားတဲ့ အိုင်ဒင်နဒီကတ်ပါပဲ" ဟု ထိုလူငယ်က ပြောပြန်၏၊ အဘသည် ထိုလက်မှတ်များကို ကြည့် ပြီးနောက်. . .

"နေစမ်းပါဦး၊ မောင်လှမြင့်က ကျုပ်ကို အောင်လက် မှတ်တွေပြပြီး ဘာပြောချင်တာတုံး" ဟု တည့်တိုးပင် မေးလိုက် လေ၏။


ထိုအခါ မောင်လှမြင့်က -

"ကျွန်တော် ဆရာကြီးဆီမှာ လက္ခဏာစစ်ချင်လို့ပါ၊ ဆရာကြီး ကျွန်တော့်ကို စစ်ပေးစေချင်တာက အသက်လမ်း ကြောင်းပါပဲ ခင်ဗျာ၊ ကျွန်တော်ဟာ အသက်ရှည်မယ့်လူလား၊ သေမယ့်လူလားဆိုတာ သိချင်ပါတယ်၊ ပြီးတော့ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com






ဥပစ္ဆေ ဒကက် ပါမပါဆိုတာလည်း ဟောပေးစေချင်ပါတယ်
ဟု ပြောလေ၏။

အဘလည်း စားပွဲတင်မီးကလေးကို ဖွင့်လိုက်ပြီး မှ
ဘီလူးကိုယူကာ မောင်လှမြင့်၏လက်ဝါးနှစ်ဖက်ကို ဖြန့်
ပြီးလျှင် လမ်းကြောင်းများကို စစ်ဆေးလေ၏။ ထို့နောက် အ
က. . .

"အသက်လမ်းကြောင်းက အတော့်ကို အားကောင်း
တယ်၊ ဒါကြောင့် လက္ခဏာဆရာတစ်ယောက်အနေနဲ့ အသ
ရှည်မယ်လို့ပဲ ဟောရမှာပါပဲ၊ ပြီးတော့ အသက်လမ်းကြောင်း
အတွင်းဘက်မှာလည်း အသက်ကူလမ်းကြောင်းက ပါလေ
ဥပစ္ဆေဒကက် မရှိဘူးလို့ပဲဟောရမှာပေါ့ . . . " ဟု ပြောလို
လျှင် မောင်လှမြင့်ဆိုသူက. . .

"ဝမ်းသာလိုက်တာ ဆရာကြီးရယ် . . . " ဟု ပြော
အဘ၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီးလျှင် ပြုံးရယ်နေ
၏။ ထို့နောက် ဆေးလိပ်သောက်ခွင့်ပြုရန် ခွင့်တောင်းပြီးနော
မောင်လှမြင့်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ဖွာနေလေ
ထိုသို့ဖွာရင်း. . .

"ဆရာကြီးခင်ဗျာ. . . ကျွန်တော့်ရဲ့စိတ်ဓာတ်ဟာ
တစ္ဆေ၊ သရဲ စတဲ့ ပရလောကနဲ့ပတ်သက်တဲ့ အကြော
အရာတွေကို စိတ်ဝင်စားပါသလားခင်ဗျာ . . . " ဟု မေးလို





ရာ အဘက. . .


"ဒီလို မောင်လှမြင့်ရဲ့၊ အဲဒါက ဥာဏ်လမ်းကြောင်းရဲ့
တည်နေပုံနဲ့ ဆိုင်တယ်ကွ၊ ဥာဏ်လမ်းကြောင်းကွေးပြီးဆင်းရင်
အဲဒီလက္ခဏာရှင်ဟာ စိတ်ကူးယဉ်တယ်ကွာ၊ ပရလောကတွေ
ဘာတွေကိုလည်း စိတ်ဝင်စားတယ်ကွာ၊ ဥာဏ်လမ်းကြောင်း
ဖြောင့်တန်းရင်တော့ စိတ်ကူးမယဉ်တတ်ဘူး၊ လက်တွေ့
ဆန်တယ်၊ ပရ လောကဖြစ်တဲ့ စုန်းတွေ၊ သရဲတွေ၊ တစ္ဆေတွေ
အကြောင်းအရာကို ဝါသနာပါဖို့မပြောနဲ့၊ စိတ်ကိုမဝင်စားတတ်
ဘူးကွ၊ မောင်လှမြင့်က ကိုယ်တိုင်ကလည်း အင်ဂျင်နီယာ ပညာ
သင်ထားတဲ့လူ၊ ပြီးတော့ ဥာဏ်လမ်းကြောင်းကလည်း ဖြောင့်
တန်းနေတယ်ကွာ၊ ဒါကြောင့် သရဲတစ္ဆေဆိုတဲ့ အကြောင်း
အရာကို စိတ်ဝင်စားဖို့မပြောနဲ့ အဲဒါတွေ ရှိတယ်ဆိုတာတောင်
ယုံမယ့်လူမျိုးမဟုတ်ဘူးကွဲ့ . . . " ဟု ပြောလိုက်ရာ မောင်
လှမြင့်က -

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ အခုလို ကျွန်တော့်
ကို အချိန်မတော်ကြီး လက္ခဏာကြည့်ပေးတာ. . . ပြီးတော့
ကျွန်တော်က အခု မလွှကုန်းစက်ရုံမှာ တာဝန်ထမ်းဆောင်နေ
ပါတယ် ခင်ဗျ၊ အဲဒီဘက်ကိုရောက်ရင်လည်း ကျွန်တော့်ဆီကို
ဝင်ခဲ့ပါ ဆရာကြီး၊ တတိယတန်းအင်ဂျင်နီယာ ဦးလှမြင့်လို့
မေးရင် ရပါတယ်ခင်ဗျာ . . . " ဟု ပြောပြီးလျှင် ဥာဏ်ပူဇော်



www.burmeseclassic.com

www.burmeseclassic.com






ခန္နီးထားကို မေး၍ ပိုက်ဆံအိတ်အတွင်းမှ ငွေစက္ကူတစ်ရွက်ကို ထုတ်ကာ အဘလက်သို့ ရိုသေစွာလှမ်း၍ပေးပြီးလျှင် နှုတ်ဆက်ကာ ပြန်သွားလေတော့၏။

မောင်လှမြင့်ပြန်သွားပြီး အတန်ကြာမှ ၎င်းပေးခဲ့သော ငွေစက္ကူကို မီးရောင်အောက်တွင် ကြည့်လိုက်ပြီးလျှင် အဘသည် လွန်စွာအံ့ဩ၍သွားလေ၏၊ ၎င်းပေးခဲ့သော ငွေစက္ကူမှာ တွေ့မြင်နေကျ မြန်မာနိုင်ငံမှ ငွေစက္ကူမျိုးမဟုတ်ဘဲ ဒေါ်လာစက္ကူနှင့် ခပ်ဆင်ဆင်တူလေ၏၊ ငွေစက္ကူကို အစိမ်းရောင်၊ အနက်ရောင်တို့ဖြင့် အချိုးကျကျရိုက်နှိပ်ထား၏၊ ငွေစက္ကူ၏ အလယ်ခေါင်တည့် တည့်တွင် အရိုးခေါင်းပုံကြီးတစ်ခု ပါလေ၏၊ ထိုအရိုးခေါင်း၏ အထက်တွင် 'THE KINGDOM OF DEATH' ဟူသော စာတမ်းကို တွေ့ရလေ၏၊ ထိုစာတမ်း၏အဓိပ္ပါယ်မှာ 'သေမင်းနိုင်ငံ' ဟူ၍ အဓိပ္ပာယ်ရလေသတည်း။

BURMESE CLASSIC .com

❖ ❖ ❖





အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လခန့်ကြာသောအခါ၌ အဘသည် မိတ်ဆွေဟောင်းတစ်ဦးကို ရှာဖွေရန်အတွက် စက်ဆန်းဆိုသော အရပ်ဒေသဘက်သို့ ရောက်ရှိလာခဲ့လေ၏။ စက်ဆန်းသည် မလွှကုန်းစက်ခေါင်းစက်ရုံနှင့် များစွာမဝေးလှပေ၊ အဘသည် ၎င်းရှာဖွေသောမိတ်ဆွေကို မတွေ့သည့်အဆုံး၌ ၎င်းထံတွင် ညကြီးမိုးချုပ် လက္ခဏာ လာ၍မေးသွားပြီး ထူးဆန်းသော ငွေစက္ကူတစ်ရွက် ပေးသွားသည့် အင်ဂျင်နီယာမောင်လှမြင့်အား တွေ့ရန် မီးရထားစက်ခေါင်းစက်ရုံသို့ သွားခဲ့လေ၏၊ ထိုစက်ရုံ၏ ဝင်းတံခါးသည် အစဉ်သဖြင့် ပိတ်ထားတတ်၏၊ ပြင်ပမှ လူများကို အကျိုးအကြောင်းမနိုင်လုံဘဲ စက်ရုံအတွင်းသို့ ဝင်ခွင့်မပြုပေ၊

အဘသည် ဝင်းတံခါးစောင့်အား အကျိုးအကြောင်းရှင်းပြပြီးလျှင် ဝင်ခွင့်တောင်း၍ရခဲ့လေ၏၊ အတွင်းသို့ရောက်လျှင် စက်ရုံမှူးနှင့်တွေ့ဆုံကာ တတိယတန်းအင်ဂျင်နီယာမောင်လှမြင့်နှင့် တွေ့လိုကြောင်းပြောရာ ၎င်းစက်ရုံမှူးက. . .

"ဆရာ့ကို ကျွန်တော် သိပါတယ်၊ ကျွန်တော် ဒီစက်ရုံရောက်တာ (၅)နှစ် ရှိပါပြီ ခင်ဗျာ၊ ဆရာပြောတဲ့ မောင်လှမြင့်ဆိုတဲ့နာမည်ဟာ အင်ဂျင်နီယာထဲမှာလည်း မရှိပါဘူး၊ စက်ရုံလုပ်သားတွေထဲမှာလည်း မရှိပါဘူး" ဟု ပြောလေ၏။

ထိုအခါ အဘက. . .



www.burmeseclassic.com

www.burmeseclassic.com





"ဒီလိုပါ စက်ရုံမှူးရယ် . . .၊ မောင်လှမြင့်ပြောသွားတာက သူဟာ ဒီမှာ တာဝန်ကျတယ်တဲ့၊ တတိယတန်း အင်ဂျင်နီယာ ဦးလှမြင့်လို့မေးရင် ရပါတယ်တဲ့၊ ဒါကြောင့် ကျုပ်က ဝင်ခဲ့တာပါ" ဟု ပြောလိုက်လျှင် စက်ရုံမှူးက. . .

"ဒီလိုလုပ်မယ် ဆရာရယ်၊ ကျွန်တော်တို့စက်ရုံမှာက ရှိုးရိုးလ်လို့ခေါ်တဲ့ မှတ်ပုံတင်စာအုပ်ကြီးတစ်အုပ်ရှိတယ်၊ အဲဒီအထဲမှာက ဒီစက်ရုံမှာလုပ်တဲ့လူတွေရဲ့နာမည်တွေရော ကိုယ်ရေးရာဇဝင် အကြောင်းတွေရော အပြည့်အစုံပါတယ်၊ အလုပ်ကထွက်သွားပြီ ဆိုရင်လည်း ထွက်သွားပြီဆိုတဲ့အကြောင်း ဒီစာအုပ်မှာ ဖော်ပြထားတတ်တယ်၊ ပြောင်းသွားပြီဆိုရင်လည်း ပြောင်းသွားပြီဆိုတဲ့အကြောင်း ရေးသားဖော်ပြထားလေ့ရှိတယ်" ဟုဆိုကာ ထိုစာအုပ်ကြီးကို ယူလာပြီး စားပွဲအပေါ်သို့ တင်လိုက်ကာ တစ်ရွက်ချင်း လှန်လှော၍ ရှာဖွေလေ၏။

ထိုစာအုပ်တွင် ကာယကံရှင်တို့၏ဓာတ်ပုံငယ်ကလေးများပင် ကပ်ထား၏။ အရပ်အမောင်း မည်၍မည်မျှရှည်သည်၊ ကိုယ်အလေးချိန် မည်၍မည်မျှရှိသည်၊ သွေးအုပ်စု မည်သည့်အုပ်စုတွင် ပါဝင်သည်ကအစ ရေးသွင်းဖော်ပြထားလေ၏။ စက်ရုံမှူးသည် စာရွက်ကို တစ်ရွက်ပြီးတစ်ရွက် လှန်၍ရှာဖွေနေလေ၏။ တစ်နေရာသို့ရောက်လျှင် အဘသည် အားရဝမ်း





သာဖြင့်. . .

"တွေ့ပြီ တွေ့ပြီ၊ သူပဲ . . . သူပဲ" ဟု ဆိုကာ ဓာတ်ပုံကို လက်ညှိုးဖြင့် ထောက်ပြလေ၏။ စက်ရုံမှူးလည်း ထိုဓာတ်ပုံ၏ ဘေး မှစာကိုဖတ်၍. . .

"ဟုတ်ပါတယ် ဆရာ၊ နာမည်က ဦးလှမြင့်တဲ့၊ တတိယတန်း အင်ဂျင်နီယာလို့ ဖော်ပြထားပါတယ်၊ အရပ်က ၅ ပေခွဲတဲ့၊ ပေါင်အလေးချိန်က (၁၂၀)တဲ့၊ သွေးအုပ်စုက အိုအုပ်စုတဲ့ . . .၊ ဒါနဲ့ နေပါဦး ဆရာရယ် . . .၊ အင်ဂျင်နီယာ ဦးလှမြင့်ဆိုတာက ဆရာ့ဆီကို ညကြီးမိုးချုပ် လက္ခဏာလာကြည့်ခဲ့တာက ဘယ်လောက်ကြာပြီလဲ" ဟု မေးလိုက်ရာ အဘက. . .

"ပြီးခဲ့တဲ့ ဒီဇင်ဘာလ (၂၆)ရက်နေ့ညကပါ . . ." ဟု ပြန်၍ဖြေလိုက်လျှင် စက်ရုံမှူးသည် မျက်လုံးပြူး၍သွားလေ၏။ ထို့နောက်. . .

"ဘယ်လိုဖြစ်နိုင်မှာလဲ ဆရာရယ်၊ ဟောဒီမှာကြည့်၊ ဒီလူဟာ လွန်ခဲ့တဲ့ (၆)နှစ်ကတည်းက မလွှကုန်းဘူတာနားမှာ ရထားကြိတ်လို့ သေဆုံးသွားပြီ ဆရာရဲ့ . . ." ဟု ဆိုကာ စာအုပ်တွင် သေဆုံးသွားကြောင်း ဖော်ပြထားသော ကော်လံကို ထောက်ပြလေ၏။ အဘလည်း သေချာစွာဖတ်ရှုလေ၏။ ထို့နောက် ဤကဲ့သို့ ဒုက္ခလာ၍ပေးရခြင်းအတွက် တောင်းပန်ကြောင်း ပြောပြီးလျှင် အိမ်သို့ ပြန်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အဘ၏ ဦးခေါင်းအတွင်း၌မူ လွန်ခဲ့သော (၆)နှစ်က သေဆုံးပြီးသော အင်ဂျင်နီယာကလေးတစ်ယောက် မိမိထံသို့ အရောက်လိုက်လာ၍ လက္ခဏာကြည့်သွားသော အကြောင်း အရာနှင့် ၎င်းပေးသွားသော သေမင်းနိုင်ငံသုံး (၁၀၀)တန်ငွေ စက္ကူလေးတစ်ရွက်၏ အကြောင်းအရာတို့သည် ပြည့်နှက်လျက် ရှိပေတော့သည် တကား။

စာကြွင်း။ ။ ထိုအဖြစ်အပျက်မှာ ကျွန်ုပ်ညာကလိ အဘထံသို့ မရောက်မီ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်သာ ဖြစ်ပါသည်။ အဘက စကားစပ်မိ၍ ပြန်လည်ပြောပြသည်ကို သာ နားထောင်ခဲ့ရဖူးပါသည်။

အနိယာ ဟောနှ

**အရှူးညာကလိ**

(အဘ၏ ထမင်းချက်)

...ဖဖဖဖ...



BURMESE CLASSIC .com



( ၈ )

# ကျားတစ်ကောင်နှင့် ကြာပွး ၈ ပွး

တစ်နေ့သ၌ အသက် (၃၀)ကျော်ခန့်ရှိ လူတစ်ယောက် သည် အဘထံသို့ လက္ခဏာမေးမြန်းရန်အတွက် ရောက်ရှိလာ လေ၏။ ထိုသူ၏ရုပ်ရည်မှာ ရှေးခေတ်နာမည်ကြီး ရုပ်ရှင် မင်းသား ခင်မောင်ရင်နှင့် လွန်စွာတူ၏။ ဆံပင်ကိုလည်း အ လယ်ခေါင်မှ ခွဲထားသောကြောင့် ပို၍တူလေ၏။ အပေါ်ပိုင်း တွင် ဘလေဇာ ကုတ်အကျႌကို ဝတ်ဆင်၍ မာဖလာအပြောက် ကလေးကို လည်ပင်းပေါ်တွင် တွဲလောင်းချထားသည်ဖြစ်ရာ ရုပ်ရှင်မင်းသား ခင်မောင်ရင် 'ဗိုလ်အောင်ဒင်'ဇာတ်ကားတွင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်အောင်ဒင်အဖြစ် သရုပ်ဆောင်ထားသည့်ပုံနှင့် တစ်ထေရာတည်း တူနေလေ၏။ ထို့အတူ ဗိုလ်အောင်ဒင်တပ်သော ရွှေကိုင်းမျက်မှန်တပ်ထားသည်ဖြစ်ရာ ဗိုလ်အောင်ဒင်ကိုယ်တိုင် လက္ခဏာလာရောက်မေးမြန်းသည်ဟုပင် ပြောရမည်ကဲ့သို့ ဖြစ်နေ၏။

အဘသည် ထိုသူအား နေရာထိုင်ခင်းပေးပြီးနောက်...

"ဆိုစမ်းပါဦး . . ." ဟု မေးလိုက်ရာ ထိုသူက. . .

"ကျွန်တော့်နာမည် အောင်ဒင်ပါ" ဟု ပြောပြီးလျှင် သူ၏ အင်္ဂလိပ်မွေးသက္ကရာဇ်ကိုပါ ပြောပြလေ၏။ ပြီးလျှင် ၎င်းကိုအောင်ဒင်က. . .

"ကျွန်တော် ဆရာ့ဆီမှာ လက္ခဏာမေးချင်လို့ပါ ဆရာ" ဟု ပြောလေ၏။ ထိုအခါ အဘသည် ထိုသူ၏လက်ဝါးနှစ်ဖက်ကို စားပွဲပေါ်တွင် ဖြန့်ခိုင်းပြီးလျှင် သေချာစွာကြည့်ရှု စစ်ဆေးလေ၏။ ထိုသို့စစ်ဆေးရာတွင် ပထမဦးစွာ အချက်(၄)ချက်ကို တွေ့ရလေ၏။

(၁) အချက်မှာ ဂြိုဟ်ခုံများ ကျယ်ပြန့်ခြင်းပင် ဖြစ်၏။

(၂) အချက်မှာ လက်သူကြွယ်သည် လက်ညှိုး ထက် ရှည်နေကြောင်းကို တွေ့ရ၏။


(၃) အချက်မှာ လက်ဝါးပြင်နူးညံ့၍ လက် ချောင်းများလည်း နူးညံ့ သည်ကို တွေ့ရ၏။





(၄) အချက်မှာ အောင်မြင်ရေးလမ်းကြောင်းတွင် ကျွန်းနှစ်ကျွန်း ခံနေသည်ကို တွေ့ရ၏။

ထိုအချက်(၄)ချက်ပေါ်တွင် မူတည်၍ အဘက. . .



ဗိသမားအောင်ဒင်၏ လက်ပုံ


"မောင်အောင်ဒင်ရေ . . .၊ ဟောဒီမှာတွေ့ရတဲ့ အချက် (၄)ချက်ဟာ မောင်ရင့်ကို 'လောင်းကစားသမား' လို့ စွပ်စွဲရမှာပဲ" ဟု ပြောလိုက်လျှင် ၎င်းမောင်အောင်ဒင်က မခိုးမခန့် တလေးပြုံးပြီးလျှင်. . .

"ဆရာဟောတာ မလွဲပါဘူး ဆရာရယ် . . .၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com





တော်က ဖဲသမားပါ၊ ဒါပေမဲ့ ကံတိုက်ကစားတဲ့ ဖဲသမားတော့ မဟုတ်ဘူး၊ ဖဲလိမ်ရိုက်တဲ့ 'ကျား' ဆရာရဲ့ . . .၊ ကျွန်တော်တို့ ကျားလောကမှာလည်း ကျွန်တော်က နံပါတ်တစ်ပဲ ဆရာရေ့ . . .၊ ဗိုလ်စွဲတယ်ပေါ့ ခင်ဗျာ . . .၊ ဒါကြောင့် ကျွန်တော်တို့လောကမှာ ကျွန်တော့်ကို ဗိုလ်အောင်ဒင်လို့ ခေါ်ကြတယ် ခင်ဗျ . . ." ဟုပြောကာ ဗိုလ်အောင်ဒင်ဇာတ်ကားမှ ဗိုလ်အောင်ဒင်ရယ်သကဲ့သို့ ခနဲ့တဲ့တဲ့ ရယ်သံကလေးဖြင့် ခပ်ညှင်းညှင်းရယ်လိုက်လေ၏။

ထို့နောက် အဘသည် ၎င်းအောင်ဒင်၏ လက်ဝါးပြင်ကို ထပ်မံစစ်ဆေးပြန်ရာ အသက်လမ်းကြောင်းအတွင်းဘက်ရှိ အသက်ကူလမ်းကြောင်းကို အခြားလမ်းကောင်းတစ်ခုက ဖြတ်၍ ကြက်ခြေခတ်ဖြစ်နေပုံကို တွေ့ရလေ၏။ ထို့ပြင် တနင်္လာဂြိုဟ်ခုံနှင့် ကြာသပတေးဂြိုဟ်ခုံကို ကြည့်ရာ မို့မောက်နေသည်ကို တွေ့ရ၏၊ နှလုံးလမ်းကြောင်း၏အဆုံးတွင် ကြာဖူးသင်္ကေတကိုလည်း တွေ့မြင်ရလေ၏။ အဘသည် ထိုအချက်များကို တွေ့ရှိပြီးနောက်. . .

"မောင်အောင်ဒင်က သတ္တိကောင်းပုံပါပဲ၊ အဲဒီတော့ ကွေ့ကောက်ပြီး မဟောတော့ဘူး၊ အဖြောင့်ပဲ ဟောလိုက်မယ်၊ အသက် ကူလမ်းကြောင်းကို လမ်းကြောင်းတစ်ခုက ဖြတ်ပြီး ကြက်ခြေခတ် ဖြစ်နေတာဟာ သူတစ်ပါးသတ်လို့ သေတတ်







တယ်၊ ပြီးတော့ တနင်္လာဂြိုဟ်ခုံနဲ့ ကြာသပတေးဂြိုဟ်ခုံက ကောင်းပြီး နှလုံးလမ်း ကြောင်းအစွန်းမှာ ကြာဖူးသင်္ကေတ ဖြစ်နေတာက သေတဲ့အခါမှာ ဘုရားကျောင်းကန်နားမှာ သေတတ်ယ်" ဟု ပြောလိုက်လျှင် ထိုသူသည် ဟက်ဟက်ပက်ပက် ယ်မောလေ၏၊

"သေတာပဲ ဆရာရယ်၊ ဘယ်နားမှာပဲသေရသေရ ူးပါဘူး ခင်ဗျာ . . .၊ ဆရာ အခုပြောတဲ့ဘုရားကျောင်းကန် းမှာ သေမယ်ဆိုတာက ကျွန်တော့်လက္ခဏာမှာပါတဲ့ နှလုံး မ်းကြောင်းထိပ်က ကြာဖူးကြောင့်လား ဆရာ" ဟု မေးလေ

"ဒီအချက်တစ်ချက်တည်းတော့လည်း မဟုတ်ဘူးပေါ့ ယ်၊ ဒါပေမဲ့လည်း မောင်ရင့်ရဲ့သေခြင်းတရားဟာ ကြာဖူးနဲ့ တော့ မကင်းဘူးပေါ့ . . ." ဟု အဘက ပြောလိုက်လေ၏။ နောက် မောင်အောင်ဒင်လည်း ဉာဏ်ပူဇော်ခငွေကို ကန် တော့ပြီးလျှင် ပြန်သွားလေတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com





အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လခန့်ကြ
သောအခါ၌ တိုက်ကြီးမြို့အနီး မြောင်းတကာဆိုသောအရပ်
ကိုလှဖေဆိုသူတစ်ဦး လက္ခဏာမေးမြန်းရန်အတွက် အဘထံ
ရောက်ရှိလာပြန်၏။

ဇင်းကိုလှဖေသည် အဘအား. . .

"ဆရာ . . . ကျွန်တော့်နာမည်က လှဖေတဲ့၊ မဲသော
ပါ၊ ဒါပေမဲ့ ရိုးရိုးဖဲသမားတော့မဟုတ်ဘူး၊ ကျား ဆရာရဲ့ . . .
ဟု ပြောလေ၏။

ထိုအခါ အဘက. . .

"သိပြီ . . .၊ ပြီးခဲ့တဲ့လက တိုက်ကြီးက ကျား
ကောင် လက္ခဏာလာပြီးမေးသေးတယ်" ဟု ပြောလိုက်လျှ







င်းကိုလှဖေက. . .

"အဲဒါ ကျွန်တော့်သူငယ်ချင်းပါ ဆရာရယ်၊ သူ့နာမည်
အောင်ဒင်တဲ့ . . .၊ လွန်ခဲ့တဲ့ ၈ ရက်လောက်ကပဲ သူများ
တ်လို့ သေသွားပါပြီ၊ အောင်ဒင် ဆရာ့ဆီမှာ လက္ခဏာလာ
းတာလည်း ကျွန်တော်သိပါတယ်၊ ဆရာဟောလိုက်တာတွေ
ိုလည်း သူက ကျွန်တော့်ကို ပြောပြပါတယ်၊ ဆရာ့ဆီမှာ
က္ခဏာမေးပြီး ကတည်းက အောင်ဒင်ဟာ မကြာခဏ
ူရားသွားပြီး ကြာပန်းတွေ၊ ကြာဖူးတွေ လှူလေ့ရှိတယ်
ရာရေ့ . . .၊

ဘာဖြစ်တယ်တော့ မပြောတတ်ပါဘူး ဆရာရယ်
. . .၊ ဝိုင်းတစ်ဝိုင်းမှာ သူက လိမ်ပြီးရိုက်ယူလိုက်တဲ့ လူလေး
ယာက်ထဲမှာ တစ်ယောက်ဟာ မင်္ဂလာဆောင်လုဆဲဆဲလူ
စ်နေတယ်၊ မင်္ဂလာဆောင်ဖို့ ရှာထားတဲ့ငွေတွေ အကုန်ပါ
ားတယ်၊ အဲဒီတော့ ယောက္ခမလောင်းကို ကတိပေးခဲ့တဲ့
က်မှာ မင်္ဂလာမဆောင်နိုင်တော့ဘူး၊

အဲဒီတော့ မိန်းကလေးရှင်က သူတို့သမီးနဲ့ မပေးစား
ာ့ဘဲ အရှက်တကွဲဖြစ်တယ်ဆိုပြီး အဆက်အသွယ်ဖြတ်ပစ်
ိုက်တယ်၊ မိန်းကလေးကိုလည်း မိတ္ထီလာမြို့ကိုပို့ပြီး ဆွေ
ပ်မကင်း မျိုးရိုပ်မကင်းတဲ့လူတစ်ယောက်နဲ့ ပေးစားလိုက်
ယ်၊ အဲဒီအခါမှာ ဖဲရှုံးသွားတဲ့ အကောင်က ခံစားရတာ

www.burmeseclassic.com

www.burmeseclassic.com







ပေါ့လေ . . .၊ အဲဒီကောင်ရဲ့ နာမည်က သောင်းဌေးတဲ့ . . .
တစ်နေ့မှာ ကျွန်တော်တို့ အောင်ဒင်က သမိုင်းကျိုက်ဝိုင်
ဘုရားမှာ ကြာဖူး ၈ ဖူး သွားပြီးလှူတာ ခင်ဗျ . . .၊
အဓိဋ္ဌာန်နဲ့သူပေါ့ခင်ဗျာ . . .၊

ဘုရားပေါ်တောင်မရောက်သေးဘူး၊ သောင်းဌေ
ပက်ပင်းတိုးတော့တာပဲ၊ အဲဒီအခါမှာ သောင်းဌေး
စိတ်မထိန်းနိုင်တော့ဘဲ 'မင်းကြောင့် ငါ့ချစ်သူနဲ့ ကွဲရတယ်'
ပြီး အသင့်ပါလာတဲ့ ဓားမြှောင်နဲ့ အောင်ဒင့်ရင်ဝကို ထိုးစိ
လိုက်တာ အောင်ဒင်ဟာ ကြာဖူးတွေကိုင်လျက်သား ဘု
တက်တဲ့ လှေကားရင်းမှာ ပွဲချင်းပြီး သေပါလေရော ဆ
ရေ့ . . .၊

မနေ့ကပဲ ရက်လည်တယ် ခင်ဗျ . . .၊ အသုဘ
လည်း စည်လိုက်တာ မပြောနဲ့တော့ . . .၊ ရက်မလည်မ
အသုဘ အိမ်မှာ ဖဲဝိုင်းတွေက ခြိမ့်ခြိမ့်သဲသဲပဲ၊ ဗမာပြ
တစ်ပြည်လုံးမှာရှိတဲ့ ကျားတွေ အကုန်လုံးရောက်လာကြပ
ဟု ကိုလှဖေက ပြောပြလေ၏၊ အဘသည် အောင်ဒင်သေ
ခြင်းအတွက် စိတ်မကောင်းကြောင်း လှဖေကို ပြောပြလေ
လှဖေကလည်း. . .

"ကျွန်တော် အခု ဆရာ့ဆီမှာ လက္ခဏာလာ
တာဟာ ကျွန်တော်လည်း ကျွန်တော့်ရဲ့သေခြင်းတရား





အောင်ဒင့်လိုပဲ ကြိုပြီးသိချင်လို့ ဆရာရေ့ . . .” ဟု ပြောလေ၏၊ ထိုအခါ အဘသည် လှဖေ၏လက်ဝါးကို သေချာစွာကြည့်ရှုစစ်ဆေးရပြန်လေ၏။ ထိုသို့စစ်ဆေးရာတွင် အချက်(၄)ချက်ကို တွေ့ရလေ၏။

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် သန့်သန့်ရှင်းရှင်းရှိသော ဒေါင်လိုက်မျဉ်းကြောင်းများကိုတွေ့ရလေ၏၊

(၂) စနေဂြိုဟ်ခုံပေါ်တွင် ဆံပင်လုံးခန့်ရှိသော အစင်းကြောင်းများကို တွေ့ရလေ၏၊

(၃) အသက်လမ်းကြောင်းမှထွက်သော လမ်းကြောင်းတိုများသည် နှလုံးလမ်းကြောင်းနှင့် ဆက်သွယ်နေပြီး ဉာဏ်လမ်း ကြောင်းမှာလည်း အလွန်တိုသည်ကို တွေ့ရလေ၏။

(၄) အင်္ဂါဂြိုဟ်ခုံမှ လမ်းကြောင်းတစ်ကြောင်းသည် အသက်လမ်းကြောင်းကို လာ၍ထောက်နေသည်ကို တွေ့ရလေ၏၊

ထိုအချက်(၄)ချက်ကို ပေါင်းရုံး၍ အဘက. . .

"ဒီလို မောင်လှဖေရဲ့၊ မင်းဟာ မတော်တဆ ထိမိခိုက်မိပြီး သေတတ်တယ်၊ အထူးသဖြင့် အသက် ၄၀ လောက်မှာ စစ အရာရာ သတိထားဖို့ လိုလိမ့်မယ်” ဟု ပြောလိုက်လေ၏။


ထိုအခါ မောင်လှဖေက. . .



www.burmeseclassic.com

www.burmeseclassic.com





ဖဲသမား
လှဖေ၏
လက်ပုံ

"မတော်တဆ ထိခိုက်မိဖို့ကလည်း သေလော
အောင်ဆိုတာ ကားတိုက်ခံရမှုပဲဖြစ်မယ် ဆရာရေ့ . . ." 
ပြန်၍ ပြောသွားသေး၏။ ထို့နောက် ၎င်းမောင်လှဖေလည်း
ညာဏ်ပူ ဇော်ခငွေကို ပူဇော်ပြီးနောက် ပြန်သွားလေတော့
၎င်း အိမ်ပေါ်မှ ဆင်းသွားပြီး မျှားမကြာမီ၌ လူကို ကားတို
မိသောအသံ ကြားရပြီး လူအများ ဆူညံဆူညံ ထွက်ပေါ်
လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း အိမ်ပေါ်မှဆင်း၍ ကြည့်ရှု
ရာ ဗိုလ်ချုပ်လမ်းပေါ်တွင် လူတစ်ယောက် ကားတိုက်ခံ





လူအများ အုံကြည့်နေသည်ကို တွေ့ရသောကြောင့် ထိုနေရာသို့ သွားရောက် ကြည့်ရှုရာ စောစောကမှ လက္ခဏာမေး၍ အိမ်ပေါ်မှဆင်းသွားသော မောင်လှဖေတစ်ယောက် သွေးအိုင်ထဲတွင် လဲ၍ အသက်ပျောက်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့ရလေတော့သတည်း။

အနိယာ ဟောရှု
**အရှူးညာကာလီ**
(အဘ၏ ထမင်းချက်)

...ဓမ္မဓာ...



www.burmeseclassic.com

www.burmeseclassic.com












## (၉)

## အဘနှင့် ဟသျူးခေါင်းပြတ်သမီး

တစ်နေ့တွင် အဘထံသို့ လက္ခဏာကြည့်ရန်အတွက် အသက် (၃၀)ခန့်ရှိသော မိန်းမတစ်ယောက် ရောက်ရှိလာလေ၏။ သူ၏မျက်နှာသည် ချောသည်လှသည်ဟုဆိုရန်ထက် မဟာဆန်သည်ဟု ဆိုရမည်ဖြစ်၏။ အဝတ်အစားဝတ်ရာ၌လည်း သပ်ရပ်လှ၏။ လက်ပတ်နာရီကို ညာဘက်တွင် ပတ်ထား၏။ အဘကို တွေ့လျှင်တွေ့ချင်း ၎င်းက -

"လက္ခဏာကြည့်ချင်လို့ပါ ဆရာ" ဟု သာယာသော အသံကလေးဖြင့် ပြော၏။ အဘက ၎င်းထိုင်ရန်အတွက် နေရာကို ညွှန်ပြလိုက်လေ၏။ ၎င်းလည်း အဘ၏ရှေ့တည့်

www.burmeseclassic.com

www.burmeseclassic.com



တည့်ခုံတွင် ဝင်၍ထိုင်၏။ အဘသည် ထိုမိန်းမအား စူးရှသော မျက်လုံးဖြင့် တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်ပြီးနောက်. . .

“နာမည်ဘယ်လိုခေါ်သလဲ” ဟု မေးလိုက်လေ၏။

ထိုအခါ ထိုမိန်းမက. . .

“မာယုသာလို့ ခေါ်ပါတယ်ရှင့် . . .” ဟု ပြောလိုက်လျှင် အဘက. . .

“ဒီနာမည်ကတော့ တစ်ခါကြားရုံနဲ့ မှတ်မိသွားနိုင်တဲ့ နာမည်မျိုးပဲ၊ မေတ္တာသုတ်ထဲက စာလုံးကိုယူပြီး မှည့်ထားတာကိုး” ဟု ဆိုကာ အဘသည် မွေးသက္ကရာဇ်ကို မေးမြန်း၏။

မာယုသာလည်း အင်္ဂလိပ်မွေးသက္ကရာဇ်ကို ပြောလေ၏။ ထို့နောက် အဘက လက်ဝါးနှစ်ဖက်ကို စားပွဲပေါ်သို့တင်ရန် ပြောလိုက်လေ၏။ မာယုသာလည်း ဖြူဖွေးသေးသွယ်လှပသော သူ၏လက်ကလေးနှစ်ဖက်ကို ပက်လက်လှန်၍ စားပွဲပေါ်သို့ တင်လိုက်လေ၏။

အဘသည် မာယုသူ၏ လက်ဝါးကို မှန်ဘီလူးဖြင့် သေချာစွာကြည့်လေ၏။ ထိုသို့ကြည့်ကာ မာယုသာ၏ လက်ဝါးတွင် -

(၁) ကံလမ်းကြောင်းသည် အစတွင် ကျွန်းပါ၍ ဖြတ်နေ၏။

(၂) သောကြာဂြိုဟ်ခုံမှ လမ်းကြောင်းတစ်ကြောင်း






သည် အင်္ဂါဂြိုဟ်ခုံကို ဖြတ်သန်းကာ အသက်လမ်းကြောင်းနှင့် ကံလမ်း ကြောင်းကို ဖြတ်ထား၏။

(၃) တနင်္လာဂြိုဟ်ခုံတွင် လက်ဝါးကပ်တိုင်နှင့်တူသော ကြက်ခြေတစ်ခု၊ အသက်လမ်းကြောင်းနှင့် ဉာဏ်လမ်းကြောင်းအစတွင် ဇင်းကြက်ခြေမျိုးတစ်ခု ပါရှိနေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် အဘက. . .



မာယုသာ၏ လက်ဝါးပုံ



www.burmeseclassic.com

www.burmeseclassic.com







"မာယုသာရေ . . .၊ တွေ့တဲ့အတိုင်းဟောမယ်နော်၊ မင်းဟာ မိဘမဲ့ကလေးအဖြစ် ကြီးပြင်းလာခဲ့ရတယ်" ဟု ပြောလိုက်လျှင် မာယုသာသည် ပါးစပ်အဟောင်းသားဖြစ်သွားပြီးလျှင် . . .

"မှန်ပါတယ် ဆရာ၊ မာယုဟာ မိဘမဲ့တစ်ယောက်ပါပဲ၊ မာယုရဲ့ အဖေနဲ့အမေဟာ မာယုကိုမွေးပြီး မာယုအခါလည်သမီး အရွယ်မှာပဲ ကွဲသွားကြပါတယ်၊ မာယုက မိခင်နဲ့ ပါသွားပါတယ်၊ မာယုရဲ့မိခင်ကြီးဟာ ကျောင်းဆရာမအလုပ်နဲ့ အသက်မွေးပါတယ်၊ အဖေနဲ့ကွဲပြီး တစ်နှစ်ကြာတဲ့အခါမှာ ဘုရားဖူးသွားရင်း ကားမှောက်လို့ ဆုံးသွားပါတယ်၊ သူနဲ့အတူ ကားမှောက်ရာပါပြီး ထိမိခိုက်မိခြင်းမရှိတဲ့ ဒေါ်စိန်အုပ်ဆိုတဲ့ မိန်းမကြီးတစ်ယောက်က မာယုကို မွေးစားလိုက်ပါတယ်၊ အစပထမတော့ မာယုရဲ့မိဘတွေ ရှိရာကို စုံစမ်းပါသေးတယ်၊ မာယုမှာ ဆွေမျိုးလည်း မရှိ၊ အဖေကိုလည်း မတွေ့တာကြောင့် မစုံစမ်းတော့ဘဲ ဒေါ်စိန်အုပ်ကပဲ သမီးအမှတ်နဲ့ မွေးစားခဲ့ပါတယ်၊

မာယုလည်း သူ့ကို အမေအမှတ်နဲ့ ချစ်ခင်ခဲ့ပါတယ်၊ ဒေါ်စိန်အုပ်ကို မာယုက 'အမေအုပ်'လို့ ခေါ်တယ်၊ အမေအုပ်ကလည်း မာယုကို သမီးအရင်းပမာချစ်ပါတယ်၊ ခရစ်ယာန်သာသနာပြု ကွန်ဗင့်ကျောင်းမှာ ကျောင်းထားပေးခဲ့ပါတယ် . . .၊ မာယုကို အမေအုပ်မွေးစားပြီး တစ်နှစ်ကြာတဲ့အခါမှာ





အမေအုပ်ဟာ ပိုက်ဆံချမ်းသာတဲ့ ဦးလုံဆိုတဲ့လူတစ်ယောက်နဲ့ လက်ထပ်လိုက်ပါတယ်၊ အဲဒီတော့ မာယုလည်း သူဌေးဦးလုံရဲ့ မယားပါသမီးဖြစ်သွားပါတယ်၊

သမီးရဲ့ပထွေး ဦးလုံဟာ သမီးရဲ့အမေ အမေအုပ်ကို မြတ်မြတ်နိုးနိုး ချစ်ချစ်ခင်ခင်ရှိပါတယ်၊ ဒါပေမဲ့ ဘယ်လိုကြောင့်မှန်း မသိဘူး၊ သမီးကိုတော့ ချစ်လည်းမချစ်ဘူး၊ မချစ်ရုံမဟုတ်ပါဘူးလေ . . .၊ မုန်းတောင်မုန်းသေးတယ်၊ သမီးနဲ့လည်း ရောရောနှောနှော မနေပါဘူး၊ သမီးကိုလည်း သမီးလို့ တစ်ခါမှ မခေါ်ပါဘူး၊ မာယုသာလို့ပဲ ခေါ်ပါတယ်၊ အဲဒီပထွေးဟာ မိန်းမနဲ့ကွဲသွားပြီး သမီးလေးတစ်ယောက် ပါသွားတယ်လို့တော့ သိရပါတယ်၊ သူဟာ အဲဒီသမီးလေးရဲ့သတင်းကို စုံစမ်းပြီး မကြာခဏ လိုက်ရှာလေ့ရှိပါတယ်၊ သမီးရဲ့ပထွေးမှာ အပေါင်းအသင်း တော်တော်နည်းပါတယ်၊ ရှိတဲ့အပေါင်းအသင်းတွေကလည်း သူ့ဆီကို မလာကြပါဘူး၊ သူကပဲ သွားတာပါ . . .

ပထွေးဟာ အခုဆိုရင် အသက် (၆၀)ကျော်ပြီး (၇၀) နား ကပ်နေပါပြီ၊ သူဟာ လောင်းကစား၊ အရက်၊ မိန်းမကိစ္စကင်းတဲ့လူ ဖြစ်ပါတယ်၊ ဒါပေမဲ့ ဘုရားကို ကျကျနန ရှိခိုးတာ တစ်ခါမှ မတွေ့ဖူးပါဘူး၊ သူဟာ ဘာကိုပဲလုပ်လုပ် မိန်းမကိုလည်း မတိုင်ပင်ပါဘူး၊ ပေးစရာရှိတာတော့ ပေးတယ်၊ ဒါပေမဲ့ အလွန်လျှို့ဝှက်တဲ့ လူပါ၊ ဘယ်လိုဖြစ်တယ်တော့မသိဘူး၊ ပြီးခဲ့တဲ့နှစ်က



www.burmeseclassic.com

www.burmeseclassic.com





ဆေးရုံနှစ်ခါ တက်ရတယ်၊ ဆေးရုံကလည်း ဆင်းလာရော ခရစ်ယာန်သာသနာပြုဆရာတွေ အိမ်ကိုဖိတ်ပြီး ရှေ့နေရှေ့ရပ် ရှေ့မှာပဲ ခရစ်ယာန် ဘာသာကို ပြောင်းလိုက်ပါတယ်၊

အဲဒီလို ဘာသာပြောင်းပေမဲ့ ဘုရားရှိခိုးကျောင်းတွေ ဘာတွေလည်း သေချာမသွားပါဘူး၊ ဘာသာပြောင်းရုံ သက်သက် ပြောင်းလိုက်တာပါ၊ အဲဒီဘာသာနဲ့ပတ်သက်ပြီး အလေးအနက်လည်း ဘာမှမလုပ်ပါဘူး၊ ဘာ့အတွက် ဘာသာ ပြောင်းလိုက်တယ် ဆိုတာ ကျွန်မဖြင့် မစဉ်းစားတတ်အောင်ပါပဲ . . . ” ဟု မာယုသာ က ရှည်လျားစွာ ပြောလိုက်လျှင် အဘသည် အထက်နှုတ်ခမ်းကလေး တွန့်ရုံ ပြုံးလိုက်လေ၏။

ထို့နောက် အဘက. . .

“ဒီလို မာယုသာရဲ့ . . . ၊ ငါတို့ဗုဒ္ဓဘာသာဝင်တွေဟာ ဥပဒေအရ သေတမ်းစာရေးခွင့်မရှိဘူးကွဲ့ . . . ၊ မင်းပထွေး ဦးလုံက သေတမ်းစာရေးချင်လို့ ခရစ်ယာန်ဘာသာထဲ ဝင် လိုက်တာကွ၊ ပြီးတော့ မင်းရဲ့လက္ခဏာမှာလည်း အသက်လမ်း ကြောင်းနဲ့ ဉာဏ်လမ်းကြောင်းကိုဖြတ်နေတဲ့ လမ်းကြောင်း တစ်ကြောင်းပါတယ်၊ အဲဒီအဖြတ်လမ်းကြောင်းဟာ မင်းအနေနဲ့ အမွေမရနိုင်ဘူးလို့ ဖော်ပြတဲ့လမ်းကြောင်းပဲကွဲ့၊ မင်းပထွေးဟာ မင်းကို အမွေမပေးချင်လို့ ဘာသာပြောင်းပြီး သေတမ်းစာရေး ခဲ့ဖို့ ကြံတာကွဲ့ . . . ” ဟု ဖြည်းဖြည်းချင်း ပြောလိုက်လေ၏။







“ဟုတ်မှာပါ ဆရာရယ် . . . ၊ တစ်ခုထူးဆန်းတာ ပြော ရဦးမယ်၊ ပထွေးရဲ့အဝတ်အစားတွေကိုလျှော်ဖို့ ဘောင်းဘီ ပေါင်း တစ်ထည်ရဲ့အိတ်ထဲကို နှိုက်ကြည့်တော့ မျက်လုံးနှစ် လုံးသာ ဖောက်ထားတဲ့ ခေါင်းစွပ်မည်းမည်းချွန်ချွန်ကြီး ထွက် လာတယ်၊ အဲဒါ ဆရာ့ကို ပြဖို့ မာယု ယူခဲ့တယ်” ဟု ဆိုကာ ခေါင်းစွပ်မည်းကြီးကို စားပွဲပေါ် သို့တင်ကာ ဖြန့်ပြလိုက်လေ၏။ အဘသည် ထိုခေါင်းစွပ်ကြီး ကို သေချာစွာကြည့်ပြီးနောက်. . .

“ဒီလိုပါ မာယုသာ၊ မင်းရဲ့ပထွေးဟာ ဖရီးမေဆင်လို့ ခေါ်တဲ့ ပညာခေါင်းဖြတ်ဂိုဏ်းသားတစ်ဦးဖြစ်လိမ့်မယ်ကွဲ့ . . . ၊ သူတို့တွေပဲ ဒီလိုခေါင်းစွပ်မျိုးစွပ်ပြီး အစည်းအဝေးလုပ်တတ် တယ်” ဟု ပြောလိုက်လျှင် မာယုသာက. . .


“အဲဒီခေါင်းဖြတ်တွေဟာ တကယ်ပဲခေါင်းဖြတ်ကြသ လား” ဟု အထိတ်တလန့် မေးလိုက်လေ၏။

“ဒီလိုပါ မာယုသာရယ် . . . ၊ ဗမာပြည်မှာ ပညာခေါင်း ဖြတ်ဆိုတဲ့ နာမည်နဲ့ ဒီအသင်းဟာ နာမည်ပျက်နေတာပါ၊ အမှန် ကတော့ ဘုရင်ဆော်မွန် လွန်ခဲ့တဲ့နှစ်ပေါင်း သုံးထောင်ကျော်က တည်ထောင်သွားတဲ့ ‘လွတ်လပ်သော ပန်းရံဆရာများအဖွဲ့’ လို့ အဓိပ္ပါယ်ရတဲ့ မိတ်ဆွေအသင်းတစ်ခုပါကွယ် . . . ၊ ဒီအသင်း ဟာ တို့ဗမာပြည်မှာ အသင်းခွဲ (၁၇)ခု ရှိတယ်ကွဲ့ . . . ၊ သူတို့ရဲ့ ဌာနချုပ်ဟာ ဂွတ္တလစ်ရပ်ကွက်နားက တိုက်ကလေးမှာ



www.burmeseclassic.com

www.burmeseclassic.com





ရေကန်ရှိတဲ့ အဆောက်အဦပါပဲ . . . " ဟု အဘက ပြောလိုက်လေ၏၊

*(မှတ်ချက်၊ ၊ ထိုအသင်းသည် ယခု မြန်မာပြည်၌ လုံးဝမရှိတော့ပါ၊ ထိုအသင်းအဆောက်အဦလေးမှာလည်း အစိုးရရုံးဖြစ်၍သွားပါပြီ၊*

***စာရေးသူ)***

မာယုသာသည် သူသိချင်သော အချက်အလက်များကို ထပ်မံမေးမြန်းပြီးနောက် အဘကို ဉာဏ်ပူဇော်ခငွေ ကန်တော့ကာ ပြန်သွားလေတော့၏၊

❖ ❖ ❖







အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး (၃)လခန့်ကြာသောအခါ အဘထံသို့ မာယုသာရောက်လာပြန်၏၊ ထိုသို့ရောက်လာပြီးနောက် မာယုသာက -

"ဆရာရေ . . .၊ မာယုသာရဲ့ပထွေးတော့ အသည်းကင်ဆာရောဂါနဲ့ ဆုံးသွားရှာပြီ၊ သူဆုံးပြီးတော့ ပသျှူးခေါင်းဖြတ်အဖွဲ့က မာယုရဲ့မွေးစားအမေ ဒေါ်စိန်အုပ်ကို လာပြီးဆက်သွယ်ပါသေးတယ်၊ မာယုအမေက စိတ်မဝင်စားဘူးဆိုပြီး အဲဒီအသင်းကို အဆက်အသွယ်ဖြတ်လိုက်ပါတယ်" ဟု ပြောလေ၏။

"နောက်ထပ် ဘာတွေထူးသေးသလဲ မာယုသာရဲ့" ဟု အဘက မေးလေ၏။

"ဆရာရေ . . .၊ မာယုရဲ့ပထွေးဟာ သူ့ရဲ့ကင်ဆာရောဂါ သည်းလာတော့ အတော့်ကို ပြင်းပြင်းထန်ထန် ခံစားရပါတယ်၊ တစ်နေ့မှာ သူဟာ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ငိုပါလေရော၊ သမီးရဲ့အမေက သူ့ကို ချော့တယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com







တော့ သူက 'အုပ်ရေ ငါကတော့ ဒီတောင်ကို ကျော်နိုင်တော့ မဟုတ်ဘူး၊ ငါ ဝမ်းနည်းတာက ငါ့မိန်းမ မာလာနဲ့ငါနဲ့ ကွဲတုန်း သူလက်ထဲပါသွားတဲ့ သမီးကလေးနဲ့ ငါနဲ့ တွေ့ခွင့်မရတာ ဝမ်းနည်းတာပါ'လို့ ပြောတယ်၊

အဲဒီအခါမှာ သမီးအမေ အမေအုပ်က ဒီမှာ ကိုဖိုး ဟောဒီ ကျွန်မသမီးလေးဟာ ကျွန်မသမီးအရင်းမဟုတ်ပါ သူ့အမေ မမာလာ ကားမှောက်ပြီးဆုံးသွားတော့ ကျွန် အပျိုဘဝနဲ့ မွေးစားထားတဲ့ သမီးပါ၊ အဲဒီသမီးကလေး မွေးစားမိတော့ သူ့မိဘကို စုံစမ်းရတာပေါ့၊ အဲဒီလိုစုံစမ်း သူ့အမေဟာ ကျောင်းဆရာမ ဒေါ်မာလာဆိုတာ သိရတ သူ့အဖေဟာ သတ္တုမိုင်းသူဌေးဖြစ်သွားတဲ့ ဦးလုံဆိုတဲ့ ရှင်ဆို သိရပါတယ်၊

တစ်ခုပြောမယ်၊ ဒီသမီးကလေးမွေးတုန်းက ဂုတ် အောက်မှာ ကျပ်ပြားဝိုင်းလောက် အမည်းအမှတ်ကလေး တယ်ဆိုတာ ရှင်မှတ်မိဦးမှာပါ . . . ၊ ဟောဒီမှာကြည့်လို့ မာယုရဲ့ အကျႌကို လှန်ပြလိုက်ပါတယ်၊ အဲဒါကိုသိလျက်နဲ့ ပြောဘဲ ထားတာကတော့ သမီးကလေး မာယုသာဟာ ကျွန် ပေါ်မှာ အချစ်ပေါ့သွားမှာစိုးလို့ပါပဲလို့ ပြောပြီး အမေ မျက်နှာကို လက်ဝါး နဲ့အုပ်ပြီး ချုံးပွဲချငိုပါလေရော . . .'

အဲဒီအခါကျမှ သမီးပထွေးက သမီးကို 'အမယ်





သမီးရယ်၊ ကိုယ့်မျက်စိအောက်မှာရှိရက်နဲ့ ငါ့သမီးလေးကို သမီး မှန်းမသိဘဲ တခြားမှာရှာနေတာကိုး . . . ၊ အုပ်ရယ် လုပ်ရက် တယ်ကွယ် . . . ၊ သူ့အဖေနဲ့ သူ့သမီး တွေ့သွားပါစေလား၊ သမီး အနားလာပါဦး' ဆိုပြီး မာယုကို တအားနမ်းတော့တာ . . .

အဖေပိုင်တဲ့ ပစ္စည်းတွေလည်း ဖရီးမေဆင်အသင်းကို ကုန်လှူလိုက်ပြီ၊ ပြီးတော့ ဒီအိမ်နဲ့ ဒီတိုက်ကိုလည်း အဖေသေ င် လာပြီးယူဖို့ မိဘမဲ့ကလေးကျောင်းကို လှူလိုက်ပြီ၊ ငါ့သမီးက လေးကို အဖေ ဘာမှပေးစရာမရှိတော့ဘူး'လို့ ပြောပြီး ငိုတော့ တာပဲ၊ အဲဒီနေ့တစ်နေ့လုံး မာယုကို သူ့အနားမှာ ခေါ်ထားတယ်၊ အသက်ထွက်ခါနီးမှာတော့ သူ အမြဲစိပ်တဲ့ သန္တာနဲ့လုပ်ထားတဲ့ ပုတီးလေးတစ်ကုံး လက်ထဲကိုထည့်ပေးပြီး လက်ကို တအား ဆုပ်ပြီး အသက်ထွက်သွားတော့တာပါပဲရှင် . . . " ဟု ပြောကာ မာယုသာလည်း ချုံးပွဲချ၍ ငိုလိုက်လေတော့သတည်း။

အနိုယာ ဟောစ္စ

**အရှေ့ညာကလီ**

(အဘဓါ် ထမင်းချက်)



www.burmeseclassic.com






## ( ၁၀ )

# ကိုဝဏ္ဏာအမောပြေသောက်ဖို့ ကော်ဖီလာပြီး တိုက်တာပါ

တစ်နေ့သ၌ အဘထံသို့ အသက်(၃၀)ကျော်အရွယ် ခံရုပ် လွန်စွာသန့်ပြန့်သော လူငယ်တစ်ယောက်သည် သူ၏ ဖော် တစ်ယောက်နှင့်အတူ လက္ခဏာစစ်ဆေးခံရန် ရောက်ရှိ ာခဲ့လေ ၏။ အဘသည် ၎င်းတို့နှစ်ဦးအား သူ၏ရှေ့မှခုံတွင် ိုင်ရန် ညွှန်ပြလိုက်ပြီးလျှင်. . .

"ဆိုစမ်းပါဦး . . ." ဟု စကားစလိုက်လေ၏။

ထိုအခါ လူငယ်က. . .

"ကျွန်တော့်နာမည် ဝဏ္ဏာလို့ ခေါ်ပါတယ်၊ ဆရာ့ဆီမှာ န်တော့်ရဲ့အနာဂတ်ကို သိရအောင် လက္ခဏာလာပြီး စ

www.burmeseclassic.com



ဆေး ခံတာပါ၊ ဒါကတော့ ကျွန်တော့်ရဲ့သူငယ်ချင်း ကိုလသာတဲ့ သူကတော့ ကျွန်တော့်ရဲ့အရိပ်ပါပဲ၊ အဲဒီလောက်ကို ခင်မင်ကြ တာပါ၊ ကျွန်တော့်ကို ဟောစရာရှိတာတွေ သူ့ရှေ့မှာဟော နိုင်ပါတယ်" ဟု ပြောလိုက်လျှင် အဘက. . .

"ကောင်းပြီလေ၊ မောင်ဝဏ္ဏရဲ့လက်နှစ်ဖက်ကို စားပွဲ ပေါ်တင်ပြီး လက်ဖဝါးဘက်ကို လှန်ပြထားပါ" ဟု ပြောလိုက် လျှင် ၎င်းမောင်ဝဏ္ဏလည်း သူ၏လက်နှစ်ဖက်ကို စားပွဲပေါ်သို့ တင်၍ လက်ဖဝါးများကို လှန်ပြထား၏။

ထိုအခါ အဘသည် လက်ဖဝါး နှစ်ဖက်စလုံးကို သေချာ စွာ စစ်ဆေးကြည့်ရှုလေတော့၏၊

ထိုသို့စစ်ဆေးကြည့်ရှုရာတွင် မောင်ဝဏ္ဏ၏ လက်ဖဝါး ပြင်ပေါ်တွင် အချက် (၅)ချက်ကို တွေ့ရှိရလေ၏။ ထိုအချက် (၅)ချက်ကို အဘသည် စာရွက်တစ်ရွက်ပေါ်တွင် ရေးချလိုက် လေ၏။

(၁) စနေဂြိုဟ်ခုံသည် ကျယ်ပြန့်၍ မို့မောက်၏၊

(၂) တနင်္လာဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံကို ဆက်သွယ်ထား သော အကြားအမြင်လမ်းကြောင်းသည်လည်း ထင်ရှား ၏။

လက်ညှိုးအောက်ခြေရှိ 'ဆော်လမွန်'လက်စွပ်သည် လည်း ပြတ်ပြတ်ထင်ထင်ရှိ၏၊






(၃) လက်ချောင်းများကို ဖြန့်ကားလိုက်သောအခါ၌ ကျယ်ကျယ်ဝန်းဝန်း ဖြန့်ကားနိုင်၏၊

(၄) လက်ညှိုးသည် ချွန်၏၊ သောကြာဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူး ဂြိုဟ်ခုံတို့သည် ကျယ်ပြန့်၏၊

လက်သန်း၏အလယ်စစ်တွင် ထင်ရှားသော ဒေါင် လိုက် အစင်းတစ်ခုကိုလည်း တွေ့ရ၏၊

ထို့နောက် အဘက. . .



မောင်ဝဏ္ဏ၏ လက်ဝါးပုံ

"မောင်ဝဏ္ဏဟာ လောကီပညာကို အကျအနလိုက် စားတဲ့ ပညာရှင်တစ်ဦးဖြစ်တယ်ဆိုတာကို လက်ဝါးက ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com




နေပါတယ်” ဟု ပြောလိုက်လျှင် မောင်ဝဏ္ဏက. . .

“ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်က ပုတီးသမားပါ၊ ဂိုဏ်းဆရာတစ်ယောက်လည်း ဖြစ်ပါတယ်” ဟု ဝန်ခံလိုက်လေ၏။

ထို့နောက် မောင်ဝဏ္ဏကပင်. . .

“ဆရာ့အနေနဲ့ ကျွန်တော့်ကို ကြည့်ပေးဖို့က ကျွန်တော်ဟာ ဒီဘဝမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်မလား၊ ဒါမှမဟုတ် ကျွန်တော်ရဲ့ချစ်သူ မျက်ခြယ်ဆိုတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ကျမလား” ဟု တည့်တိုးကြီးမေးလိုက်လေ၏။

ထိုအခါ အဘသည် မောင်ဝဏ္ဏ၏ အိမ်ထောင်ရေးလမ်းကြောင်းကို စစ်ဆေးရပြန်၏။



မောင်ဝဏ္ဏ
၏
လက္ခဏာရုံ





“ဒီလို မောင်ဝဏ္ဏရဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်မယ့်လူရဲ့ လက်မှာက လက်သူကြွယ်ရဲ့အောက်ဆုံးအဆစ်မှာက ဒေါင်လိုက် အစင်းကြောင်းတစ်ခုပါတယ်၊ အဲဒီအစင်းကြောင်းဘေးမှာလည်း ပုတီးသီထားသလို စက်ဝိုင်းကလေးတွေ ပါလေ့ရှိတယ်၊ မောင်ဝဏ္ဏရဲ့လက်မှာ အဲဒါ မတွေ့ရဘူး၊ ဒါကြောင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မဖြစ်နိုင်ဘူးလို့ပဲ ကျုပ်ကတော့ ဟောရမှာပဲ. . .

ပြီးတော့ တစ်ခါ မောင်ဝဏ္ဏက ထွက်ရပ်မပေါက်ရင်လည်း ချစ်သူမျက်ခြယ်နဲ့ ပေါင်းဖက်ရခြင်း ရှိမရှိမေးထားတယ်၊ အင်္ဂါဂြိုဟ်ခုံကနေ ထွက်လာတဲ့ အဖျက်လမ်းဟာ ကံလမ်းကြောင်းကို ဖြတ်နေတယ်၊ ဒါကြောင့် အိမ်ထောင်ပြုမယ့်ကိစ္စမှာ မိန်းကလေးဘက်က မိဘအုပ်ထိန်းသူတွေ အနှောင့်အယှက်ပေးလိမ့်မယ်လို့ ဖော်ပြနေတယ်၊ ပြီးတော့ မောင်ဝဏ္ဏရဲ့ အိမ်ထောင်ရေးလမ်းကြောင်းဟာ အဖျားဘက်ကနေ အောက်ကိုကုပ်ကျပြီး ကျွန်းပါနေတယ်၊ ဒီအချက်ဟာ မင်းရဲ့ချစ်သူ မျက်ခြယ်နဲ့ မင်းနဲ့ မရဘူးလို့ ဖော်ပြနေတာပဲ . . .၊

အဲဒီတော့ကွယ် . . .၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်လည်း မဖြစ်ဘူး၊ ကိုယ်လိုချင်တဲ့ မိန်းမလည်း မရဘူး၊ ဘာဖြစ်မှာလဲလို့ မေးစရာရှိတယ်၊ မောင်ဝဏ္ဏရဲ့ ဦးခေါင်းလမ်းကြောင်းမှာ ကျွန်းခံနေတယ်၊ တနင်္လာဂြိုဟ်ခုံနဲ့ အင်္ဂါဂြိုဟ်ခုံဟာ ကျယ်ပြန့်တယ်၊




www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းလမ်းကြောင်းဟာ အသက်လမ်းကြောင်းနဲ့ ယှဉ်ပြီး တနင်္လာဂြိုဟ်ခုံအထိ ဆင်းနေတယ်၊ စနေဂြိုဟ်ခုံမှာ လခြမ်းသင်္ကေတလေးပါတယ်၊ လက်သည်းတွေဟာ တိုပြီး အပြာရောင် သမ်းနေတယ်၊ အသက်လမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်း၊ ကျန်းမာရေးလမ်းကြောင်း သုံးကြောင်းပေါင်းနေတဲ့ မဟာတြိဂံကြီးရဲ့အတွင်းပိုင်းမှာ ဇကာကွက်တွေ ထနေတယ်၊ ဦးခေါင်းလမ်းကြောင်းဟာ စနေဂြိုဟ်ခုံ တည့်တည့်အောက်မှာ နှလုံးလမ်းကြောင်းကို ထိလုနီးပါး မောက်ကြွနေတယ် . . .၊ ဦးခေါင်းလမ်းကြောင်းအဆုံးသတ်မှာ ကျွန်းပါနေတယ်၊







ဒီအချက်အလက် တွေကို စုပေါင်းလိုက်ရင် မောင်ဝဏ္ဏဟာ ထွက်ရပ်လည်း မပေါက်ဘူး၊ မျက်ခြယ်နဲ့လည်း မညားဘူး၊ သွက်သွက်ခါအောင် ရူးသွားမယ့် အရူးဘဝကို ရောက်သွားမယ်၊

အခုလို မောင်ဝဏ္ဏကို ဟောရတာ ကျုပ်အနေနဲ့ စိတ်မကောင်းပါဘူး" ဟု ပြောလိုက်ရာ မောင်ဝဏ္ဏက တစ်စုံတစ်ရာ ပြန်၍မပြောသော်လည်း ၎င်း၏အဖော် မောင်လသာက. . .

"ဆရာရယ် . . .၊ အဲဒီလိုတော့ မဟောသင့်ပါဘူး၊ ဆရာ့ ပညာနဲ့တွေ့တယ်ပဲထားဦး၊ နည်းနည်းပါးပါးချိုပြီး ဟောသင့်ပါ တယ်" ဟု ဝင်၍ပြောလေ၏။

ထို့ကြောင့် အဘက. . .

"ဒီလို မောင်လသာရဲ့၊ သိက္ခာရှိတဲ့ လက္ခဏာဆရာဆိုတာ တွေ့ရင်တွေ့တဲ့အတိုင်း ဟောရတယ်၊ မောင်လသာ ပြောသလို ချိုပြီးဟောလိုက်ရင် သိက္ခာမဲ့တဲ့လက္ခဏာဆရာဖြစ်သွားတယ်၊ ပရိသတ်အကြိုက်လိုက်ပြီးဟောတဲ့ လက္ခဏာဆရာမျိုးဖြစ်သွားမယ်၊ ထွက်ရပ်လည်း ပေါက်မှာပါ၊ မျက်ခြယ်နဲ့လည်း အိမ်ထောင်ကျဦး မှာပါဆိုပြီး မဟုတ်တာတွေကို အဟုတ်လုပ်ပြီး မဟောနိုင်ဘူး၊ ကျုပ်ဟောချက် မှန်လို့ လက္ခဏာကြည့်တဲ့လူ လန့်ပြီးလဲသွားရင်လည်း ဆေးရုံကို



www.burmeseclassic.com

www.burmeseclassic.com





ပို့ပေးလိုက်မယ်. . .

လန့်ပြီးသေသွားရင်လည်း သင်္ချိုင်းကို ပို့ပေးလိုက်မယ်၊ ပြီးမှ ရဲနဲ့ကျုပ်နဲ့ ရှင်းမယ်။ ဒါကြောင့် မောင်လသာ ကျုပ်အလုပ်ကို ဝင်ပြီးဆရာမလုပ်ပါနဲ့၊ မောင်လသာတို့အကြိုက် ချိုပြီးပြောတဲ့ ဆရာမျိုးတွေ ရှိပါတယ်၊ အဲဒီဆရာမျိုးတွေဆီမှာ သွားပြီးကြည့်ပါ၊ ကျုပ်ကတော့ မြင်တာကို မြင်တဲ့အတိုင်းပြောမယ်" ဟု အသံမာမာ ဖြင့် အဘက ပြောလိုက်ရာ ရင်းမောင်လသာက. . .

"ဆောရီး . . ." ဟု တောင်းပန်လိုက်လေ၏။ ထို့နောက် မောင်ဝဏ္ဏလည်း လက္ခဏာဟောခ ညာဏ်ပူဇော်ခငွေကို ထုတ်၍ ပေးပြီးနောက် -

"သင့်ခရှ . . ." ဟု ဆိုကာ ထွက်သွားလေတော့၏။

❖ ❖ ❖





အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်နှစ်ခန့်ကြာသောအခါ၌ မောင်လသာသည် အဘထံသို့ ရောက်လာလေ၏။

အဘသည် ရင်းကိုတွေ့လျှင်တွေ့ချင်း. . .

"အလို မောင်လသာပါလား . . .၊ ထိုင်ပါ ထိုင်ပါ၊ ဒါနဲ့ နေပါဦး . . .၊ မောင်ရင့်သူငယ်ချင်း မောင်ဝဏ္ဏတစ်ယောက် ထွက်ရပ်ပေါက်သွားပြီလား . . ." ဟု ငေါ့တော့တော့လေသံဖြင့် မေးလိုက်လေ၏။

ထိုအခါ မောင်လသာက. . .

"ထွက်ရပ်မပေါက်ပါဘူး ဆရာ . . ." ဟု ပြန်၍ဖြေလျှင် အဘက. . .

"ထွက်ရပ်မပေါက်ရင် မောင်ရင့်သူငယ်ချင်း မောင်ဝဏ္ဏဟာ သူ့ရဲ့ချစ်သူ မျက်ခြယ်နဲ့ အိမ်ထောင်ကျသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com







ဟု ဒုတိယအကြိမ် ငေါ့တော့တော့လေသံဖြင့် မေးပြန်လေ၏။

ထိုအခါ မောင်လသာက. . .

"မျက်ခြယ်နဲ့လည်း အိမ်ထောင်မကျပါဘူး ဆရာ၊ ကိုဝဏ္ဏဟာ ဆရာပြောတဲ့အတိုင်း သွက်သွက်ခါအောင် ရှုံးသွားပါတယ် ဆရာ" ဟု ပြောလိုက်လျှင် အဘသည် လွန်စွာစိတ်မကောင်းဖြစ်ကာ

"ကျွတ် . . ကျွတ် . . ကျွတ် . . ခမျာ သနားစရာကွယ်၊ ဥပမိရုပ်ကလေးက သန့်သန့်ပြန့်ပြန့်နဲ့၊ ဖြစ်ကြောင်းကုန်စင် ပြောပါဦး မောင်လသာရယ် . . ." ဟု ညည်းတွားသံဖြင့် မေးလိုက်လေ၏။

"ဒီလို ဆရာရဲ့၊ မျက်ခြယ်ကို မောင်ဝဏ္ဏနဲ့ မဆက်သွယ်ဖို့ မျက်ခြယ်ရဲ့အဒေါ် ဒေါ်စန်းမြင့်က အပြင်းအထန် ကန့်ကွက်တယ်၊ မျက်ခြယ်ဟာ ဒေါ်စန်းမြင့်စကားကို မပယ်လှန်နိုင်ရှာဘူး၊ မျက်ခြယ်ကို မျက်ခြယ်အမေ သေသွားကတည်းက ဒေါ်စန်းမြင့်က တာဝန်ယူခဲ့ရတာ . . .၊ ဒေါ်စန်းမြင့်က ရုံးတစ်ရုံးမှာ လက်နှိပ်စက် စာရေးမ လုပ်တယ်၊ မျက်ခြယ်ထက် (၇) နှစ်လောက်ကြီးတယ်၊ အဲဒီမိန်းမဟာ အပျိုတော့မဟုတ်ဘူး၊ ပသျှူး အောက်လမ်းဆရာ တစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားဖူးတယ်၊ အဲဒီလူကတော့ ကားတိုက်ခံရလို့ သေသွားပါပြီ၊ အဲဒီလူဆီက မကောင်းတဲ့ပညာတွေကို ဒေါ်စန်းမြင့်က ရထားလိုက်တယ်၊





တစ်နေ့မှာ မျက်ခြယ်ဟာ သူလုပ်နေတဲ့ စက်ရုံကအပြန်မှာ အိမ်မပြန်ဘဲ ကိုဝဏ္ဏအိမ်ကို ရောက်လာပါလေရော . . .၊ ဝဏ္ဏကလည်း ဘာမှအဆင်သင့်မဖြစ်သေးတဲ့အတွက် ယူလို့မဖြစ်သေးကြောင်း ဖျောင်းဖျပြီး မျက်ခြယ်ကို ပြန်လွှတ်ပါတယ်. . .

မျက်ခြယ်က ချက်ချင်းထမပြန်ဘဲ ပေကပ်ကပ် လုပ်နေပါတယ်၊ အဲဒီအချိန်မှာ ဒေါ်စန်းမြင့်ကြီးဟာ ကိုဝဏ္ဏအိမ်ရှေ့ကို လေးဘီးကားနဲ့ ရောက်လာပါလေရော၊ ပြီးတော့ မျက်ခြယ်ကို အိမ်ပေါ်က အတင်းဆွဲချပြီး လေးဘီးကားပေါ်ကို တွန်းပြီး တင်လိုက်တယ်၊ အဲဒီတော့ ကိုဝဏ္ဏက ဒီလိုမလုပ်ဖို့ ကောင်းကောင်းမွန်မွန် မေတ္တာရပ်ခံပါတယ်၊ ဒါပေမဲ့ ဒေါ်စန်းမြင့်က ကိုဝဏ္ဏကို မကြားဝံ့ မနာသာ ဆဲဆိုပါတယ်. . .

ပြီးတော့ နင့်လို အထက်လမ်းဆရာယောင်ယောင်၊ ဂိုဏ်းဆရာယောင်ယောင်ကောင်နဲ့ ငါ့တူမနဲ့ တန်သလားတဲ့၊ အဲဒီတော့ ကိုဝဏ္ဏက ဒေါ်စန်းမြင့်ကို သူ့ကို ကြိုက်သလောက် ပြောပါတဲ့၊ ဂိုဏ်းကိုတော့ မထိခိုက်ပါနဲ့တဲ့၊ အဲဒီလိုတောင်းလည်း တောင်းပန်လိုက်ရော ဒေါ်စန်းမြင့်က နင်တို့ဂိုဏ်းက ဘာဂိုဏ်းလဲ၊ ငါ့တူမကို ဆေးခတ်ပြီး ယူဖို့ကြံတဲ့ ဆရာတု ဆရာယောင် ဝေဇာ ကောင်းကောင်း သတိထား . . .၊ ငါ့အကြောင်း နင် ကောင်းကောင်းသိရမယ်လို့ ကြိမ်းသွားတယ်၊ အဲဒီက



www.burmeseclassic.com





တည်းက မျက်ခြယ်နဲ့ ကိုဝဏ္ဏဟာ အဆက် အသွယ်ပြတ်သွား ပါလေရော . . . ၊

သိပ်ပြီးမကြာခင်မှာပဲ ကိုဝဏ္ဏက အမိဌာန်ဝင်ဖို့ အိပ်မက် ရတယ်ဆိုပြီး ပုပ္ပါးတောင်ကို အမိဌာန်ဝင်ဖို့ သွားပါတယ်၊ ကျွန်တော်က အဖော်အဖြစ် လိုက်ပြီးသွားပါတယ်၊ ပုပ္ပါးတောင်ဆိုပေမဲ့ တောင်မကြီးမှာလည်း မဟုတ်ဘူး၊ တောင်ကလပ်မှာလည်း မဟုတ်ဘူး ခင်ဗျ၊ ပုပ္ပါးကိုတက်တဲ့လမ်းက ဆည်ပေါက်ဆိုတဲ့ ရွာမှာတည်းကြတာ၊ ကိုဝဏ္ဏအသိ တစ်ယောက်က အဲဒီရွာမှာ ရှိတယ်လေ . . ၊

ကိုဝဏ္ဏဟာ အဲဒီအိမ်မှာတည်းပြီး ရွာအပြင်က မလွှပင်ကြီးအောက်မှာ တစ်ညလုံး ပုတီးစိပ်လေ့ရှိပါတယ်၊ ကျွန်တော်က တော့ သူနဲ့ မလှမ်းမကမ်းလောက်မှာထိုင်ပြီး သူ့ကို စောင့်ပေးပါတယ်၊ လေးရက်မြောက်တဲ့ညမှာ ကိုဝဏ္ဏဟာ လန့်ပြီးအော်လိုက်တာ ငယ်သံကိုပါရော၊ ထပြီးပြေးတယ်၊ ကျွန်တော်က ဖမ်းဆွဲထားပြီး ဘာဖြစ်တာလဲ ကိုဝဏ္ဏလို့ မေးလိုက်တယ်၊ အဲဒီတော့ ကိုဝဏ္ဏက တုန်တုန်ရီရီနဲ့. . .

'ကိုလသာရေ . . . ၊ မျက်ခြယ်ရဲ့အဒေါ် ဒေါ်စန်းမြင့်ကြီး အလုပ်ခန်းထဲကို ရောက်လာတယ်ဗျာ၊ ကျုပ်က မျက်စေ့မှိတ်ပြီး ပုတီးစိပ်နေတာ၊ အဲဒီမိန်းမကြီးလည်း မြင်ရော အဲဒီမိန်းမကြီးက အာရုံထဲမှာမြင်တာမဟုတ်ဘူး၊ တကယ်ရောက်လာ







တာဗျ . . ၊ ဟဲ့ ငဝဏ္ဏ နင် ပုတီးစိပ်ပြီးရင် အမောပြေကော်ဖီ တိုက်မလို့ ငါရောက် လာတာတဲ့၊ လက်ထဲမှာလည်း ဓာတ်ဗူးကြီး တစ်လုံး ကိုင်လို့ဗျ'လို့ ကျွန်တော်ကို ပြောတယ်၊

အဲဒီတော့ ကျွန်တော်က ဘယ်နားကို ရောက်တာလဲလို့ မေးလိုက်တယ်၊ အဲဒီတော့ သူက ကျုပ်ရှေ့ကို ရောက်လာတာလို့ ပြန်ပြီးဖြေတယ်၊ ဘယ်လမ်းက လာတာလဲလို့ ကျွန်တော်က မေး လိုက်တယ်၊ အဲဒီတော့ ကိုဝဏ္ဏက ဘယ်လမ်းကလာသလဲတော့ မသိဘူး၊ မလွှပင်ပေါ်က ဆင်းလာတာပဲလို့ ပြန်ပြီးဖြေတယ်၊ ပြီးတော့ ပြေးမယ်လို့ လုပ်ပါလေရော . . . ၊

အဲဒီတော့ ကျွန်တော်က သူ့ကို ဖက်ထားရတယ်၊ ပြီးတော့ ကိုဝဏ္ဏက ဒီရွာမှာ မတည်းတော့ဘူး၊ နေရာရွှေ့မယ် ဆိုပြီး ညတွင်းချင်း ပြောင်းတော့တာပဲ၊ ဘယ်ကိုပြောင်းသလဲ ဆိုတော့ ကျောက်ပန်းတောင်းဘက်ကိုဆင်းတဲ့ ရေကျော်ကလေး တစ်ခုရှိတယ်၊ အဲဒီ ရေကျော်လေး ဘေးနားမှာ ရွာရှိတယ်၊ အဲဒီရွာမှာ သွားပြီးတည်း ကြတယ်၊ အဲဒီရွာရောက်တော့ ကိုဝဏ္ဏဟာ သူ့စိတ်ကို ပြန်ပြီးတည်ဆောက်တယ်၊

အဲဒီအိမ်မှာပဲ ကန်တော့ပွဲတွေဘာတွေထိုးပြီး သူတို့ ရားကို တိုင်တည်ပြီး အမိဌာန်ပြန်စတယ်၊ ည ၈ နာရီ လောက်ကျတော့ ရွာလူကြီးကို ခွင့်တောင်းပြီး ရွာအပြင်ဘက် ဒန့်သလွန်ပင်ကြီးအောက်မှာ ပုတီးသွားပြီးစိပ်တယ်၊ ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





အတိုင်း ကျွန်တော်က မလှမ်းမကမ်းက စောင့်ပေးရတယ်၊ ည ၁၂ နာရီ သံချောင်း ခေါက်သံလည်းကြားရော ကိုဝဏ္ဏဟာ ငယ်သံပါအောင် အော်ပြီး ထပြေးလာပြန်လေရော၊ ကျွန်တော် လည်း သူ့ကို ဖမ်းထားပြီး ဘာလဲ ဘာလဲလို့ မေးလိုက်တယ် အဲဒီအခါမှာ ကိုဝဏ္ဏဟာ မျက်ခြယ်ရောက်လာတယ်၊ ကျုပ်ထ မျက်စိမှိတ်ပြီး ပုတီးစိပ်နေတာ၊ အာရုံထဲမှာ မြင်တယ် အောတ် မေ့လို့ မျက်စိကို ဖွင့်ကြည့်လိုက်တာ မျက်ခြယ်က တကယ် ရောက်လာတာဗျ၊ လက်ထဲမှာလည်း ဓာတ်ဗူးကြီးတစ်လုံး ကိုင် လို့၊ ကိုဝဏ္ဏ ပုတီးစိပ်ပြီးရင် အမောပြေကော်ဖီ သောက် မျက်ခြယ်ကော်ဖီလာပြီးတိုက်တာလို့ ပြောတယ်. . .

နေစမ်းပါဦး ကိုဝဏ္ဏရယ် . . .၊ မျက်ခြယ်က ဘယ် လမ်းက လာတာလဲလို့ မေးလိုက်တယ်၊ အဲဒီတော့ ကိုဝဏ္ဏ ဘယ် လမ်းကလာတာလဲတော့မသိဘူး၊ ဆင်းလာတာတော့ ဒန့်သလွန်ပင်ပေါ်က ဆင်းလာတာလို့ ပြောတယ်၊ ပြီးတော့ ဆောက်တည်ရာ မရအောင် ကြောက်လန့်နေတယ်၊ ဒါ ကျွန်တော်လည်း အဲဒီရွာက ရွာလူကြီးရဲ့အကူအညီနဲ့ ထ တစ်စီးငှားပြီး ရန်ကုန်ကို ပြန်ပြီး ခေါ်လာခဲ့ရတယ်၊ ရန်ကု လည်းရောက်ရော စိတ်ကျန်းမာရေး ဆေးရုံကို ပို့လိုက်ရတယ် ကိုဝဏ္ဏဟာ သွက်သွက်ခါအောင် ရူးသွားပါပြီ ဆရာ . . . ကိုလသာက ပြောပြလေ၏။







ထိုအခါ၌ အဘက. . .

"ဟိုမိန်းမနစ်ယောက်က သူ့ဆီကို တကယ်မလာပါဘူး၊ အချိန်မတော်ကြီးမှာ စိတ်မခိုင်ဘဲ ရွာပြင်မှာထွက်ပြီး ပုတီးစိပ် လို့ သူ့စိတ်က သူ့ကိုခြောက်ပြီး အာရုံမှားသွားတာပါ . . .၊ ကျွတ်. . . ကျွတ် . . . ကျွတ် . . . သနားစရာကောင်းလိုက် တာ မောင်ဝဏ္ဏရယ် . . ." ဟု ရေရွတ်လိုက်လေတော့သ တည်း။

အနိယာ ဟောသ္မ

**ဘာရူးညာကာလီ**

(အဘ၏ ထမင်းချက်)

... [illegible] ...



www.burmeseclassic.com

www.burmeseclassic.com









( ၁ )

# မိုးထက်ကဲနှင့် လူစွန့်စားမောင်ဘမှန်

ဘမှန်သည် အသက် (၃၅)နှစ်ခန့်ရှိသော လူငယ် ာစ်ဦး ဖြစ်၏။ ထို့ပြင် ၎င်းသည် ငယ်စဉ်အခါကပင် ဗန်တို ညာကို ကောင်းစွာသင်ယူခဲ့၍ ကောင်းစွာလေ့ကျင့်ထား ူလည်း ဖြစ်၏။ မြန်မာ့ရိုးရာလက်ဝှေ့ကိုလည်း ဆရာကောင်း ံ နည်းနာခံယူပြီး သင်ယူလေ့ကျင့်ကာ ပွဲပေါင်းများစွာ ူဉ်ပြိုင်ထိုးသတ်ဖူးသူ ဖြစ်၏။ ထိုပွဲများတွင်လည်း အနိုင်ပွဲသာ ျားခဲ့၏။ မနိုင်သောအခါတွင် သရေကျ၍ ရှုံးပွဲမှာ လွန်စွာ ည်းလေ၏။ ထိုးသတ်သောအခါ၌ ဘမှန်သည် ဒူးပျံဖြင့် န်၍တိုက်ခြင်းကို အများစုအသုံးပြုလေ၏။ ၎င်း၏ဒူးပျံဖြင့်



www.burmeseclassic.com

www.burmeseclassic.com





အတိုက်ခံရသူသည် လက်ဝှေ့စင်ပေါ်တွင်ပင် သတိမေ့သွား
တတ်၏။ ထို့ကြောင့် ဒူးပျံအတိုက်ကောင်းသော ဘမှန်အား
'**ဒူးပျံဘမှန်**' ဟူ၍ ပရိသတ်က အမည်ပေးခဲ့လေ၏။

နောင်တွင်မူ ၎င်းသည် ကုန်သည်အလုပ်ဖြင့် အသက်
မွေးလေ၏၊ ဥပမိရှုပ်မှာလည်း ယောကျ်ားပီပီသသ ချောမော
ဖြစ်၏။ ကိုယ်ခံပညာတတ်သည့်အပြင် မိဘနှစ်ပါးစလုံး မြန်မာ
စစ်ကြသောကြောင့် သူရသတ္တိနှင့်လည်း ပြည့်စုံလေ၏။ ထို့ပြ
၎င်းဘမှန်သည် သူတစ်ပါးကို အကူအညီပေးတတ်သူဖြစ်၏

တစ်နေ့တွင် ၎င်း၏မိတ်ဆွေ မောင်လတ်ဆိုသူက ၎င်း
၏ဇနီး အိမ်မှထွက်သွားကြောင်း လာ၍ပြောသည့်အပြင် ရှာ
ပါရန် အကူအညီတောင်းလေ၏၊ ဘမှန်လည်း အကူအညီပေး
မည်ဟု ကတိပေးပြီးလျှင် မောင်လတ်၏ဇနီးကို စုံစမ်းရာ ပဋ
ဟောင်းရောင်းသော ကုလားတစ်ဦးက သွေးဆောင်ဖြားယော
၍ ခေါ်သွားကြောင်းကို သတင်းရလေ၏။ ဘမှန်သည် မော
လတ်၏ ဇနီးဖြစ်သူ ကြူကြူ တောင်ကြီးမြို့တွင် ရောက်ရှိ
ကြောင်း သတင်းရသဖြင့် တောင်ကြီးသို့ လိုက်သွားမည်
မောင်လတ်ကို ပြောပြီးလျှင် ၎င်း၏ဂျစ်ကားဖြင့် တောင်ကြီး
သို့ ထွက်လာခဲ့လေ၏။ တောင်ကြီးမြို့သို့ရောက်လျှင် သတင်း
ခဲ့သော 'ကန်အောက်ရပ်ကွက်'သို့ သွားရောက်စုံစမ်းရာ ကြူ
နှင့် ဂိုရှီးဆိုသော ကုလားသည် မန္တလေးသို့ မကြာခင်က





ထွက်သွားကြောင်း သတင်းရသဖြင့် ဘမှန်လည်း ဂျစ်ကားဖြင့်
ဆက်၍လိုက်လေ၏။ အောင်ပန်းသို့ရောက်လျှင် ဘမှန်၏
စိတ်ကူးမှာ လမ်းအဖြောင့်တိုင်းမလိုက်ဘဲ ပင်းတယဘက်သို့
ဝင်ကာ ထိုမှတစ်ဆင့် ကူမဲသို့ဆင်းသော တောလမ်းအတိုင်း
လိုက်၍ ရှေ့မှဆီးကြိုဖမ်းရန်ဖြစ်၏။

ထို့ကြောင့် ထိုလမ်းအတိုင်းလိုက်ကာ ကူမဲသို့ ဆင်း
သော ဖြတ်လမ်းမှမောင်းလေ၏၊ ထိုလမ်း၏ ရှုခင်းများမှာ
သာယာလှ၏။ သို့ရာတွင် လမ်းသည် အလွန်ကြမ်း၏။
လမ်းတစ်လျှောက် လွန်စွာ ကျယ်ဝန်းသော မြုံကြီးများကို
တွေ့ရသော်လည်း လူနေအိမ်ခြေမှာ လွန်စွာကျဲလေ၏၊
ဘမှန်သည် ဤသို့ဖြင့် ကားကို မောင်းနှင်လာခဲ့၏။ ၎င်းသည်
ဂိုရှီးနှင့် တစ်ယောက်ချင်း ရင်မဆိုင်ရဘဲ ဂိုရှီးဘက်မှ လူများလျှင်
ခုခံနိုင်ရန်အတွက် ခြောက်လုံးပြူးသေနတ် တစ်လက်ကို ပေါင်
တွင် သားရေကြိုးဖြင့်စည်းကာ ဝှက်၍ယူလာခဲ့လေ၏၊

ဤသို့နှင့်ပင် တောလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ
မော်တော်ကားသည် ဆီပိတ်သဖြင့် တုံ့ကနဲ တုံ့ကနဲ ဖြစ်သွား
သည်ကို ဘမှန် သတိပြုမိလေ၏၊ ထို့ကြောင့် လမ်းတွင်
တွေ့သော အိမ်တစ်အိမ်သို့ ချဉ်းကပ်ကာ ခေတ္တတည်းခိုခွင့်
တောင်းပြီးလျှင် ကားကို ပြင်မည်ဟု စိတ်ကူးမိလေ၏၊ ထိုစိတ်
ကူးပေါ်ပြီးများမကြာမီ၌ပင် လွန်စွာကျယ်ဝန်းသော မြုံကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြံနှင့် ကျွန်းအိမ်မည်းမည်းကြီး တစ်လုံးကို တွေ့ရလေ၏။ ဘမှန်သည် ထိုခြံကြီးကိုကြည့်လိုက်ရာ မြောက်မြားစွာသော သရက်ပင်များနှင့် မှည့်ဝင်းနေသော သရက်သီးများကို တွေ့ရလေ၏။

သရက်ပင်များကြားတွင် ပိန္နဲပင်များကိုလည်း တွေ့ရလေ၏၊ ဘမှန်သည် ခြံဝင်းတံခါးကို လှမ်း၍ကြည့်လိုက်ရာ ခြံဝင်းတံခါး ပွင့်နေသည်ကို တွေ့ရသည့်အပြင် တံခါးအနီး၌လည်း သပ်ရပ်စွာ ရေးထားသော ဆိုင်းဘုတ်ကလေးတစ်ခုကိုပါ တွေ့ရလေ၏၊

ထို ဆိုင်းဘုတ်ပေါ်တွင်. . .

**ဦးလောရှည်**
**ဒေါ်မြင့်မြင့်**

ဟု ရေးထားသည်ကို တွေ့ရလေ၏၊

ထို့ကြောင့် ဘမှန်က. . .

"ဒီအိမ်ရှင်နာမည်က ဦးလောရှည် ဆိုပါလား၊ အရပ်ရှည် လို့ မှည့်ထားတဲ့ 'အနွတ္တ' အမည်မျိုးပဲ၊ မိန်းမက





လည်း 'ဒေါ်မြင့်မြင့်' တဲ့၊ အရပ်အမောင်းကောင်းပြီး လုံးကြီးပေါက်လှထဲကနဲ့ တူပါတယ်" ဟု စိတ်ကူးမိလေ၏။ ထို့နောက် ဘမှန်သည် ခြံတံခါးပေါက် အတွင်းသို့ ကားကို ကွေ့၍ဝင်ကာ ရပ်လိုက်လေ၏၊ ထိုအချိန်၌ ခြံ၏နောက်ဘက်မှ လူပုလေး တစ်ယောက်ပြေး၍ ရောက်လာပြီးလျှင်. . .

"ဒီမှာ ရောင်းရင်း၊ အနီကိစ္စလဲ" ဟု မေးလေ၏။

ထိုအခါ ဘမှန်က. . .

"ကားက ပျက်ချင်သလိုလိုဖြစ်နေလို့ ဒီအိမ်မှာ ခေတ္တတည်းခိုပြီး ကားပြင်ချင်လို့ပါ" ဟု ပြန်၍ပြောလိုက်လျှင် လူပုလေးက အိမ်ပေါ်သို့ တက်ခိုင်းလေ၏၊ အိမ်ပေါ်သို့ ရောက်လျှင် စောစောက တွေ့ခဲ့သော လူပုကလေးထက်ပင်ပုသော အခြားလူပုကလေးတစ်ဦးကို တွေ့ရပြန်လေ၏။ ထိုလူပုကလေးမှာ ထမင်းစား စားပွဲခုံထက်ပင် လက်လေးလုံးခန့်နိမ့်နေသော လူပုကလေးမျိုးဖြစ်၏၊ အရပ်ပုသော်လည်း ခေါင်းမှာကြီး၏။ ထိုလူပုကလေးသည် နက်ပြာရောင်သက္ကလပ်ဘောင်းဘီရှည်၊ နက်ပြာရောင်သက္ကလပ် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်ထားပြီးလျှင် လည်ပင်း၌လည်း အပြာရောင်ပေါ်တွင် အဖြူရောင်အစက်အပြောက်များပါသည့် နက်ကတိုင်ခေါ် လည်စည်းကို စည်းထားလေ၏။

"အို လူကြီးလူကောင်း ဘာကိစ္စပါလဲခင်ဗျာ" ဟု



www.burmeseclassic.com

www.burmeseclassic.com





မေးလေ၏၊

ထိုအခါ ဘမှန်က. . .

"ကျွန်တော့်ကားက ဆီပိတ်ချင်သလိုဖြစ်နေလို့၊ ဒီခြံမှာ ခဏနားပြီး ကားပြင်ချင်လို့ပါ" ဟု ပြောလိုက်ချိန်၌မှာပင် အခန်းအတွင်းမှ အခြားသော လူပုကလေးတစ်ယောက် ထွက်လာပြန်လေ၏။ ထိုလူပုကလေးမှာ အမျိုးသမီးဖြစ်၏။ ပထမတွေ့ခဲ့သော လူပုကလေးနှစ်ဦးထက်ပင် အရပ်နိမ့်၏။ သို့ရာတွင် ဆံပင်လွန်စွာ ကောင်း၏၊ ဆံပင်ကိုခွဲပြီးလျှင် ကျစ်ဆံမြီးများ ထုံးထား၏၊ ထိုအမျိုးသမီးလူပုကလေးက အမျိုးသားလူပုကလေးအား. . .

"မောင် ဘာတဲ့တုံး . . ." ဟု မေးလိုက်ရာ အမျိုးသားလူပုကလေးက. . .

"တခြားမဟုတ်ပါဘူး မြင့်ရယ်၊ ဒီလူကြီးလူကောင်းကလေး စီးလာတဲ့ကားက ဆီပိတ်လို့ မောင်တို့ မြင့်တို့ခြံထဲမှာ ခေတ္တနားပြီး အဲဒါကို ပြင်ချင်လို့တဲ့၊ အကူအညီလာပြီးတောင်းတာပါ၊ ဘာမှမစိုး ရိမ်ပါနဲ့ကွယ် . . .၊ လူကောင်းတစ်ယောက်ပါ၊ ပြီးတော့ လက်ဝှေ့လောကမှာ နာမည်ရခဲ့တဲ့ ဒူးပျံဘမှန်လို့ ခေါ်ပါတယ်၊ ပေါင်တစ်ဖက်က ခပ်ဖောင်းဖောင်းဖြစ်နေတာကတော့ ၃၈ ဗို့ ခြောက်လုံးပြူးကို သားရေကြိုးနဲ့ ပေါင်မှာ ကပ်ချည်ထားလို့ပါ . . .၊







သူကြည့်ရတာ ကူမဲကို ဒီလမ်းကနေဖြတ်မယ်နဲ့ တူပါရဲ့၊ ကြည့်ရပုံကတော့ တောင်ကြီးဘက်ကနေ သူ့ရှေ့ကထွက်သွားတဲ့ လူကို ဖြတ်လမ်းကနေ ကူမဲကိုဆင်းပြီး ရှေ့က ဆီးကြိုပိတ်မယ့် သဘောပဲရှိတယ် မြင့်ရဲ့ . . .၊ ဟောဒီမောင်ဘမှန်ရဲ့ ရုပ်ကို ကြည့်စမ်းပါဦး၊ မြန်မာပီသပြီး ချောမောတဲ့ လူငယ်တစ်ယောက်ပဲ၊ နှုတ်ခမ်းက စေ့စပ်ပြီး မေးရိုးက ထောင့်ကျတယ်၊ နှာတံပေါ်တယ်၊ မျက်လုံးက အရောင်တဖျပ်ဖျပ်တောက်နေတယ်၊ သူရသတ္တိနဲ့ ပြည့်စုံတဲ့ရုပ်မျိုးပဲ၊ ဥရောပတိုက်မှာ ဒီလိုမျက်နှာပိုင်ရှင်မျိုးကို မျက်နှာကခဲတတ်တဲ့လူတွေက 'Iron Face' (သံမျက်နှာ)လို့ တင်စားခေါ်ဝေါ်ကြတယ် မြင့်ရဲ့ . . .၊

မျက်ခုံးနှစ်ခုကြား နဖူးပေါ်မှာ ဒေါင်လိုက်အစင်းလေးတစ်စင်းလည်း ပါတယ်၊ ဒီအစင်းကလေးဟာ သူသေကိုယ်သေ ရင်ဆိုင်တိုက်ရတဲ့ တိုက်ပွဲတွေမှာ မျက်တောင်မခတ်ဘဲ မျက်ကြော ရှုံ့ပြီးကြည့်ခဲ့ရလို့ ပေါ်တဲ့အကြောင်းကွဲ့ . . .၊ ဒီသူငယ်ဟာ တကယ့်ကို ဖိုက်တာပါပဲ၊ ကြည့်ရတာတော့ ကူမဲကနေဖြတ်ပြီး စောင့်ရမယ့်ကိစ္စဟာ ပြေပြေလည်လည် စကားပြောလို့ ရချင်ရ၊ မရရင် တိုက်ခိုက်သတ်ပုတ်ရမယ့် ကိစ္စမျိုးဖြစ်လိမ့်မယ် ထင်တယ် မြင့်ရဲ့ . . ." ဟု ၎င်း၏မိန်းမကို ပြောလိုက်လျှင် ၎င်း၏မိန်းမက. . .



www.burmeseclassic.com

www.burmeseclassic.com





"မောင်ရယ် . . .၊ မနက်စာကို မြင့်စီစဉ်မှဖြစ်မယ်ထင်တယ်" ဟု ပြောလိုက်ရာ ဘမှန်က. . .

"ကျွန်တော့်အတွက် ဒုက္ခမရှာပါနဲ့ ခင်ဗျာ . . ." ဟု ကမန်းကတန်းပြန်၍ပြောရလေ၏။

ထိုအခါ လူပုကလေးက. . .

"မဟုတ်မှလွဲရော . . . ပင်းတယက ဂေါ်ရခါးဆိုင်မှာ ပလာတာနဲ့ လက်ဖက်ရည်သောက်ခဲ့တယ် ထင်တယ်" ဟု ပြောလိုက်ရာ ဘမှန်က. . .

"လိုက်ပြီးကြည့်နေတဲ့အတိုင်းပါပဲ ခင်ဗျာ" ဟု ပြောပြီးလျှင် အိတ်အတွင်းမှ ငါးသုံးလုံးစီးကရက်ဗူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို နှိုက်ကာ မီးခြစ်ခြစ်၍ မီးတို့ရှိုက်ဖွာလိုက်လေ၏။

"အခုသောက်တဲ့ စီးကရက်ဗူးဟာလည်း အဲဒီဆိုင်က ဝယ်လာတာနဲ့တူတယ်၊ ဗူးထဲမှာ သုံးလိပ်လောက်ပဲ လျော့သေးတယ်" ဟု ပြောလိုက်လျှင် ဘမှန်က. . .

"မှန်ပါတယ် ခင်ဗျာ၊ လိုက်ပြီးကြည့်နေတဲ့အတိုင်းပါပဲ" ဟု ပြောလိုက်လေ၏။ ထိုအခါ မြင့်မြင့်ဆိုသော လူပုမက သူ၏ယောကျ်ားအား. . .

"နေပါဦး မောင်ရယ်၊ သူက ကူမဲကို ဘာကြောင့် ဒီလမ်းက ဆင်းရမှာလဲ" ဟု မေးလိုက်ရာ လူပုကလေးက. . .

"သူတွေ့ချင်တဲ့လူကို တောင်ကြီးမှာ ရှာဟန်တူတယ်၊







အဲဒီ လူက တောင်ကြီးမှာ မရှိတော့ဘဲ မန္တလေးကို သူ့ရှေ့က ဆင်းသွားပြီလို့ သတင်းရလို့ သူက နောက်ကလိုက်တာ . . .၊ အောင်ပန်း ရောက်မှ လမ်းရိုးအတိုင်း မလိုက်ဘဲ ဒီလမ်းကနေ ဖြတ်ချပြီး ကူမဲကနေ ကြိုပြီးစောင့်နေမယ်လို့ စိတ်ကူးပေါ်လို့ ဒီကနေဖြတ်တာပေါ့ မြင့်ရဲ့ . . .၊

ပြီးတော့ ကိစ္စကလည်း ပစ္စည်းကိစ္စ၊ ဒီလိုအရေးကြီးရင် ရဲကို တိုင်ထားမှာပေါ့၊ ရဲကိုမတိုင်တန်းဘဲ ကိုယ်တိုင်ကြမယ်ဆိုပြီး ဆင်းလာပုံထောက်တော့ ပစ္စည်းကိစ္စတော့ဟုတ်ဟန်မတူဘူး၊ မိန်းမကိစ္စဖြစ်ဟန်တူတယ် မြင့်ရဲ့ . . ." ဟု ပြောလိုက်လျှင် ဇနီး၏ မိန်းမက. . .

"ဩော် . . . သူ့မိန်းမထွက်သွားလို့ ရှာပုံတော်ထွက်ခဲ့တာပေါ့နော် . . ." ဟု ပြောလိုက်ရာ လူပုကလေးက. . .

"မြင့်ကလည်းကွယ် . . .၊ အတွေးအခေါ် သိပ်ညံ့တာပဲ၊ မိန်းမထွက်သွားတာဆိုရင် ခေါ်ဖို့ပဲလိုတာ . . .၊ တိုက်ပွဲဖြစ်ဖို့မှ မလိုပဲ၊ ပေါင်မှာ သားရေကြိုးနဲ့သေနတ်ကို ကပ်ပြီးချည်လာစရာ မလိုပါဘူး၊ အခုလို လုပ်လာပုံထောက်တော့ မိန်းမက တစ်ယောက်တည်း စိတ်ဆိုးပြီးထွက်သွားပုံမဟုတ်ဘူးကွ၊ အခြားတစ်ကောင်ကောင်ရဲ့ သွေးဆောင်မှုနဲ့ ပါသွားပုံရတယ်၊ ပြီးတော့လည်း မောင်ဘမှန်ရဲ့ရုပ်ကိုလည်း ကြည့်ပါဦး၊ သူ့ရဲ့ မိန်းမကိစ္စဆိုရင် သူ ဒီလောက်စွန့်စားမှာမဟုတ်ဘူး၊ ဒီရုပ်မျိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို တိုရေရှားရေပေါင်းမယ့်ရုပ်မျိုးမဟုတ်ဘူး၊ မိန်းမတွေ ဝိုင်းနေမယ့် ရုပ်မျိုးကွဲ့၊ မဟုတ်မှလွဲရော သူငယ်ချင်းတစ်ယောက်ရဲ့မိန်းမအတွက် လိုက်လာဟန်တူတယ်ကွဲ့" ဟု ပြောလိုက်လျှင် ဘမှန်က. . .

"မှန်ပါတယ် ခင်ဗျာ၊ လိုက်ပြီးကြည့်နေတဲ့အတိုင်းပါပဲ ခင်ဗျာ" ဟု ပြောလိုက်လေ၏။

ထိုအခါ၌ လူပုကလေးက. . .

"ထိုင်ပါ ကျုပ်ရဲ့မိတ်ဆွေသူရဲကောင်း . . ." ဟု ဆိုကာ ထိုင်ခုံကို ညွှန်ပြလိုက်လေ၏။ ဘမှန်လည်း မိမိရောက်နေသောနေရာကို တစ်ချက်မျှဝေ့၍ အကဲခတ်ကြည့်ရှုလိုက်လေ၏။

ထိုအခါ၌ လူပုကလေးက. . .

"ကျုပ်နာမည်က ဦးလောရှည်တဲ့၊ ကျုပ်ရဲ့ဇနီးက ဒေါ်မြင့်မြင့်တဲ့၊ သူက စိန်ကုန်သည်၊ ကျောက်ပွဲစားပါပဲ၊ သူ ကျက်စားတာက မိတ္ထီလာမှာပါ၊ ကျုပ်က ဥပဒေနဲ့ဘွဲ့ရပြီး ရှေ့နေလိုက်ပါတယ်၊ အမှန်က ရဲလုပ်ငန်းကို ဝါသနာပါတာဗျ၊ ကျုပ်က အလွန်အရပ်ပုလေတော့ အရပ်ရှည်တဲ့ ရဲတွေကိုအားနာလို့ ရဲတပ်ဖွဲ့ကို မဝင်ဘဲ ရှေ့နေလုပ်နေတာဗျို့ . . .၊ ကျုပ်ရဲ့အလုပ်ကလည်း မိတ္ထီလာမှာပဲ ဆိုပါတော့၊ မိတ္ထီလာမှာ ကျုပ်ရဲ့ရုံးခန်းဖွင့်ထားတယ်၊

ကျုပ်တို့မှာက ဘီအက်စ်အေမော်တော်ဆိုင်ကယ် တစ်





စီးရှိတယ်၊ မိုးလင်းရင် လင်မယားနှစ်ယောက် အဲဒီမော်တော်ဆိုင်ကယ်နဲ့ မိတ္ထီလာကို သွားကြပြီ၊ ထမင်းဟင်းချက်ပြီး ချိုင့်နဲ့ထည့်သွားတယ်ဗျ၊ အိမ်မှာကတော့ မြင့်ကိုကိုဆိုတဲ့ တပည့်လူပုတစ်ယောက်ကို အိမ်စောင့်အဖြစ် ထားပစ်ခဲ့တယ်၊ ခြံထဲကိုမောင်ရင် ဝင်လာတုန်းက တွေ့ခဲ့တဲ့ လူပုပေါ့ . . .၊ သူက ရုပ်ရှင်မင်းသား လုပ်ဖို့ ဝါသနာပါတယ်၊ အရပ်မြင့်တဲ့ မင်းသားတွေကို အားနာလို့ မင်းသားမလုပ်တော့ဘဲ ကျုပ်ဆီမှာ အလုပ်လာလုပ်နေတာ . . .၊

ပြီးတော့ ဒီငတိက အဆိုဝါသနာပါတယ်၊ မိဘဆီက အမွေရတဲ့ငွေကို အခွေထုတ်မလို့ပဲ၊ အဆိုလည်း မတတ်၊ အသံလည်း မကောင်းတာကြောင့် သီချင်းခွေမထုတ်တော့ဘဲ ဟိုဘက်မြေကွက်မှာ ခြင်ဆေးခွေတွေလုပ်ပြီး ထုတ်နေလေရဲ့ . . .၊ သူ့ရဲ့ ခြင်ဆေးခွေနာမည်က '**ခြင်ဆလံ**'တဲ့ . . .၊ ကျောက်ဆည်အထိ နာမည်ကြီးပါတယ်၊ ခြင်ဆေးခွေဗူးပေါ်မှာ ရေးထားတဲ့ပုံက ခြင်တစ်ကောင်မတ်တပ်ရပ် သတိဆွဲပြီး ဆလံပေးနေတဲ့ ပုံခင်ဗျ" ဟု ပြောလိုက်ရာ ဘမှန်သည် တခစ်ခစ်ရယ်လေ၏။

ထို့နောက် ဘမှန် က. . .

"ဦးလောရှည်ရယ် . . .၊ ကျွန်တော့်နာမည်ကို ဘယ်လိုလုပ်များ သိပါသလဲ" ဟု မေးလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com





"လူကြီးလူကောင်းက လက်ဖျံမှာ ဆေးမှင်နဲ့ထိုးထားတဲ့ စာတန်းကို မေ့နေပြီကိုး၊ ဒီစာဟာ ပထမဦးဆုံး ထိုးတဲ့ပွဲမှာ ဒူးဖျံနဲ့တိုက်ပြီး အနိုင်ရလို့ အမှတ်တရထိုးထားတဲ့စာ ဖြစ်ဟန်တူတယ်" ဟု ဦးလောရှည်ခေါ် ဂျပုက ပြောလေ၏။ ထိုအခါကျမှ ဘမှန်လည်း လက်ဖျံမှာထိုးထားသော စာတန်းကို ငုံ့၍ကြည့်လိုက်ပြီးလျှင် -

"မှန်ပါတယ် ခင်ဗျာ၊ လိုက်ပြီးကြည့်နေတဲ့အတိုင်းပါပဲ" ဟု ပြောလေ၏။

ထိုအခါ၌ ဦးလောရှည်ဆိုသူက. . .

"အသက်မွေးဝမ်းကျောင်းအတွက်သာ ရှေ့နေလုပ်ရတာဗျ၊ ကျုပ်တကယ်လုပ်နေတဲ့အလုပ်က ဂမ္ဘီရအလုပ်ဗျ၊ ဂမ္ဘီရအလုပ် ဆိုပေမဲ့ ခင်ဗျားတွေ့ဖူးမြင်ဖူးတဲ့ မြန်မာဂမ္ဘီရ မဟုတ်ဘူးနော်၊ နိုင်ငံခြားကနည်းစနစ်တွေနဲ့လုပ်တာ၊ အင်္ဂလိပ်လိုတော့ 'Witchcraft' ဝှစ်ကရပ်လို့ခေါ်တဲ့ မှော်အတတ်ဆန်ဆန်ဟာမျိုးပေါ့ဗျာ" ဟု ပြောလိုက်ရာ ဘမှန်က. . .

"ဝှစ်ကရပ်ဆိုတာ စုန်းမတွေရဲ့ ပြုစားတဲ့အတတ်ပေါ့၊ ဝှစ်ဆိုတာက စုန်းကို ခေါ်တာမဟုတ်လား" ဟု ပြောလိုက်လေ၏။

ထိုအခါ ဂျပုဦးလောရှည်က. . .

"ကျုပ်တို့ မြန်မာမှာက စုန်းထီး၊ စုန်းမ ခွဲပြီးပြောတယ်







ဗျ၊ အင်္ဂလိပ်လိုကတော့ အဲဒီအတတ်ပညာမျိုးကို အသုံးပြုရင် ယောကျ်ားပဲသုံးသုံး၊ မိန်းမပဲသုံးသုံး 'ဝှစ်ကရပ်' လို့ပဲ ခေါ်ရတယ်" ဟု ရှင်းပြလေ၏။

ထိုအခါ ဘမှန်က. . .

"အဲဒီအတတ်ပညာမှာ တိရစ္ဆာန်အရှင်လတ်လတ်ကို သတ်ပြီး သွေးတွေဘာတွေနဲ့ စီရင်ရတာမျိုးလည်း ပါသေးတယ်မဟုတ်လား" ဟု ပြန်၍မေးလေ၏။

"ဒီလိုပါ လူကြီးလူကောင်းရယ် . . .၊ တိရစ္ဆာန်သွေးတင် မကဘူး၊ လူသွေးလည်း လိုအပ်ရင်ပါမှာပေါ့၊ အလွန်အပြောကျယ်တဲ့ ပညာရပ်ပဲကွဲ့ . . .၊ ကျုပ်ကိုတော့ ဒီပတ်ဝန်းကျင်ကလူတွေက ရှေ့နေတစ်ယောက်အဖြစ် အသိအမှတ်မပြုဘူးဗျ . . .၊ မှော်ဆရာ တစ်ယောက်လို့ ထင်နေကြတယ်၊ ဒါကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးက ရွံကြောက်ကြီးဖြစ်ပြီး ဆေးဖော်ကြောဖက်တောင် မလုပ်ကြဘူးဗျို့ . . .၊ နေတဲ့နေရာကလည်း အလွန်ခေါင်လေရော၊ တစ်နှစ်နေလို့ ကျုပ်အိမ်ကို ဧည့်သည်တစ်ယောက် မလာဘူးဗျ၊ ခင်ဗျားရောက်လာတာကို ပတ်ဝန်းကျင်က အံ့သြနေကြပုံပဲဗျ" ဟု ဂျပုဦးလောရှည်က ပြောလေ၏။ ထို့နောက် ဒေါ်မြင့်မြင့်သည် ထမင်းစားပွဲပြင်၍ မောင်ဘမှန်ကို ကျွေးလေ၏။ မောင်ဘမှန် ထမင်းစားသောအခါ ဦးလောရှည်ကိုယ်တိုင် အနီးတွင်ထိုင်၍ ဧည့်ဝတ်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com





"ကဲ . . . ကျုပ်ရဲ့ညေ့်သည် လူကြီးလူကောင်း၊ ဟောဒီ အကင်ကလေးကို စားပါဦး၊ လင်းနို့ကို ပျားရည်သုတ်ပြီး ကင် ထားတာ . . ." ဟု ဂျပုဦးလောရှည်က ပြောလိုက်လျှင် ဘမှန် က. . .

"ကျွန်တော်တော့ တစ်သက်နဲ့တစ်ကိုယ် လင်းနို့ထို မစားဖူးပေါင်ဗျာ . . ." ဟု ပြောလိုက်ရာ ဂျပုဦးလောရှည် က. . .

"လင်းနို့သားများများစားရင် မှောင်ကြီးထဲမှာ မျက်စိထ ကြည့်လို့ကောင်းကောင်းမြင်တယ်၊ ကျုပ်ဖြင့် တစ်ပတ်မှာ လင်းနို့ သားကို (၇)နပ်လောက် စားဖြစ်တယ်၊ ဟော့ဒီဟင်းလေးလည်း စားပါဦး၊ ငရုတ်သီးစပ်စပ်နဲ့ချက်ထားတာ . . .၊ အများအခေါ် တော့ ငှက်ဆိုးပေါ့ဗျာ . .၊ တကယ့်နာမည်က 'လင်ကောင်ထိုး ငှက်' ပါ၊ အကြမ်းဖျင်းပြောရရင်တော့ ငှက်ဆိုးဆီပြန်ဟင်း ပေါ့ဗျာ" ဟု ပြောလိုက်ရာ ဘမှန်က. . .

"ကျွန်တော်ဖြင့် တစ်သက်လုံး မစားဖူးပေါင်ဗျာ . . ." ဟု ပြောလိုက်လျှင် ဂျပုဦးလောရှည်က. . .

"ကျုပ်ကတော့ တစ်လကို (၃)ခါလောက် ချက်စားဖြစ် တယ်၊ ဟောဒါကတော့ ဖားကြော်ပါဗျာ၊ ဒါပေမဲ့ ရိုးရိုးဖားကြော် မဟုတ်ဘူးဗျ၊ မိတ်လိုက်ဖားကို ကြော်ထားတာ . . .၊ မိတ်လိုက် နေတဲ့ဖားနှစ်ကောင်ကို မိတ်လိုက်နေတုန်း ရိုက်သတ်ပြီး ကြော်







ထားတာဗျ . . .၊ ကြက်သွန်ဖြူ ချင်းနိုင်နိုင်နဲ့ ကြော်ထားတော့ မွှေးလိုက် တာမပြောပါနဲ့တော့ဗျာ . . .၊ စားစမ်းပါဦး" ဟု ပြောလိုက်လေ၏။ ဘမှန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ပုခုံးကို အသာတွန့်လိုက်လေ၏။

ထို့နောက် ဂျပုဦးလောရှည်က. . .

"ဟောဒါကတော့ ကင်းမြီးကောက်ရဲ့လက်မနဲ့ အသား ထုတ်ပြီး ကင်းလိပ်ရှောဆီနဲ့ ကြော်ထားတာဗျို့" ဟု ပြောလိုက် လျှင် ဘမှန်သည် မစားရုံမျှမက ပျို့၍တက်လာလေတော့၏။

"ဟောဒီအကြော်တွေကတော့ သချိုင်းကုန်းကရတဲ့ ပုရစ် တွေကို မုဆိုးမအိမ်ကတောင်းတဲ့ဆီနဲ့ ကြော်ထားတာဗျို့ . . ." ဟု ဂျပုဦးလောရှည်က ပြောပြန်လေ၏။ ဘမှန်သည် ဂျပုဦးလော ရှည်ပြောသောဟင်းများကို စားသောက်ခြင်းမပြုဘဲ ငရုတ်သီးစိမ်းကို ဆားဖြင့်တို့၍သာ ထမင်းနှင့်နယ်ကာ စားလေ တော့၏။ ထမင်းစားပြီးသောအခါ၌ ဂျပုဦးလောရှည်က ရေနွေးကြမ်းတိုက်ပြန်လေ၏။

"လက်ဖက်ခြောက်ကလေးက မွှေးလို့ဗျာ . . .၊ လူကြီး သူကောင်း သောက်စမ်းပါဦး၊ ဒီလက်ဖက်ခြောက်ကလည်း ရိုးရိုး လက်ဖက်ခြောက်မဟုတ်ဘူးဗျ၊ မသာအိမ်မှာကျွေးတဲ့ လက်ဖက် ကို တောင်းပြီး နေပူလှန်းထားတာ . . ." ဟု ပြောလိုက်လျှင် ဘမှန် သည် ရေနွေးကြမ်းကိုပင် မသောက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com







ထို့နောက် ဘမှန်က. . .

"ကားပြင်ရဦးမယ်" ဟု ဆိုကာ အိမ်ပေါ်မှဆင်း၍ ဇော် တော်ကားဆီသို့ သွားပြီးလျှင် ကားခေါင်း၏အဖုံးကို ဖွင့်လေ၏။

ထိုအခါ ဂျပုဦးလောရှည်က. . .

"ဒီမှာ လူကြီးလူကောင်းလေး၊ ကားက ဘာမှမဖြစ် ပါဘူး၊ လမ်းမှာကြုံသလိုဝယ်ပြီးထည့်ခဲ့တဲ့ဆီတွေက ရေပါတဲ့ ပါ . . .၊ ဆီတိုင်ကီကို ဖောက်ချပြီး ကျုပ်ဆီက ဆီတစ်ပုံး ထည့်သွားရင် ဘာမှ မဖြစ်တော့ပါဘူး" ဟု ပြောလိုက်လျှင် ဘမှန်လည်း ၎င်းပြောသည့် အတိုင်း ပြုလုပ်လေ၏။ ထို့နောက် ၎င်း၏အနီးသို့ မြင့်ကိုကိုဆိုသော ဂျပုတစ်ယောက် ရောက်လာ ပြန်၏၊

ထိုအခါ၌ ဂျပုဦးလော ရှည်က. . .

"မြင့်ကိုကိုရေ . . .၊ 'လှဖေ' 'မြမေ'ကို ကြိုးတန်းလိုက် ပြီးတော့ အဲဒီကြိုးတန်းပေါ်မှာ သေသွားတဲ့ လှမောင်ခြုံခဲ့တဲ့ စောင်ကို လှန်းလိုက်၊ ငါ့ရဲ့ဧည့်သည်လူကြီးလူကောင်း နေ နေပြီကွ" ဟု ပြောသဖြင့် ထိုဂျပုလည်း သရက်ပင်နှစ်ပင်ထို ကြိုးတန်းလေ၏။ ပြီးလျှင် စောင်တစ်ထည်ကို ထိုကြိုးတန်း ပေါ်တွင် လှန်းလိုက်သဖြင့် ဘမှန်ပေါ်သို့ ကျရောက်နေသော နေရောင်သည် အရိပ်ကျ သွားလေတော့၏။ ထိုအချိန်၌ ဂျပုလောရှည်သည် အိမ်တွင်းသို့ ဝင်သွားပြီဖြစ်သဖြင့် ဘမှန်က





ဂျပုမြင့်ကိုကိုအား. . .

"ဒီမှာ ကိုမြင့်ကိုကို၊ သရက်ပင်နှစ်ပင်ကို ခင်ဗျား ဆရာက လှဖေနဲ့ မြမေလို့ ပြောတယ်၊ အဲဒါက ဘာအဓိပ္ပါယ် လဲဗျ" ဟု မေးလိုက်ရာ ဂျပုမြင့်ကိုကိုက -

"ဟိုသစ်ပင်ကိုစိုက်တဲ့အခါမှာ လှဖေရဲ့အလောင်းကို တွင်းတူးမြှုပ်ပြီး အပေါ်က စိုက်ထားတာဗျ၊ ဒီဘက်ကသရက်ပင် က မြမေရဲ့အလောင်းကို တွင်းတူးမြှုပ်ပြီး အပေါ်က စိုက်ထား တာဗျ" ဟု ပြောလိုက်လျှင် ဘမှန်လည်း မျက်လုံးပြူး၍သွား လေ၏။

ထို့နောက်မှ. . .

"အဲဒီလှဖေနဲ့ မြမေက ဘယ်မှာသေတာတုံး" ဟု မေး လေ၏။

ထိုအခါ ဂျပုမြင့်ကိုကိုက. . .

"အဲဒါ သမီးရည်းစားစုံတွဲဗျ . . .၊ ဒီအိမ်ကို ခိုးလာကြ တာ၊ သူတို့နှစ်ယောက်စလုံးစီက သွေးတွေဖောက်ပြီး ဦးလော ရှည်က ဆေးစီရင်တယ်ဗျ . . .၊ အဲဒီမှာ နှစ်ယောက်စလုံး အ သက်ဆုံးပါးသွားတယ်၊ အဲဒီကိစ္စ အမှုဖြစ်လို့ရှင်းရတာ ဒေါ်မြင့်မြင့်ကြီးရှာထားတဲ့ စီးပွားတစ်ဝက် ပြုတ်ပါလေရော . . ." ဟု ပြောလိုက်လျှင် ဘမှန်လည်း မျက်လုံးပြူး၍နေလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com





"ဒီလိုဆိုရင် ခင်ဗျားလူကြီးက အောက်လမ်းဆရာကြီး ပေါ့" ဟု ပြောလိုက်ရာ မြင့်ကိုကိုက. . .

"ခင်ဗျားပြောသလို အောက်လမ်းဆရာတော့ မဟုတ်ဘူးဗျ၊ သူက ဝစ်ဇတ် မှော်ဆရာကြီးပါဗျာ . . ." ဟု ပြောသော်၏။ ဘမှန်လည်း မော်တော်ကားကောင်းသွားပြီဖြစ်သဖြင့် ခရီးဆက်ရန် ဦးလောရှည်နှင့် ဒေါ်မြင့်မြင့်ကို နှုတ်ဆက်လေ၏။

ထိုအခါ ဦးလောရှည်က. . .

"ကျုပ်ရဲ့မိတ်ဆွေသူရဲကောင်းနဲ့တွေ့တုန်း အကူအညီ တောင်းရဦးမယ်၊ ကျုပ်တို့မှာ သမီးလေးတစ်ယောက်ရှိတယ် သူ့ နာမည်က မိုးထက်ကဲတဲ့၊ ဒါပေမဲ့ သူလည်း လူပုမကလေး ပါပဲဗျာ၊ အဲဒီကလေးဟာ သူ့အမေရဲ့စိန်တွေကိုခိုးပြီး ယောကျ်ား နောက် လိုက်သွားတယ်၊ လိုက်သွားတဲ့ယောကျ်ားကလည်း ဗမာ မဟုတ်ဘူးဗျ၊ ပထန်ကုလားဗျ . . .၊ ကျုပ်လည်း အစကတော့ လိုက်မလို့ပဲ၊ ဒါပေမဲ့ အဲဒီကောင်တွေလူစုဟာ လူတစ်ယောက်ရဲ့ အသက်ကို ခြင်ကောင်တစ်ကောင်လောက်တောင် တန်ဖိုးမထားဘူးဗျ၊ တကယ် သတ်ရဲဖြတ်ရဲတဲ့ကောင်တွေ၊

သူတို့နဲ့လည်း ကျုပ်က မယှဉ်ဝံ့ပါဘူးဗျာ . . .၊ ကျုပ်က လူပု၊ သူတို့က လူတိုင်းလိုလို အရပ် (၆)ပေလောက်မြင့်ပြီး ကာယဗလလည်း ကောင်းကြတယ်ဗျ၊ ကျုပ်သမီးကို ခိုးသွားတဲ့ ပထန်က 'ဆိတ်ဖလူးခံ' တဲ့ . . .၊ သူ့နယ်မှာတော့ သူဟာ



လူမိုက်ပဲဗျ . . .၊ ကျုပ်သမီးလေးတော့ ရေတိမ်နစ်ပါပြီဗျာ . . .၊ အခုလို အရံသင့် ကျုပ်အိမ်ကို သူရဲကောင်းတစ်ယောက် ရောက်လာလေတော့ အလွန်ပဲ ဝမ်းသာမိပါတယ်၊ ကျုပ်တို့ မိသားစုဘဝကို ကယ်ပါဗျာ" ဟု တောင်းပန်လေ၏။

ထိုအခါ ဘမှန်က. . .

"လောလောဆယ်တော့ ကျုပ်သူငယ်ချင်းရဲ့မိန်းမ ကြူကြူ့ နောက်ကို လိုက်ရဦးမယ်၊ အဲဒီကိစ္စပြီးလို့ ကျုပ်ဟာ အသက်နဲ့ခန္ဓာ အိုးစားမကွဲသေးရင်တော့ ဦးလောရှည်ဆီကို ပြန်လာပြီး ဦးလော ရှည်ရဲ့ဒုက္ခကို ကယ်ဆယ်ပါ့မယ်ဗျာ . . .၊ ပထန်တစ်ယောက် မဟုတ်ဘူး၊ ဆယ်ယောက်နဲ့လည်း ကျုပ် တိုက်ခိုက်ဝံ့ပါတယ်၊ ကျုပ် နာမည်လည်း မှတ်ထားဦး ဒူးပျံ ဘမှန်တဲ့ . . ." ဟု ပြောကာ နှုတ်ဆက်၍ ထွက်လာလေတော့၏။ ကူမဲသို့ရောက်လျှင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကားကိုရပ်၍ လက်ဖက်ရည်သောက်ရင်း စောင့်နေရာ ကြူကြူနှင့် ဂိုရှီးဆိုသည့် ကုလားလိုက်ပါလာသော ဘတ်စ်ကား သည် ထိုဆိုင်ရှေ့၌ လာ၍ရပ်လေ၏၊ ဘမှန်သည် ကြူကြူကို အတင်းဝင်၍ဆွဲကာ ဂျစ်ကားပေါ်သို့ အတင်းတွန်း၍တင် လေ၏၊ ဂိုရှီးသည် အနီးရှိတုတ်ဖြင့် ဘမှန်အား တအားလွဲ၍ ရိုက်သေး၏၊ သို့ရာတွင် ဘမှန်ကရှောင်ပေးပြီးလျှင် ဂိုရှီး၏ မျက်နှာကို ဒူးဖြင့် မိမိရရခုန်၍တိုက်လိုက်ရာ 'ခွပ်'ကနဲ မြည်၍

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်တွင် လဲကျကာ မေ့မြောသွားလေတော့၏။

ထို့နောက် ဘမှန်က ခရီးသည်များအား အဖြစ်အပျက်အမှန်ကို ရှင်းပြလိုက်ရာ သွက်လက်ဖျတ်လတ်သော ခရီးသည်တစ်ဦးက ဂိုရှီးကို အနီးရှိ အခြားကားတစ်စီးပေါ်သို့ ပွေ့တင်ပြီးလျှင် ရဲစခန်းသို့ ပို့လိုက်လေတော့၏။ ဘမှန်လည်း ကားကိုမောင်း၍ ရန်ကုန်သို့ ပြန်ခဲ့ပြီးလျှင် ကြူကြူအား ၎င်း၏မိတ်ဆွေမောင်လတ်လက်သို့ အပ်လိုက်လေတော့သတည်း။

❖ ❖ ❖





အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး များမကြာမီ၌ အသက် (၃၅)နှစ်ခန့်အရွယ် လူငယ်တစ်ဦးသည် အဘထံသို့ လက္ခဏာမေးမြန်းရန် ရောက်ရှိလာလေ၏။

ထိုလူငယ်က အဘကို. . .

"ကျွန်တော့်နာမည် ဘမှန်လို့ခေါ်ပါတယ်၊ လက္ခဏာကြည့်ချင်လို့ပါခင်ဗျာ . . ." ဟု ပြောသဖြင့် အဘလည်း ၎င်း၏ မွေးသက္ကရာဇ်ကို မေးရာ မောင်ဘမှန်သည် သူ၏ခရစ်နှစ်မွေးသက္ကရာဇ်ကို ခု၊ လ၊ ရက်နှင့်တကွ အတိအကျ ပြောလေ၏။ ထိုအခါ၌ အဘသည် မောင်ဘမှန်၏ လက်ဝါးနှစ်ဖက်ကို စားပွဲပေါ်သို့တင်ရန် ပြောလိုက်ပြီးနောက် အချက်(၆)ချက်ကို စာရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးမှတ်လိုက်လေ၏။

၁။ လက်ချောင်းများ ချွန်ထက်၏။

၂။ လက်သူကြွယ်လက်ချောင်းသည် လက်ခလယ်နှင့်အညီ ရှည်နေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com





၃။ တနင်္ဂနွေဂြိုဟ်ခုံလည်း ကျယ်ပြန့်သည်ကို တွေ့ရ၏။

၄။ ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံမှာ မို့မောက်လှ၏။

၅။ ဦးခေါင်းလမ်းကြောင်းသည် ဆင်ခြေလျှောဆင်းနေသည်ကို တွေ့ရ၏။

၆။ အင်္ဂါဂြိုဟ်ခုံအဖိုမှာ ကျယ်ပြန့်၍ မို့မောက်နေသည်ကိုလည်း တွေ့ရ၏။ ထိုဂြိုဟ်ခုံပေါ်တွင် ထင်ရှားသော ကြယ်ပွင့်တစ်ပွင့်ကိုလည်း တွေ့ရ၏။

ထို့နောက် အဘက. . .

“မောင်ဘမှန်ဟာ စွန့်စားတဲ့အလုပ်ကို ဝါသနာပါတဲ့ လူစွန့်စားတစ်ယောက်ပေပဲ၊ အင်္ဂါဂြိုဟ်ခုံပေါ်က ကြယ်ဟာ တိုက်စွမ်း ရည်ကောင်းတယ်လို့ ဖော်ပြနေတယ်” ဟု ဟောလိုက်လျှင် ၎င်းမောင်ဘမှန်က. . .

“မှန်ပါတယ် ဆရာ၊ ကျွန်တော်ဟာ ကျွမ်းကျင်တဲ့ ဗန်တိုသမားတစ်ယောက်ပါ၊ ပြီးတော့ မြန်မာလက်ဝှေ့လည်း ထိုးပါတယ်၊ ဒူးပျံဘမှန်ဆိုတဲ့နာမည်နဲ့ ထိုးပါတယ်” ဟု ပြောလိုက်လျှင် အဘက. . .

“ကျုပ် ကြည့်ဖူးတယ်၊ သိမ်ဖြူကွင်းမှာ ပသျှူးလက်ဝှေ့သမားကို ဒူးပျံနဲ့ ခုန်တိုက်ပြီး အနိုင်ရသွားတာ ကျုပ်မှတ်မိသေးတယ်” ဟု ပြောလိုက်လျှင် မောင်ဘမှန်သည် ပြုံး၍သွားလေ၏။







ထို့နောက် မောင်ဘမှန်သည် သူ့ဘဝတွင် စွန့်စွန့်စားစား လုပ်ခဲ့သည့် စွန့်စားခန်းများကို အဘအား ပြောပြလေ၏။ ထိုသို့ပြောပြရာတွင် အထက်ကဖော်ပြခဲ့သော အကြောင်းအရာလည်း တစ်ခုအဖြစ် ပါဝင်လေ၏။ ထို့နောက် ၎င်းက သူ၏သေခြင်းနှင့် ပတ်သက်၍ သိလိုကြောင်းပြောရာ အဘသည် သူ၏အသက် လမ်းကြောင်းကို စစ်ဆေးရာ အချက်(၇)ချက်ကို တွေ့ရလေ၏။

၁။ အသက်လမ်းကြောင်းပေါ်တွင် အနက်စက်များ ရှိ၏။

၂။ အင်္ဂါဂြိုဟ်ခုံအဖိုတွင် သံဇကာကွက်များ တွေ့ရ၏။

၃။ ဦးခေါင်းလမ်းကြောင်းအလယ်တွင် ကြက်ခြေခတ် တစ်ခုကိုလည်း တွေ့ရ၏။

၄။ အသက်လမ်းကြောင်း၊ ဉာဏ်လမ်းကြောင်း၊ နှလုံး လမ်းကြောင်းသည် အစတွင် ပူးနေ၏။

၅။ အသက်လမ်းကြောင်းအဆုံးတွင် ကန့်လန့်ဖြတ်နေ သော အမာရွတ်ကဲ့သို့ အမှတ်အသားတစ်ခုကို တွေ့ရ၏။

၆။ တစ်နေရာတွင် အသက်လမ်းကြောင်းသည် ကျိုး ပြတ်နေ၏။

၇။ ဦးခေါင်းလမ်းကြောင်းတွင် စနေဂြိုဟ်ခုံတည့်တည့် အောက်၌ နှလုံးလမ်းကြောင်းနှင့် ဆက်သွယ်နေသော



www.burmeseclassic.com

www.burmeseclassic.com






မျဉ်းကြောင်း လေးတစ်ခု ပေါ်နေ၏။

၈။ လက်ချောင်း၏အဆစ်တိုင်းတွင် လမ်းကြောင်းတို့များ ဖြတ်ထားသည်ကို တွေ့ရ၏။

၉။ အသက်လမ်းကြောင်းမှထွက်သော လမ်းကြောင်းတစ်ကြောင်း၏အဆုံးတွင် ကြက်ခြေခတ်တစ်ခု ပိတ်နေသည်ကို တွေ့ရ၏၊

၁၀။ အသက်လမ်းကြောင်းအဆုံးတွင် ကန့်လန့်မျဉ်းကြောင်းတစ်ခု ပိတ်ထားသည်ကိုလည်း တွေ့ရ၏၊

ထိုအချက်များကိုကြည့်ပြီးလျှင် အဘက မောင်ဘမှန်အား. . .



ဘမှန်၏
လက်ဝါးပုံ





"မောင်ဘမှန်ရေ . . .၊ မင်းက သူရသတ္တိနဲ့ပြည့်စုံလေတော့ ဒုံဒိုးပဲဟောမယ်ကွာ . . .၊ မင်းရဲ့သေချင်းဟာ ခေါင်းကိုဒဏ်ရာပြင်းပြင်းထန်ထန်ရပြီး ရုတ်တရက်သေခြင်းမျိုး ဖြစ်လိမ့်မယ်ကွဲ့ . . . " ဟု ပြောလိုက်လျှင် ၎င်းမောင်ဘမှန်က နှုတ်ခမ်းကလေးတွန့်ရုံမျှ ပြုံး၍ . . .

"ကျွန်တော်လည်း အဲဒီအတိုင်းသေလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်" ဟု ဆိုကာ မောင်ဘမှန်သည် အဘကို ဉာဏ်ပူဇော်ခငွေ ကန်တော့ပြီးနောက် ပြန်သွားလေတော့၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး နောက်တစ်နှစ်တွင် မောင်ဘမှန်၏သူငယ်ချင်းဖြစ်သူ လက်ဝှေ့သမားတစ်ဦး အဘထံသို့ ရောက်လာကာ လက္ခဏာမေးမြန်းလေ၏၊ အဘသည် ထိုသူ့ထံမှ မောင်ဘမှန်၏အကြောင်းကို စုံစမ်းရာ ၎င်းလက်ဝှေ့သမားက -

"ဒီလိုပါ ဆရာ၊ ဘမှန်တစ်ယောက် သေပါပြီ၊ မိန်းကလေးတစ်ယောက်ကို ပထန်ကုလားတစ်ယောက်က သွေးဆောင်ဖြားယောင်းပြီး ကော့သောင်နားက ကျွန်းတစ်ခုကို ခိုးသွားတာ မိန်းကလေးရဲ့မိဘက အကူအညီတောင်းလို့ ဘမှန်ကလိုက်ပြီး အဲဒီမိန်းကလေးကို ပြန်ပြီးခိုးတာခင်ဗျ၊ လှေနဲ့တင်ပြီးလှော်လာတာ၊ အဲဒီမှာရှိတဲ့ ပထန်ကုလားတွေက ကမ်းခြေကနေ သေနတ်နဲ့လှမ်းပြီးပစ်တာ ဘမှန်ရဲ့ခေါင်းကို ထိမှန်ပြီး

www.burmeseclassic.com

www.burmeseclassic.com





ပင်လယ်ထဲကို ပြုတ်ကျပြီး သေဆုံးသွားတယ်ခင်ဗျ၊ အဲဒီအချိန်မှာပဲ ရေတပ်က သင်္ဘောရောက်လာပြီး မိန်းကလေးကိုလည်း ကယ်လိုက်တယ်၊ ဘမှန်ရဲ့အလောင်းကိုလည်း ဆယ်ယူလိုက်တယ်၊ ပြီးတော့ ကမ်းပေါ်တက်ပြီး သေနတ်သမားလူရမ်းကားပထန်တွေကိုလည်း ဖမ်းဆီးပြီး ခေါ်သွားတယ် ခင်ဗျ . . .” ဟု ပြောလိုက်လေ၏။

ထိုအခါ အဘလည်း စိတ်မ ကောင်းဖြစ်၍. . .

“ကျွတ် . . . ကျွတ် . . . ကျွတ် . . . လူစွန့်စားဘမှန်ဆုံးရှာပြီကိုး . . .” ဟု ရေရွတ်လိုက်လေတော့သတည်း။

အနီယာ ဟောနျ

**အရှေးညာကာလီ**

(အဘ၏ ထမင်းချက်)







( ၁၂ )

## ငှက်ဆိုးကင်နှင့် လင်းနို့တောင်ပံဟင်းချို

ကျွန်ုပ်ညာကာလိသည် အဘနှင့်အတူနေပြီး အဘစားရန် ထမင်းချက်ရသော ထမင်းချက်တစ်ဦးဖြစ်သော်လည်း အဘခရီး သွားသောအခါ၌လည်း အဘ၏ကားကို မောင်းသော ဒရိုင်ဘာလည်း ဖြစ်လေ၏၊ အဘ၏ကားသည် ဟိုင်းအေ့စ် အမျိုးအစားဖြစ်၏။ အဘသည် ကားပေါ်မှထိုင်ခုံများကို ဖြုတ်ချပြီးလျှင် ကြမ်းခင်းပေါ်တွင် ကိုးထပ်သားခင်း၍ ထိုကိုးထပ်သားပေါ်တွင် ကျားကွက် ပုံသဏ္ဌာန် ဖယောင်းပုဆိုးကို ထပ်၍ခင်းထားလေ၏။

ကားမှာ အဲယားကွန်းကောင်းသော်လည်း အဘက



www.burmeseclassic.com

www.burmeseclassic.com





မကျေနပ်သေးဘဲ ရေခဲထည့်၍မောင်းရသော အဲယားကွန်း အသေးတစ်လုံးကို ကားပေါ်တင်ကာ ထိုအဲယားကွန်းကလေး ကို မောင်းရန်အတွက် ဆီမထည့်ရသော မီးစက်ကလေးတစ်လုံး ကိုလည်း တင်ထားလေ၏။

ထို့ပြင် ခေါက်၍ရသော ထမင်းစားပွဲငယ်တစ်လုံး ကိုလည်း တင်ထားလေ၏။ ကားကို ရပ်နားထားသည့်အခါ၌ ဘေးသို့ ဖြန့်ထုတ်လိုက်လျှင် အမိုးကဲ့သို့ ဖြစ်သွားနိုင်သည့် အရုပ်ပါသည့် ရွက်ဖျင်ကြီးနှစ်ခုကိုလည်း တပ်ထားလေ၏။ ကားအတွင်း၌လည်း မီးချောင်းများ ထွန်းထား၏။ ရောင်စုံပန်း အတုများ တပ်ဆင်ထား၏။ ပလပ်စတစ်ရေပုံးကြီးတစ်လုံးကို လည်း တင်ထား၏။ ကားတွင် အသုံးပြုသော ရေခဲသေတ္တာ ငယ်ကိုလည်း တပ်ဆင်ထား၏။

ခရီးဝေးသွားသောအခါ၌ ထမင်းဆိုင်များရှေ့တွင် ရပ်ပြီး ကျွန်ုပ်က ထမင်းမှာပေးရ၏။ အဘကမူ ကားပေါ်မှမ ဆင်းဘဲ သူ၏ စားပွဲခုံကိုဖြန့်ကာ ကားပေါ်၌မှာပင် ထမင်း စားလေ့ရှိ၏။

လက်ဖက် ည်ဆိုင်သို့ရောက်သောအခါ၌လည်း အဘ သည် အောက်သို့မဆင်းဘဲ ကျွန်ုပ်က ကားပေါ်သို့ လက်ဖက် ရည် မှာပေးရ၏။ ထို့ပြင် ကားပေါ်တွင် ခေါက်သုံး၍ရသော အိမ်သာခွက်တစ်ခွက်လည်း ပါသည်ဖြစ်ရာ ကား၏နောက်







ိုင်းကို လိုက်ကာများကာ၍ ဘေးမှရွက်ဖျင်များကို ချလိုက် သောအခါ အိမ်သာကဲ့သို့ အသုံးပြု၍ရလေ၏။ ခရီးဝေးသွား သောအခါ၌ ကားမောင်းသော ကျွန်ုပ်အပြင် လွန်စွာထုံထိုင်း သော သူ၏တပည့်တစ်ဦးကိုလည်း ခေါ်လာတတ်သေး၏။ တစ်လမ်းလုံး ထိုတပည့်အား ဉာဏ်စမ်းပုစ္ဆာများ မေးခြင်း၊ ဟောဋ္ဌဝှက်ခြင်းများ ပြုလုပ်လာလေ့ရှိ၏။

မြို့တစ်မြို့သို့ရောက်လျှင် ထိုတပည့်အား သုံးချင်ရာ ုံးနိုင်ရန်အတွက် မုန့်ဖိုးပေးလေ၏။ ထိုမြို့အကြောင်းကို င်းပြလေ၏။ အဘနှင့် ခရီးသွားရသည်မှာ လွန်စွာဗဟုသုတ ်၏။ ကျွန်ုပ်တို့ မသိသောအကြောင်းအရာများကို အဘက တ်ရှည်လက်ရှည် ရှင်းပြတတ်၏။ ခရီးဝေးသွ..သောအခါ၌ ဘသည် အိပ်ရာလိပ် ကိုဖြန့်၍ခင်းကာ အိပ်၍လိုက်လာ တ်၏။ သူ၏တပည့် ငထုံက သူ့အား နှိပ်ပေးလာတတ်လေ၏။

တစ်ခါတွင် အဘသည် ရှမ်းပြည်တောင်ကြီးမြို့ရှိ ၎င်း၏ ရာ ဦးကျော်စိန်ထွန်းကို တွေ့လိုသောကြောင့် သွားရောက် လေ၏။ ကျွန်ုပ်က ကားကိုမောင်းရ၏။ ငှက်ရိုးဆိုသော ၎င်း၏ ပည့်က ၎င်းနှင့်အတူ စီးနင်းလိုက်ပါလာ၏။ တောင်ကြီးသို့ ရာက်လျှင် ဦးကျော်စိန်ထွန်းနှင့်တွေ့ပြီးနောက် ပြန်ခဲ့ရာ ျးအနီးသို့ရောက် သောအခါ၌ အဘ၏မိတ်ဆွေဟောင်း စ်ဦးနှင့် တွေ့လေ၏။ ထိုမိတ်ဆွေက အဘထံတွင် အကူအညီ



www.burmeseclassic.com

www.burmeseclassic.com





တောင်းလေ၏။ သူ၏သားသည် အသက်မပြည့်သေးသော မိန်းကလေးအား ခိုးယူ၍ ထွက်ပြေးသွားသည်ဟုဆို၏ အချိန်မီလိုက်သိမ်းပြီး မိန်းကလေးကို ပြန်အပ်မှ သူ၏သား သက်သာပေလိမ့်မည်။ ထိုသို့မဟုတ်ပါက ဥပဒေအရ အရေး ယူလျှင် ၎င်းသူငယ် ထောင်ကျသွားဖွယ်ရာရှိ၏။

ထို့ကြောင့် အဘက အကူအညီပေးမည်ဟု ပြောကာ တောင်ကြီးမှကားဖြင့် ဆင်းလာလေ၏။ ရွှေညောင်သို့ ရောက်လျှင် မိတ္ထီလာမှ ၎င်း၏မိတ်ဆွေ စခန်းမှူးထံ တယ်လီဖုန်း ဆက်၍ မိတ်ဆွေ၏သားနှင့် ခိုးလာသော မိန်းကလေးကို ဖမ်းဆီးထားရန် အကူအညီတောင်းလေ၏။ အဘကမူ အောင်ပန်း သို့ရောက်သောအခါ၌ ပင်းတယဘက်သို့ ချိုး၍ဝင်ခိုင်း၏။ ထိုဘက်မှ ကူမဲသို့ဖြတ်၍ဆင်းကာ မိန်းမခိုးလာသော ၎င်း၏ မိတ်ဆွေသားကို ဆီးကြို၍ဖမ်းမည် ဟုပြော၏။

ပင်းတယသို့ရောက်သောအခါ၌ ကုလားလက်ဖက်ရည် ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်၍ ပဲပလာတာနှင့် လက်ဖက်ရည်တို့ မှာစေပြီးလျှင် ကားပေါ်၌ပင် သောက်လေ၏။ ထို့နောက်မှ ခရီး ဆက်ကြလေ၏။

ကူမဲသို့ဆင်းသောလမ်းမှာ လွန်စွာသာယာ၏။ တောင် ကုန်းများ၊ ချိုင့်ဝှမ်းများ၊ တောတန်းများ၊ တောအုပ်များကို တွေ့ရ၏။ ကားလမ်းတစ်လျှောက် ခြံဝင်းကျယ်ကြီးများကို တွေ့ရ၏။







သို့ရာတွင် လူနေအိမ်ခြေမှာ သိပ်သည်းမှုမရှိလှပေ။ ဤသို့နှင့် ကားကို မောင်းလာခဲ့ရာ ခြံကြီးတစ်ခြံရှေ့သို့ရောက်လျှင် ကားသည် စက်ပျက်ကာ ထိုး၍ရပ်သွား၏။ ထိုအချိန်၌ ထိုခြံဝင်း အတွင်းမှ လွန်စွာပုသော လူပုတစ်ယောက် ထွက်၍လာလေ၏။ ထိုလူပုသည် ကျွန်ုပ်အနီးသို့ ရောက်သောအခါ၌. . .

"မိတ်ဆွေတို့ မိတ်ဆွေတို့ ဘာအကူအညီပေးရမလဲ" ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က. . .

"ကားပျက်သွားလို့ပါဗျာ၊ ဆီလည်း လိုချင်ပါတယ်၊ ကား ပြင်တတ်တဲ့ မက္ကင်းနစ်တစ်ယောက်လည်း လိုချင်ပါတယ်" ဟု ပြော လိုက်ချိန်၌မှာပင် ၎င်းထက်ပုသော လူပုတစ်ယောက် ရောက်လာ ပြန်၏။ ထိုအချိန်၌ ကျွန်ုပ်သည် ၎င်းတို့ခြံ၏အဝတွင် ချိတ်ထား သော ဆိုင်းဘုတ်ကို ကြည့်လိုက်ရာ အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေ၏။

**ဦးလောရှည်**
**ဝေါမြင့်မြင့်**

ကျွန်ုပ်သည် အနည်းငယ်ပြုံးမိ၏။ ပထမထွက်လာ သော လူပုက ကျွန်ုပ်အား -



www.burmeseclassic.com

www.burmeseclassic.com





"ဒီမှာမိတ်ဆွေ ဟောဒါက ဟောဒီခြံရဲ့ပိုင်ရှင် ကျွန်တော့် ဆရာ ဦးလောရှည်ပါပဲ" ဟု မိတ်ဆက်ပေးလေ၏။ ထိုအခါ ဂျပု ဦးလောရှည်က ကျွန်ုပ်ကို တစ်ချက်အကဲခတ်ကြည့်၏။ ထို့နောက် မော်တော်ကားကို တစ်ချက်အကဲခတ်ကြည့်၏။ ထို့နောက် ကားပေါ်တွင် ထိုင်နေသော အဘကို တစ်ချက်အကဲခတ်ကြည့်ရှု၏။

ထိုသို့ ကြည့်ပြီးနောက်. . .

"ဘယ်သူများလဲ မှတ်တယ်ဗျာ . . .၊ လက်စသတ်တော့ ဆရာမင်းသိမ်ဖြစ်နေတာကိုး . . . " ဟု ပြောလိုက်လျှင် အဘက. . .

"ခင်ဗျား ကျုပ်ကို သိတယ်လား" ဟု မေးလိုက်လေ၏။

"သိတာက ဒီလိုပါ၊ ဆရာ့ရဲ့ပုံတွေကို မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ မကြာခဏ မြင်ဖူးပါတယ်၊ အခုတော့ ဆရာ့ရဲ့ လက်ဆွဲ သေတ္တာလေးကို လှမ်းပြီးကြည့်လိုက်တော့မှ ဆရာ နာမည်ကို သွားပြီးတွေ့ရတယ်၊ ဆရာတို့က ဒီဖြတ်လမ်းကို အသုံးပြုပုံထောက်တော့ မန္တလေးဘက်ကို ထွက်ပြေးသွားတဲ့ လူကို ဖမ်းဖို့နဲ့တူပါရဲ့ . . . " ဟု ပြောလိုက်ရာ အဘက -

"လိုက်ပြီးကြည့်နေတဲ့အတိုင်းပါပဲဗျာ . . .၊ မှန်ပါတယ်" ဟု ဝန်ခံလိုက်လေ၏။

ထိုအခါ ဂျပုဦးလောရှည်က. . .







"ကားမောင်းတဲ့သူငယ်ကတော့ ဆရာ့စာတွေထဲမှာ မကြာခဏတွေ့ရတဲ့ အရှူးညာ့ကလိမှတ်တယ်" ဟု ပြောလိုက်လျှင် အဘ က. .

"လိုက်ပြီးကြည့်နေတဲ့အတိုင်းပါပဲ ခင်ဗျာ၊ မှန်ပါတယ်" ဟု ဝန်ခံလိုက်ပြန်လေ၏။

ထို့နောက် ဂျပုဦးလောရှည်က. . .

"ဆရာ့ဘေးက ကလေးကလည်း တပည့်ပဲလား" ဟု မေး လေ၏။

ထိုအခါ အဘက. . .

"မှန်ပါတယ် မိတ်ဆွေ၊ သူက ဘယ်ကိုမှမရောက်ဖူးလို့ ခေါ်လာတာပါ၊ သူ့နာမည် ငှက်ရိုးလို့ ခေါ်ပါတယ်" ဟု ပြောလိုက်လျှင် ဂျပုဦးလောရှည်က. . .

"နေပါဦး၊ ကားက ဘာဖြစ်သွားတာတုံး" ဟု ကျွန်ုပ်အား လှမ်း၍မေးပြန်၏။

ထိုအခါ ကျွန်ုပ်က. . .

"ဟိတွေတက်ပြီး တုန့်ကနဲ တုန့်ကနဲဖြစ်ရာက ထိုးပြီး ရပ်သွားတာပဲ" ဟု ဖြေလိုက်လျှင် ၎င်းဂျပုဦးလောရှည်က. . .

"မော်တော်ကား ဟိတက်တာ အကြောင်းနှစ်ကြောင်း ဟာ အဓိကဖြစ်နေတတ်တယ်၊ ရေလည်အုံမကောင်းရင်လည်း ဖြစ်တတ်တယ်၊ ပန်ကာကြိုးနည်းနည်းချောင်နေရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်တယ်၊ ပန်ကာကြိုးက ချောင်နေတော့ မော်တာက ပိုအလုပ်လုပ်ပြီး လည်ပေးနေရတယ်၊ အဲဒီအခါမှာဟိတွေ တက်လာတော့တာပဲ၊

လူဆိုရင်တော့ ကိုယ်ပူမိပြီး ဖျားပြီပေါ့၊ အိပ်ရာထဲ လဲပြီပေါ့ . . .၊ မော်တော်ကားလည်းပဲ ဟိတွေတက်ပြီး ရပ်သွားတာ၊ ကားစက်နှိုးပြစမ်းပါဦး . . .” ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကားစက် ကို နှိုးပြလေ၏။

ထိုအခါ ဂျပုဦးလောရှည်က. . .

“ဖြစ်တာ အခု ကျုပ်ပြောတဲ့အချက်နှစ်ချက်အနက် ဒုတိယအချက်က ဖြစ်နေတာ . . .၊ ကျုပ်မှာ ပန်ကာကြိုးတွေ ဆိုက်အမျိုးမျိုးရှိတယ်၊ လဲပေးလိုက်မယ်”ဟု ဆိုကာ မော်တော်ကားပန်ကာကြိုးကို လဲ၍ပေးလေ၏။

ထို့နောက် ဂျပုဦးလောရှည်က. . .

“မော်တော်ကားကတော့ နေကောင်းသွားပြီ . . .၊ ဆရာမင်းသိခ်တို့ ဆရာတပည့်သုံးယောက်ကို မနက်စာကျွေးချင်လို့ပါ . . .” ဟု ပြောရာ အဘက -

“နေပါစေဗျာ . . .” ဟု ပြန်၍ပြောလျှင် ၎င်းဂျပုဦးလောရှည်က. . .

“မဟုတ်မှလွဲရော . . .၊ ပင်းတယဘုရားနား အရောက်မှာတွေ့တဲ့ ကုလားလက်ဖက်ရည်ဆိုင်မှာ ပဲပလာတာနဲ့





ာက်ဖက်ရည် တစ်ခွက်စီ ကြိတ်ခဲ့ကြပြီထင်တယ်” ဟု ပြောိုက်လေ၏။

ထိုအခါ အဘက. . .

“မှန်ပါပေတယ်ဗျာ . . .၊ လိုက်ပြီးကြည့်နေကဲ့အတိုင်းပဲ”ဟု ဝန်ခံရလေ၏။ သို့ရာတွင် ဂျပုဦးလောရှည်က နံနက်စာ မရမက ကျွေးသဖြင့် အဘလည်း အားနာပါးနာနှင့် စားရလေ၊ ကျွန်ုပ်တို့နှစ်ဦးလည်း အဘနှင့်အတူဝင်၍စားခွင့်ရလေ၏။ မင်းစားသောအခါ၌ ဂျပုဦးလောရှည်သည် ခုံတစ်လုံးတွင် င်ကာ ညှော့ဝတ်ပြုလေ၏။

“ဆရာမင်းသိခ် ဟောဒီအကြော်ကို စားစမ်းပါဗျ၊ လင်ကာင်ပိုးငှက်၊ အများအခေါ် ငှက်ဆိုးပေါ့ဗျာ . . .၊ အဲဒီငှက်ကို ဓားနဲ့မွှမ်း၊ မဆလာနဲ့ ထောပတ်သုတ်ပြီး ကြော်ထားာဗျ၊ ဟောဒီဟင်းချိုလည်း သောက်ပါဦး၊ သချိုင်းကုန်းကပ်ကိုယ် တိုင်ဖမ်းခဲ့တဲ့ လင်းနို့တောင်ပံတွေကို စွန်တန်နဲ့ ဟင်းထည့်ချက် ထားတာဗျ၊ ဟောဒီပုရစ်တွေကလည်း သချိုင်းန်းမြေကြီးမှာ အောင်းနေတဲ့ ပုရစ်တွေဗျ၊ မနေ့ညက ကျုပ်ျာက်တူးပြီး ဖင်ထဲ ကို ကြက်သွန်ဖြူနဲ့ ချင်းသိပ်ပြီး ကြော်ထားတာ၊ ဟောဒီငါးပိရည်လေးလည်း စားစမ်းပါဦး၊ ်ရွာလုံးက စုန်းမလို့ ယိုးစွပ်ထားတဲ့ အနူမ သိပ်တဲ့ငါးပိပါဗျာ . .” ဟု ပြောလေ၏။ အဘလည်း ဆက်၍ မစားတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ပစ်လိုက်လေ၏၊ ကျွန်ုပ်တို့တပည့်နှစ်ဦးလည်း အဘာ
နည်းတူ ရပ်၍ပစ်လိုက်ကြလေ၏။

ထိုအခါ ဂျပု ဦးလောရှည်က...

"ကျုပ်ရဲ့မိတ်ဆွေတွေ ... ကျုပ်ချေ့ခဲ့တာ နည်းနည်း လွန်သွားလို့ မစားနိုင်ကြဘဲကိုး ..." ဟု ပြောလေ၏။ အဘသည် တစ်စုံတစ်ရာပြန်မပြောဘဲ ကြွေရေနွေးခရားအတွင်းမှ ရေနွေးကို ငှဲ့နေလေ၏၊ ကျွန်ုပ်မှာမူ ရေနွေးကို တစ်ကျိုက် ပါးစပ်အတွင်းမှာ ငုံမိနေပြီဖြစ်၏။

ထိုအချိန်၌ ဂျပုဦးလောရှည်က...

"သောက်စမ်းပါဗျာ ...၊ မသာအိမ် ခုနစ်အိမ် လက်ဖက်ကို စုပြီး နေလှမ်းထားတဲ့ လက်ဖက်ခြောက်ဗျ ..." ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ မျိုမချဝံ့ဘဲ ငုံ၍ထားမြဲထားလေ၏၊ ထိုနောက်မှ ထွေးခံအတွင်းသို့ ထွေးချလိုက်ရလေ၏ ထို့နောက် ဦးလောရှည်သည် အဘနှင့် ဂမ္ဘီရပညာများ ဆွေးလေ၏၊ ကျွန်ုပ်သည် အစက အဘကို ပြိုင်ဘက်မရှိလော အောင်တော်သော ဂမ္ဘီရဆရာကြီးဟု ထင်မှတ်ခဲ့လေ၏။

သို့ရာတွင် ဂျပုဦးလောရှည်နှင့်တွေ့သောအခါ အဘသည် ဂမ္ဘီရပညာတွင် မူလတန်းကလေးလောက် ဖြစ်သွား ဂျပုဦးလောရှည်မှာ တက္ကသိုလ်မှ ပါမောက္ခအဆင့်သို့ ရောက်သွားလေတော့၏။





နောက်ဆုံးတွင် အဘက...

"ဒီမှာ ဦးလောရှည်၊ ကျုပ်ကတော့ ဂမ္ဘီရနဲ့ပတ်သက်လာရင် နိုင်ငံခြားနည်းတွေကို သိပ်ပြီးမကြိုက်လှဘူးဗျာ ...၊ ဗမာနည်းကိုပဲ သဘောကျတယ်" ဟု ပြောလိုက်လျှင် ဦးလောရှည်က ဗိုလ်အောင်ဒင်ဖာတ်ကားမှ ဗိုလ်အောင်ဒင်ရယ်သကဲ့သို့ ခနိုးခနဲ့လေး ရယ်ပြီးနောက်...

"ဒီလိုဆိုလည်း ဆရာမင်းသိခ်အနေနဲ့ ပုတီးလမ်းပဲ လိုက်ပေါ့ဗျာ ...၊ လိုက်တဲ့အခါမှာလည်း ပထမကြီးစိပ်သွားတဲ့အတိုင်း စိပ်ပေါ့ဗျာ ..."ဟု ပြောလိုက်ရာ အဘက...

"ဘိုးဘိုးအောင်ကို ပြောတာလား" ဟု ပြန်၍မေးလေ၏။

ထိုအခါ ဦးလောရှည်က...

"ပထမဆိုကတည်းက ဘယ်သူရှိရမလဲဗျာ ...၊ ဒီပုဂ္ဂိုလ်ကြီးပဲ ရှိတာပေါ့ ..." ဟု ပြန်၍ပြောလေ၏၊

"ပထမဘိုးဘိုးအောင်က ဘယ်လိုစိပ်တာတုံး" ဟု မေးလိုက်ရာ ဦးလောရှည်က...

"ဒါတောင်မသိဘူးလား" ဟု လှောင်ပြောင်သော လေသံ ဖြင့် ရယ်ပြန်လေ၏၊ ပြီးမှ...

"ရတနာသုံးပါးကို အရင်စိပ်ရမယ်၊ အဲဒါက ခြေခံခြေခံပေါ့ဗျာ ...၊ ပြီးတော့မှ ဂုဏ်တော်ကိုးပါးကို သူ့အပတ်နဲ့သူ



www.burmeseclassic.com

www.burmeseclassic.com







စိပ်ရမယ် . . .၊

| | |
|---|---|
| ၁။ အရဟံ | ၄ ပတ် |
| ၂။ သမ္မာသမ္ဗုဒ္ဓေါ | ၆ ပတ် |
| ၃။ ဝိဇ္ဇာစရဏသမ္ပန္နော | ၈ ပတ် |
| ၄။ သုဂတော | ၁၀ ပတ် |
| ၅။ လောကဝိဒူ | ၁၂ ပတ် |
| ၆။ အနုတ္တရောပုရိသ ဓမ္မသာရထိ | ၁၄ ပတ် |
| ၇။ သတ္ထာဒေဝ မနုဿနံ | ၁၆ ပတ် |
| ၈။ ဗုဒ္ဓေါ | ၁၈ ပတ် |
| ၉။ ဘဂဝါ | ၂၀ ပတ် |

အဲဒီအတိုင်း စိပ်တာပဲ ဆရာမင်းသိခ်ရေ . . .၊ ခင်ဗျား စိတ်ဝင်စားရင် စမ်းကြည့်ပေါ့ဗျာ . . .” ဟု ပြောလေ၏။

ထိုအခါ အဘက. . .

“အမေရိကန်မှာတော့ ဂမ္ဘီရအဖွဲ့တွေ အများကြီးပဲဗျ” ဟု ပြောလိုက်လျှင် ဂျပုဦးလောရှည်က. . .

“မှန်ပါတယ် ဆရာရယ်၊ အမေရိကန်မှာရော၊ အင်္ဂလန်မှာရော အများကြီးပါပဲ၊ နယူးဆက်ဘက်တို့၊ ရိုစီခရူစီယမ်တို့ ဆိုတာ ဂမ္ဘီရအသင်းတွေပဲပေါ့ . . .၊ ဒါပေမဲ့ ဒီကနေ့ထိပ်တန်းပြောနေတာတော့ အမေရိကန်နိုင်ငံက ဝီကာအဖွဲ့ဗျ၊ ဒီအဖွဲ့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်လောက်ကတည်းက ရှိခဲ့တာ





. . .၊ ကြားမှာတော့ နှစ်ပေါင်းများစွာ ငုပ်သွားသေးတယ်၊ အခုတော့ ပြန်ပြီး ခေါင်းထောင်လာပြီပေါ့ဗျာ . . .၊

အခုအသင်းရဲ့အကြီးအကဲက (GAVIN FROST) ဂါဗင်ဖရို့စ်တဲ့ . . .၊ ဒီပုဂ္ဂိုလ်က ပီအိပ်ချ်ဒီဘွဲ့တွေဘာတွေ တက္ကသိုလ်က ရပြီးသားဗျ၊ ပညာတတ်ဆိုပါတော့ဗျာ၊ သူက ဒီအသင်းကို ပြန်ပြီးဦးမော့လာအောင်လုပ်တာ . . .၊ ဒီအသင်းနာမည်က ဝီကာ တဲ့၊ အသင်းဝင်တွေကို ဝီကင်လို့ခေါ်တယ်၊ ဂမ္ဘီရအသင်းသက်သက်ပါပဲဗျာ၊ ကျုပ်လည်း အစကတော့ စာအုပ်တွေဘာတွေ မှာပြီးဖတ်သေးတယ်၊ နောက်ကျတော့လည်း ဝီကာအဖွဲ့ဝင်ပြီး ဝီကင်တစ်ယောက် ဖြစ်သွားတော့တာပါပဲ” ဟု ရှည်လျားစွာပြောလေ၏။

ထိုအခါ အဘက. . .

“နေစမ်းပါဦး ဦးလောရှည်ရဲ့၊ ခင်ဗျားတို့ရဲ့ ဂမ္ဘီရအဖွဲ့ကြီးက ဘာတွေလုပ်တာလဲဗျ” ဟု မေးလိုက်ရာ ဦးလောရှည်က. . .

“လူတွေမှာ အခက်အခဲတွေ့ရင် ဂမ္ဘီရအတတ်နဲ့ ကူညီတယ်ဗျာ . . .၊ ကိုယ့်ကိုလာပြီးတိုက်ခိုက်ရင်လည်း အဲဒီဂမ္ဘီရအတတ်နဲ့ပဲ အကာအကွယ်ပြုတယ်ဗျာ . . .၊ အသင်းရဲ့အကြီးအကဲတွေက အသင်းဝင်တိုင်းကို အဲဒီပညာဖြန့်ဖြူးပေးထားတယ်” ဟု ပြောလေ၏။



www.burmeseclassic.com



www.burmeseclassic.com





"နေစမ်းပါဦး ဦးလောရှည်ရယ် . . .၊ ခင်ဗျားတို့ ဝီကာဆိုတဲ့ ဂမ္ဘီရအသင်းရဲ့သော့ချက်ကလေးတစ်ခုကို ပြောပြစမ်းပါ" ဟု အဘက မေးလိုက်ရာ ဂျပုဦးလောရှည်က. . .

"ဒီအသင်းရဲ့ ဂမ္ဘီရပညာမှာ သော့ချက်နှစ်ခုရှိတယ်ဗျ၊ တစ်ခုကတော့ ရွတ်ရတဲ့ မန္တန်ပဲ၊ နောက်တစ်ခုကတော့ အသင်းသားတိုင်းမှာ ဂမ္ဘီရပညာနဲ့ ဝတ်ပြုဖို့ အနက်ရောင်စားပွဲတစ်လုံးစီ ရှိကြတယ်ဗျ၊ အဲဒီစားပွဲကိုတော့ သူတို့က (TEMPLE) တန်ပယ်လို့ ခေါ်တယ်ဗျ . . ." ဟု ပြောလျှင် အဘက. . .

"သူတို့ရွတ်တဲ့ မန္တန်အကြောင်း ပြောပါဦး . . ." ဟု ဆိုလိုက်ရာ ဂျပုဦးလောရှည်က -

"အခု ကျုပ်ရွတ်တဲ့အသံကို အသံတို အသံရှည်မှတ်ဗျာ၊ အသံတိုကတော့ ရိုးရိုးပဲ ရွတ်ရတယ်၊ အသံရှည်ကတော့ ကျုပ်တို့မြန်မာမှာ ကလေးချော့သဖြန်ရွတ်သလို ခပ်ဆွဲဆွဲလေးပေါ့ဗျာ၊ ခင်ဗျားရွတ်တတ်အောင် ပြောပြဦးမယ်၊ ပထမဆုံးအောင်း နားထောင်ရမှာကတော့. . .

**မီးတွေ မီးတွေ ဖို**

အဲဒါကိုနားထောင်ပြီး အကြိမ်ကြိမ်ရွတ်ကြည့်ရမယ်၊ 'မီး' ဆိုတဲ့နေရာမှာ အသံကို ၂ မတ်ကြာအထိ ဆွဲရမယ်၊ 'တွေ'ဆိုတဲ့





နေရာမှာ ၁ မတ်ကြာပဲ ဆွဲရမယ်၊ နောက်ဆုံး 'ဖို'ဆိုတဲ့ နေရာမှာ ၃ မတ်ကြာနဲ့ အထက်ကို ဆွဲရမယ် . . .၊

**မီးတွေ မီးတွေ ဖို**

**၂ ၁ ၂ ၁ ၃**

ဆရာမင်းသိခ် ဆိုကြည့်စမ်းပါဦး" ဟု ဆိုသဖြင့် အဘလည်း (၁၀)ကြိမ်မက ဆိုပြလေ၏။

ထိုအခါ ဦးလောရှည်က သဘောကျပြီးလျှင်. . .

"တကယ်ဆိုရမှာက မီးတွေ မီးတွေ ဖိုလို့ ဆိုရမှာမဟုတ်ဘူးဗျ၊ တကယ်ဆိုရမှာက. . .

**'အီးအေ အီးအေ အို'**

ဟု ပြောလေ၏။

"ဒါက ဘယ်လိုသုံးတာလဲ" ဟု အဘက မေးပြန်လေ၏၊

ထိုအခါ ဂျပုဦးလောရှည်က. . .

"ဂမ္ဘီရအစီအရင်တွေလုပ်တဲ့အခါ ဒီမန္တန်ကို (၂၇) ခေါက် ရွတ်ရတယ်ဗျ၊ အမှန်က ဒီအသံဟာ ဥရောပတိုက်နဲ့ အမေရိက တစ်တိုက်လုံးမှာရှိတဲ့ ယာသမားတွေဆိုတဲ့ ယာ



www.burmeseclassic.com

www.burmeseclassic.com





တောသီချင်းသံစဉ်ပါဗျာ . . .၊ ဒါကို သူတို့က မက်(ဂ)ဒေါနယ်ရဲ့ ယာတောသီချင်း (Mcdonal Farm Song) လို့ ခေါ်တယ်ဗျ၊ ဒါကို ဝီကာတွေက မန္တန်အဖြစ် ယူပြီးသုံးထားတာဗျ . . ." ဟု ရှင်းပြလေ၏။

ထိုအခါ အဘက. . .

"ဝီကာတွေရဲ့ ဝတ်ပြုစင်ငယ်လို့ခေါ်တဲ့ တန်ပယ်စားပွဲလေးအကြောင်း ရှင်းပြပါဦး . . ." ဟု မေးပြန်လေ၏။

ထိုအခါ ဂျပုဦးလောရှည်က. . .

"နှစ်ပေပတ်လည်လောက်ရှိတဲ့ စားပွဲလေးပေါ့ဗျာ၊ ကိုယ့်အိမ်ရဲ့ သန့်ပြန့်တဲ့တစ်နေရာမှာ ထားရတယ်၊ စားပွဲခုံတစ်ခုလုံးကို အနက်ရောင်သုတ်ထားရတယ်၊ ပြီးတော့ စားပွဲရဲ့မျက်နှာပြင်တစ်ဝက်လောက်ကို မှန်ခင်းထားရတယ်၊ ပြီးတော့ ဖယောင်းတိုင် ထွန်းဖို့ ဖယောင်းတိုင်အစွပ်တွေ၊ ရွှေဟောင်းအရုပ်တွေ တင်ထားရတယ်၊ အဲဒါအပြင် အစိမ်းရောင်ပုလင်းထဲမှာ နှင်းဆီပန်းအနီ ရောင်တစ်ပွင့် စိုက်ထားရတယ်၊

မှန်အောက်မှာတော့ ကိုယ့်တိုင်းပြည်မှာသုံးတဲ့ အကြီးဆုံး ငွေစက္ကူတစ်ရွက်ကို ထည့်ထားရတယ်၊ အဲဒီအပေါ်က အလွန်အားကောင်းတဲ့ သံလိုက်တုံးတစ်တုံး တင်ထားရတယ်၊ ခင်ဗျားအနေနဲ့ ဂမ္ဘီရအလုပ်တွေလုပ်ချင်ရင် အဲဒီစားပွဲခုံလေးမှာပဲလုပ်ရမယ်၊ တခြားမှာ လုပ်ခွင့်မရှိဘူး၊ ကောင်းတာကို







ပဲလုပ်လုပ်၊ ဆိုးတာကို ပဲလုပ်လုပ် အဲဒီမှာပဲလုပ်ရမယ် . . ." ဟု ရှင်းပြလေ၏။

ထိုအခါ အဘက -

"တစ်ခါတလေ လက်ထဲမှာ ငွေက ပြတ်သွားတယ်၊ အဲဒီအခါမှာ ဦးလောရှည်တို့ရဲ့ပညာအတတ်နဲ့ ဘယ်လိုလုပ်တယ်ဆိုတာ ရှင်းပြစမ်းပါ" ဟု ပြောလျှင် ဂျပုဦးလောရှည်က. . .

"တန်ပယ်မှာထားတဲ့ ငွေစက္ကူပေါ်ကို သံလိုက်တုံးတင်လိုက်တယ်ဗျာ . . .၊ မတင်ခင်မှာ သံလိုက်တုံးကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး ဟောဒီမန္တန်ကို (၂၇)ခေါက် ရွတ်တယ်ဗျာ . . .

**E.A.E.A.O**

အဲဒီလို ရွတ်ပြီးတော့မှ ဖြောင်းကနဲ လက်ခုပ်တစ်ချက်တီးတယ်၊ ပြီးတော့ ဟောဒီမန္တန်ကို ရွတ်ပြန်တယ်၊

**Money, Money,**
**Come to me,**
**and send me on**
**a spending, spree.**



www.burmeseclassic.com

www.burmeseclassic.com





"ငွေတွေ ငွေတွေ လာခဲ့လေ
ပြီးတော့လေ ကျုပ်ကို ပို့စမ်းလေ
အချုပ်အချယ်မဲ့ သုံးလို့ရတဲ့နေရာတွေ" လို့ အစိပ္ပါယ် ရတယ်မဟုတ်လား ဆရာရယ် . . . " ဟု ပြောလေ၏။

အဘလည်း ဦးလောရှည်ပြောသမျှကို မှတ်စုစာအုပ်တွင် ရေးမှတ်ခဲ့လေ၏၊ ထို့နောက် ဦးလောရှည်သည် ဂမ္ဘီရနည်းပေါင်း (၁၀၀) ခန့်ကို ပြောပြခဲ့လေ၏၊

အဘလည်း ရေးမှတ်ခဲ့လေ၏၊

ထို့နောက်မှ ကျေးဇူးတင်စကားပြောကာ ထိုထူးဆန်းသော မိတ်ဆွေကြီးအိမ်မှ ကူမဲမြို့ဘက်သို့ ထွက်လာခဲ့ကြလေတော့သတည်း။

**မှတ်ချက်။** ၊ *ယခုဖော်ပြခဲ့သော ဝီကာအသင်းနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိလိုသော စာဖတ်သူများသည် အင်တာနက်တွင်* http: // www. wicca.org *ကို ဆက်သွယ်၍ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။*

**စာရေးသူ**





အဘသည် ဂျပုဦးလောရှည်နှင့် တွေ့ဆုံကာ ပြန်လာပြီးနောက် ယခင်အသုံးပြုခဲ့သော ယတြာနည်းများကို ရပ်ဆိုင်းကာ ဂမ္ဘီရနည်းများကိုသာ အသုံးချနေသည်ကို တွေ့မြင်ရလေတော့သတည်း။

အနိယာ ဟော၍
**အရှေးညာကလီ**
(အဘ၏ ထမင်းချက်)

www.burmeseclassic.com

www.burmeseclassic.com












# ( ၁၃ )

## တစ်ကျွန်းပြန့်မိုးသီးနှင့် သူဌေးလှူယုတ်မာ ဦးပိုင်

တစ်နေ့သ၌ ကျွန်ုပ်ညာကလိသည် အဘ၏ခရီးဆောင်အိတ် ပြဲနေသဖြင့် ချုပ်ပေးနေ၏၊ အဘသည် သတင်းစာတစ်စောင်ကို ဖတ်နေ၏။

ထိုသို့ဖတ်နေရင်း ကျွန်ုပ်ကို. . .

"ညာကလိရေ . . .၊ ဟောဒီမှာ သတင်းဆန်းတစ်ပုဒ်ပါတယ်ကွ . . ." ဟု ဆိုကာ သတင်းစာကိုပေး၍ သတင်းဆန်းပါသော ကော်လံကို ထောက်ပြလေ၏။ ကျွန်ုပ်လည်း အဘပြသော သတင်းကို ဖတ်ကြည့်ရာ. . .

www.burmeseclassic.com

www.burmeseclassic.com







'ဖိုးစိန်လမ်းတွင်နေသော ဆန်စက်သူဌေး ဦးပိုင်ဆိုသူသည် ၎င်း၏ခြံဝင်းကျယ်ကြီးထဲတွင် ကိုယ်ပိုင်တိရစ္ဆာန်ရုံတစ်ခု လုပ်ထားသည်ဟုဆို၏၊ လှောင်ချိုင့်ကြီးထဲတွင် ငှက်များစွာတို့ မွေးမြူထား၏၊ အုတ်ကန်ကြီးလုပ်၍ မြွေများစွာကို ထည့်ထား၏၊ ရေကန်ငယ်တစ်ခုလုပ်၍ ဖွတ်နှင့် မိချောင်းကို ထည့်ထား၏၊ သံလှောင်အိမ်ကြီးဖြင့် ဝက်ဝံကြီးတစ်ကောင်ကိုလည်း မွေးထားသည် ဟုဆို၏၊ မြောက်မြားစွာသော မျောက်သတ္တဝါများတို့လည်း လှောင်ချိုင့်များဖြင့် မွေးမြူထားသေး၏။

သူဌေးဦးပိုင်သည် ဤသို့ တိရစ္ဆာန်များ မွေးမြူထားခြင်းကို လွန်စွာဝါသနာပါသည်ဟု ဆို၏၊ လပြည့်နေ့ညများတွင် သူ မွေးမြူထားသော တိရစ္ဆာန်များကို တစ်ညလုံး ထ၍ကြည့်တတ်သည်ဟု ဆို၏၊ ယမန်နေ့က လပြည့်နေညဖြစ်၏၊ သူဌေး ဦးပိုင်သည် ခြံကြီးအတွင်း သူ၏ တိရစ္ဆာန်များကို လှည့်ပတ်ကြည့်ရှုနေစဉ် သံလှောင်အိမ်ဖြင့် မွေးထားသော ဝက်ဝံကြီးသည် လှောင်အိမ်မှ လွတ်ထွက်လာပြီးလျှင် သူဌေးဦးပိုင်အား ကုတ်ဖဲ့သတ်ပုတ်သည် ဟုဆို၏၊ ဦးပိုင်၏မျက်နှာတွင် ဝက်ဝံကုတ်သောဒဏ်ရာ ပြင်းထန်စွာရရှိ၏၊ ဝမ်းဗိုက်သည်လည်း ဝက်ဝံကုတ်သောကြောင့် ပွင့်ထွက်ကာ အူများထွက်ကျပြီး သေဆုံးသွားသည်ဟုဆို၏' ဟု ဖော်ပြထားသော သတင်းဆန်း တစ်ပုဒ်ပင် ဖြစ်၏၊ ကျွန်ုပ်သည် ထိုသတင်းကို ဖတ်ပြီးနောက်





"အဘရယ် . . .၊ ဒီလူနှယ် ကြံကြံဖန်ဖန်ဗျာ . . .၊ ကိုယ်ပိုင်တိရစ္ဆာန်ရုံ လုပ်ရတယ်လို့ . . ." ဟု ကျွန်ုပ်က ပြောလိုက်လျှင် အဘက. . .

"ညာကလိရေ . . .၊ အပြစ်မတင်နဲ့ကွ၊ ပိုက်ဆံချမ်းသာတဲ့လူအချို့ဟာ ကတ်သီးကတ်သတ် ပေါကြောင်ကြောင်အလုပ်တွေ စိတ်ဝင်စားတတ်တယ်ကွ၊ ပိုက်ဆံကလည်း ရှိပြန်ဆိုတော့ သူ လုပ်ချင်တာကို လုပ်ခွင့်ရသွားတာပေါ့ကွာ . . .၊ ဒါပေမဲ့ လူတွေရဲ့အသက်ကို ရန်ရှာနိုင်တဲ့တိရစ္ဆာန်မျိုးတွေကိုတော့ သူသဘောနဲ့သူ မွေးခွင့်မရှိဘူးကွ၊ သက်ဆိုင်ရာအစိုးရ သက်ဆိုင်ရာဌာနက ခွင့်ပြုချက်လိုင်စင် ယူရတယ် . . ." ဟု ပြောလေ၏၊

"ဒါမျိုး ဝါသနာပါရင်လည်း တိရစ္ဆာန်ရုံကို သွားကြည့်ပေါ့ဗျာ၊ ကိုယ်တိုင် ငွေကုန်ကြေးကျခံပြီးမွေးဖို့မလိုပါဘူး" ဟု ကျွန်ုပ်က ပြောလျှင် အဘက. . .

"ဒီလိုကွ . . .၊ တိရစ္ဆာန်တွေကို နေ့ဘက်ကြည့်ချင်တာ မဟုတ်ဘူး၊ ညဘက်မှကြည့်ချင်တာဆိုတော့ မင်းပြောသလို တိရစ္ဆာန်ရုံကို အသုံးပြုလို့ မရပြန်ဘူး" ဟု ပြောလေ၏။

"နေပါဦး အဘ၊ သူဌေးဦးပိုင်နဲ့ အဘနဲ့ သိသလား" ဟု ကျွန်ုပ်က မေးလိုက်ရာ အဘက. . .

"ဦးပိုင်က ငါ့ကို မသိပါဘူး၊ ငါက ဦးပိုင်ကို သိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကနေ (၁၇)မိုင်လောက်ဝေးတဲ့နေရာမှာ လေးထောင့်ကန်ဆိုတဲ့ မီးရထားဘူတာလေးရှိတယ်ကွ၊ အဲဒီဘူတာလေးဟာ လေးထောင့်ကန်ဆိုတဲ့ ရွာမှာပေါ့ကွာ၊ အဲဒီရွာက မိန်းမချောလေးတစ်ဦးဟာ ဦးပိုင်ရဲ့မိန်းမကွ၊ ဦးပိုင်ကတော်ပေါ့ကွာ . . .။

အဲဒီဦးပိုင်ကတော်ရဲ့ လက္ခဏာကိုတော့ ငါ ကြည့်ဖူးတယ်ကွ၊ မကြာသေးပါဘူးကွာ၊ ပြီးခဲ့တဲ့လကမှ ကြည့်ဖူးတာပါ သူ့နာမည်က ဒေါ်တင်တင်တဲ့၊ ဒေါ်တင်တင်ဆိုတာ သူ့ရဲ့ဂုဏ်သိက္ခာအလိုက် ဒေါ်တပ်ပြီးခေါ်တာနော်၊ အမှန်ကတော့ ငယ်သေးတယ်ကွ" ဟု ပြောလေ၏။

"ဒါနဲ့ အဘရယ်၊ သူဌေးကတော် ဒေါ်တင်တင်ရဲ့ လက္ခဏာကိုကြည့်တော့ ဘာများထူးထူးခြားခြားတွေ့သလဲ" ဟု ကျွန်ုပ်က မေးလိုက်မိလေ၏။

ထိုအခါ အဘက. . .

"ဒေါ်တင်တင်ရဲ့လက်ကို လိုရမယ်ရထပ်ပြီးလေ့လာနိုင် လေ့လာလို့ရအောင်ဆိုပြီး မင်နဲ့ နှိပ်ယူထားလိုက်သေးတယ်" ဟု ဆိုကာ ဖိုင်တွဲတစ်ခုကို ထုတ်၍ မင်နှိပ်ထားသော လက္ခဏာတစ်ခု၏ ပုံကို ပြလေ၏။

"အဲဒီမှာ အချက်ငါးချက် ပြောပြမယ်" ဟုလည်း အဘက ဆိုလေ၏။

ဆက်လက်၍ အဘက. . .





"၁။ ဒေါ်တင်တင်ရဲ့ အိမ်ထောင်ရေးလမ်းကြောင်းမှာ အနက်စက်တစ်ခုကို တွေ့ရတယ်။

၂။ အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အစွန်မှာလည်း ကြက်ခြေခတ်တစ်ခု ပါနေတယ်။

၃။ အသက်လမ်းကြောင်းအတွင်းဘက်မှာရှိတဲ့ သြဇာလမ်းကြောင်းအဆုံးသော ကြာဂြိုဟ်ခုံပေါ်မှာ ကြယ်တစ်ခု တွေ့တယ်။

၄။ ကံလမ်းကြောင်းဟာ နှလုံးလမ်း ကြောင်းနေရာလောက်မှာ ကြယ်အမှတ်အသားပေါ်နေ တယ်။

၅။ ကံလမ်း ကြောင်းဟာလည်း နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းအလယ်ခေါင်မှာ ပြတ်နေတယ်။

ဒီအချက် (၅) ချက် အရ သူဌေးကတော် ဒေါ်တင်တင်ဟာ ချစ်တဲ့သူနဲ့ မဆုံဆည်းဘူး၊ အိမ်ထောင်ကျပြန်တော့လည်း ယောကျ်ားသေပြီး မုဆိုးမဖြစ်မယ်ဆိုတဲ့ လက္ခဏာပဲ ညာကလိရေ" ဟု ပြောပြလေ၏။

ထို့နောက် အဘက -

"အဲဒီသူဌေးကတော် လက္ခဏာလာကြည့်တုန်းက သူ့လက္ခဏာမှာ တွေ့ရတဲ့အချက်နဲ့ထောက်ပြီး သူ့ကို အစ်အောက်ကြည့်ရတာပေါ့၊ အဲဒီတော့ သူဌေးကတော်ဒေါ်တင်တင်ဟာ လေးထောင့်ကန်ရွာသူ မိန်းမချောလေးပဲ၊ သူဟာ အဲဒီ လေး




www.burmeseclassic.com

www.burmeseclassic.com



ထောင့်ကန် ရွာမှာရှိတဲ့ ဆန်စက်က မိုးသီးဆိုတဲ့ လူငယ်လေး တစ်ယောက်နဲ့ လူငယ်ဘာဝ ချစ်ကြိုးသွယ်မိတယ်ကွဲ့၊ တစ်ဦးကိုတစ်ဦး ခိုင်ခိုင်မြဲမြဲ ချစ်ကြပါတယ်၊



သူဌေးကတော် ဒေါ်တင်ထင်၏လက္ခဏာပုံ

အဲဒီမှာ ဖိုးစိန်လမ်းက ဦးပိုင်က မူလပိုင်ရှင် တရုတ်တွေ လက်ထဲကနေ အဲဒီဆန်စက်ကို ဝယ်ပါလေရော၊ ဦးပိုင်က ပိုက်ဆံလည်း ချမ်းသာတယ်၊ အပေါင်းအသင်းလည်း ဆုံတယ်၊ ဆန်စက်ကို ဝယ်ပြီးတာနဲ့ မိုးသီးကို အလုပ်ထုတ်ပစ်လိုက်ပါလေ





ရော . . .၊ အကြောင်းကတော့ အဲဒီရွာကို ရောက်ကတည်းက တင်တင့်ကို တွေ့မြင်သွားတော့ သူက လိုချင်တယ်လေ . .၊ အဲဒီတော့ မိုးသီးကို စပြီး ဒုက္ခပေးတော့တာပေါ့ . . .၊

ပြီးတာနဲ့ တင်တင့်အမျိုးတွေဆီ လက်ဆောင်ပဏ္ဏာတွေနဲ့ ဝင်တော့တာပဲ၊ တင်တင်အမျိုးတချို့ဟာ အလုပ်အကိုင်မရှိဘူး၊ သူက ဆန်စက်မှာခေါ်ပြီး အလုပ်ပေးလိုက်တယ်၊ တင်တင့်မိဘတွေ ဆီမှာ တင်တင့်ကို တောင်းလားရမ်းလား လုပ်တော့တာပဲ၊ တင်တင်ကတော့ ဦးပိုင်ကို ဘယ်ကြိုက်မလဲ၊ ဦးပိုင်က အသားလည်းမည်း၊ သွားလည်းကျဲ၊ မျက်နှာမှာလည်း ကျောက်ပေါက်မာဗရပျစ်နဲ့၊ အရပ်ကလည်း ပုတုတုကွတတနဲ့၊ သူ့ချစ်သူမိုးသီးနဲ့ယှဉ်လိုက်ရင် ဆီနဲ့ရေလောက် ကွာနေတယ်၊

ဒါပေမဲ့ ဦးပိုင်က ချမ်းသာတယ်၊ ဩဇာအာဏာရှိတဲ့ အသိုင်းအဝိုင်းကို ဝင်ဆံ့တယ်၊ မိုးသီးက ဆင်းရဲတယ်၊ မျက်နှာမရှိ ရှာဘူး၊ ဦးပိုင်ဟာ တင်တင့်ကို အပိုင်စီးချင်တဲ့အတွက် သူ့ကို ငြင်းဆိုတဲ့အကြောင်းအချက်ကိုရှာတော့ မိုးသီးကြောင့်ဆိုတာ သွားတွေ့တယ်၊ အဲဒီအချိန်မှာ ညောင်ပင်သာဆိုတဲ့ လေးထောင့်ကန်နဲ့ သိပ်မဝေးတဲ့ ရွာတစ်ရွာမှာ ဓားပြမှုတစ်ခု ဖြစ်သွားတယ်၊ အဲဒီဓားပြမှုမှာက အိမ်ရှင်ကို ဓားပြက သတ်သွားလို့ လူသတ်မှုပါ ပါနေတယ်၊

အဲဒီတော့ ဦးပိုင်ဟာ အဲဒီဓားပြမှုထဲမှာ မိုးသီးပါတယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ဆိုပြီး သက်သေတွေဘာတွေနဲ့ အကွက်ဆင်တော့တာပဲ၊ ဓားပြတွေကို ဖမ်းမိတဲ့အခါမှာ မိုးသီးပါတယ်လို့ ထွက်ခိုင်းတယ်၊ တိုတိုပြောရရင် မိုးသီးကို အဲဒီဓားပြမှုထဲ ဆွဲထည့်ပြီး ထောင်ကျအောင် လုပ်လိုက်ပါလေရော . . .၊ မိုးသီးဟာ တစ်သက်တစ်ကျွန်းထောင်ဒဏ် ကျခံသွားရရှာတယ် . . .၊ အဲဒီတော့မှ တင်တင့်ကိုရအောင် ငွေအား၊ အပေါင်းအသင်းအားနဲ့ ကြံတော့တာပဲ၊ နောက်ဆုံးမှာ တင်တင့်မိဘတွေက တင်တင့်ကို သူဌေးဦးပိုင်နဲ့ ပေးစားလိုက်ပါလေရော . . .၊

မိုးသီးကတော့ တစ်သက်တစ်ကျွန်းကျနေရာကနေ နိုင်ငံတော်ဘာသာ ဗုဒ္ဓဘာသာလုပ်တဲ့အထိမ်းအမှတ်အတွက် အပြစ်ဒဏ်ကနေ (၁၀)နှစ်လျှော့ပေါ့ခံရတယ်၊ နောက်တစ်ခါ ငြိမ်းချမ်းရေးဆွေးနွေးပွဲအထိမ်းအမှတ်အတွက် သင်ပုန်းချေ ဥပဒေပြဋ္ဌာန်းပြန်တော့ နောက်(၁၀)နှစ် လျှော့ပြန်ရော၊ အဲဒါကြောင့် မိုးသီးဟာ တစ်သက်တစ်ကျွန်းကျတယ်ဆိုပေမဲ့ ထောင်ထဲမှာ သုံးနှစ်လောက်ပဲ နေရပြီး ပြန်လွတ်လာရှာတယ်၊ လွတ်တယ်ဆိုရင်ပဲ မိုးသီးဟာ သူ့ရဲ့ချစ်သူ တင်တင်ကို စုံစမ်းရှာတော့တာပဲ၊ အဲဒီတော့ သူဌေးကတော်ကြီးဖြစ်ပြီး ဖိုးစိန်လမ်းမှာ ခြံကြီးဝန်းကြီး တိုက်ကြီးနဲ့ နေနေရတယ်ဆိုတာ သိရတယ်၊ အဲဒီတော့ မိုးသီးက ဘယ်နေမလဲ၊ တင်တင်နဲ့တွေ့ဖို့ ကြိုးစားတော့တာပေါ့ . . .၊



BURMESE CLASSIC .com



တင်တင်ကလည်း မိုးသီးနဲ့ အဆက်အသွယ်ရတာနဲ့ လေးထောင့်ကန်ရွာကို အလည်သွားဦးမယ်လို့ အကြောင်းပြပြီး မိုးသီးနဲ့ သွားပြီးတွေ့တော့တာပဲ၊ အဲဒီမှာ တင်တင်က မိုးသီးကိုဖက်ပြီး ငိုရှာတယ်၊ မိုးသီးဟာ အတော့်ကို စိတ်ထိခိုက်သွားတယ်၊ သူဌေးဦးပိုင် ကို လက်စားချေဖို့ ဆုံးဖြတ်လိုက်တယ် ဦးပိုင်ဆီက လိုချင်တဲ့ လျှော်ကြေးကတော့ ဦးပိုင်ရဲ့ အသက်ပဲတဲ့ . . .၊ အဲဒီတော့ တင်တင့်ဆီကနေ သိရတဲ့ ဦးပိုင်ရဲ့အကျင့်ဝါသနာကို အသုံးချပြီး ဦးပိုင်ကိုသတ်ဖို့ မိုးသီးက ကြံပါလေရော . . .၊ အဲဒီလိုကြံပြီးတာနဲ့ ခဲကို အရည်ကျိုပြီး သံချွန်တွေမြှုပ်ပြီး ပုံလောင်းလိုက်တယ်၊ ပြီးတော့ အဲဒီခဲတုံးကြီးကို ဝါးရင်းတုတ်မှာ တပ်လိုက်တယ်၊ လသာတဲ့ညမှာ မိုးသီးဟာ ဦးပိုင်ရဲ့ခြံထဲကို ခိုးပြီးဝင်တယ်၊ သူဝင်တဲ့နေရာဟာ ဦးပိုင်ကိုယ်ပိုင်တိရစ္ဆာန်ရုံ လုပ်ထားတဲ့နေရာပဲ၊

မိုးသီးဟာ ပန်းပင်ဘေးမှာ ကွယ်ပြီးစောင့်နေတယ်၊ လပြည့်နေညဆိုတော့ လကလည်း သာလိုက်တာ ထိန်နေတာပဲ၊ အဲဒီအချိန်မှာ ဦးပိုင်ဟာ အရက်သောက်ပြီး သူလုပ်ထားတဲ့ တိရစ္ဆာန်ရုံဘက်ကို ထွက်လာပြီး လှောင်ချိုင့်ထဲက တိရစ္ဆာန်တွေကို စတယ်၊ အဲဒီတော့ မိုးသီးက ပုန်းနေတဲ့နေရာက ထွက်လာပြီး ဦးပိုင်ရဲ့မျက်နှာကို ဘုသီးတပ်ထားတဲ့ တုတ်နဲ့ တအားလွှဲပြီး ရိုက်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com





ဦးပိုင်ဟာ အင့်ကနဲ တစ်ချက်အော်ပြီး လဲကျသွားတယ်၊ မျက်နှာမှာလည်း သံချွန်တွေကြောင့် အစင်းရာ အခြစ်ရာ နက်နက်ကြီးတွေ ပေါ်နေတာပေါ့၊ အဲဒီတော့ ပက်လက်လန်လဲကျပြီး အသက်ငင်နေတဲ့ ဦးပိုင်ရဲ့ ဝမ်းဗိုက်ကို မိုးသီးက သူ့ရဲ့ ခဲတုတ်ကြီးနဲ့ တအားလွှဲရိုက်ပြန်လေရော . . .၊ အဲဒီတော့ ဦးပိုင်ရဲ့ဗိုက်ဟာ ပွင့်ထွက်ပြီး ဝမ်းဗိုက်ထဲကအူတွေ ထွက်လာပါလေရော၊

အဲဒီတော့မှ မိုးသီးဟာ ဝက်ဝံထည့်ထားတဲ့ လှောင်ချိုင့်ကိုဖျက်ပြီး ဝက်ဝံကို မောင်းထုတ်လိုက်ပါလေရော . . .၊ သူကတော့ အိမ်နွေမပျက် လေးထောင့်ကန်ရွာမှာပြန်ပြီးနေတယ်၊ ဒီအကြောင်း အရာတွေဟာ ဒီလောက်ပြည့်ပြည့်စုံစုံကိုတော့ သူဌေးကတော် ဒေါ်တင်တင်ဆီက အပြည့်အစုံသိရတာ မဟုတ်ဘူးနော်၊ သူပြောပြ သလောက်ပေါ်ကနေ ဆက်စပ်ပြီးစဉ်းစားယူတာ . . .၊ ရဲတွေ ရောက်လာပြီး ဦးပိုင်ရဲ့အလောင်းကို လေ့လာတော့ ဝက်ဝံတစ်ကောင်က ကုတ်သတ်သွားတယ်လို့ပဲ အဖြေထွက်တာပေါ့၊ ဝက်ဝံလှောင်ချိုင့်ကလည်း ပျက်ပြီး ဝက်ဝံကြီးက မရှိတော့ဘူးဆိုတော့ ရဲတွေက အဲဒီဝက်ဝံနောက်ကို လိုက်ကြရတယ်၊

နောက်ဆုံးမှာ ဝက်ဝံကြီးကို ကန်တော်ကြီးအလယ်ကျွန်းမှာ သွားပြီးတွေ့ကြတယ်၊ အဲဒီလိုတွေ့တော့ ဝက်ဝံကြီးကို



BURMESE CLASSIC .com





ရိုင်ဖယ်သေနတ်နဲ့ ပစ်သတ်လိုက်ရတယ်၊ အဲဒီလိုမလုပ်ရင်လည်း ဝက်ဝံကြီးဟာ တခြားလူတွေကို ဒုက္ခပေးဦးမှာကိုး၊ တိုတိုပြောရရင် ရဲကလည်း ဦးပိုင်မွေးထားတဲ့ ဝက်ဝံကြီးဟာ လှောင်ချိုင့်ကို ဖျက်ထွက်လာပြီး ဦးပိုင်ကို လက်သည်းနဲ့ ကုတ်သတ်သွားတယ်လို့ပဲ ယုံကြည်ပြီး အမှုကို ပိတ်လိုက်ပါလေရော . . .”ဟု အဘက ရှင်းပြလေ၏။

ထိုအခါ ကျွန်ုပ်က. . .

“နောက်တော့ ဘာဖြစ်သေးသလဲ”ဟု မေးလိုက်ရာ အဘက. . .

“ဦးပိုင်မသေခင်က ဒေါ်တင်တင်လာကြည့်တာနော်၊ ငါ သိရတဲ့အပိုင်းကတော့ ဦးပိုင်က မိုးသီးကို ဒုက္ခပေးခဲ့ပုံ၊ မိုးသီး ထောင်ကျသွားပုံ၊ ဒေါ်တင်တင်ကို ဦးပိုင်က သိမ်းပိုက်လိုက်ပုံ အထိပဲ သိတာကွ၊ ဦးပိုင်သေဆုံးပုံက ငါ့ဟာငါ စဉ်းစားပြီး ပြောတာ၊ နောက်ဘာဖြစ်ဦးမလဲဆိုတော့ သူဌေးကတော် မုဆိုးမ ချောချောမောမောလေး တင်တင်နဲ့ တစ်ကျွန်းပြန်မိုးသီးတို့ ပျော်ရွှင်စွာ ပေါင်းဖက်ကြလေတော့သတည်းပေါ့ကွာ . . .”ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. . .

“အဘ ဆက်စပ်ပြီးစဉ်းစားတာဟာ အတော့်ကို အကွက်စေ့တာပဲ၊ ရဲတွေကို သွားပြီးပြောပြလိုက်ပါလား. . .”



www.burmeseclassic.com



www.burmeseclassic.com




ဟု ပြောလိုက်လျှင်. . .

"အဲဒါ လက္ခဏာဆရာအလုပ်မဟုတ်ဘူးကွ၊ လက္ခဏာဆရာက သိတာတွေလျှောက်ပြီးပြောလို့ မရဘူးကွ၊ ပြီးတော့လည်း မကွဲချင်ဘဲ ကွဲသွားရတဲ့ ချစ်သူနှစ်ဦးကိုလည်း ပျော်ရွှင်စွာပေါင်းကြလေသတည်းနဲ့ ဇာတ်သိမ်းချင်တယ်ကွာ . . .၊ ငါ့ရင်ထဲမှာရှိတဲ့ အတိုင်းပြောရရင် မတရားချစ်သူကိုလုယူပြီး ကိုယ့်ကိုထောင်ကျအောင်လုပ်သွားတဲ့လူကို ပီပီပြင်ပြင်လက်စားချေပြီး ချစ်သူကိုရအောင် ပြန်လုပ်နိုင်တဲ့ မိုးသီးကို ငါက ကြိတ်ပြီး ဩဘာပေးနေတာကွ . . ." ဟု အဘက ပြောလိုက်လေတော့သတည်း။

BURMESE CLASSIC .com

အနီယာ ဟောန္လ
**အရှုံးညာကသိ**
(အဘ၏ ထမင်းချက်)



အောင်မြင်စာပေ

www.burmeseclassic.com